# ပထမအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# (၁၃)ကြိမ်မြောက်ပုံမှန်

# အစည်းအဝေး

# မှတ်တမ်း

D/sixth marticar(1)

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း | |
| (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၃) | ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌပြောကြားသည့် နှုတ်ခွန်းဆက်စကား။ | ၃ |
| (၄) | ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၆ |
| (၅) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ | ၆ |
| (၆) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ | ၁၁ |
| (၇) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ | ၂၄ |







| | | |
|---|---|---|
| | နိုင်ခြင်းရှိ/မရှိ"နှင့်စပ်လျဉ်းသည့် မေးခွန်း။ | |
| (၄) | "ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ နမ့်ဆန်မြို့တွင် နမ့်ဆန်-သီပေါလမ်း၏ ထပ်ပိုးလွှာကတ္တရာခင်းရန် ကျန်ရှိသည့် ၃ မိုင် ၂ ဖာလုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ၏ ရန်ပုံငွေဖြင့် ကျခံသုံးစွဲရန် အစီအစဉ်ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၃၄ |
| (ခ) | ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ | |
| (၁) | "လွိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာအုပ်စု၊ နောင်ဆိုင်ကျေးရွာ၊ နောင်ဆိုင်ကိုယ်ထူကိုယ်ထမူလတန်းကျောင်းကို အစိုးရမူလတန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ပေးနိုင်ပါရန် " နှင့်စပ်လျဉ်းသည့် မေးခွန်း။ | ၃၇ |
| (၂) | " လွိုင်လင်မြို့နယ်၊ နားလမ်းကျေးရွာအုပ်စု၊ ဟွေတောက်ချောင်းကူးတံတားသည် ဟောင်းနွမ်း ပျက်စီးနေပါသဖြင့် | ၄၀ |

၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ”နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) “လှိုင်လင်မြို့နယ်၊ ပန်မုန့်ကျေးရွာ ၄၂
အုပ်စု၊ နောင်ခမ်းသစ်သားတံတား ယိုယွင်းပျက်စီးနေပါသဖြင့် ပြည်နယ်အစိုးရအနေဖြင့် ကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာ ၄၅
ရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းသော ၅၇
ရှမ်းပြည်နယ် ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသောလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းများ ၆၀
အတွက် ဘဏ္ဍာတော်အခကြေးငွေ(Royalty Fees) ကောက်ခံရေးဆိုင်ရာအမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၁၅ အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။





(၇) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို ၂၅
သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ၏

(၁) “ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ၂၅
ဒေသ နမ့်ဆန်မြို့တွင် မြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်ခွင့်ပြုပါရန်” နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) “ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ၂၇
ဒေသ နမ့်ဆန်မြို့၊ မြို့သစ်ကျေးရွာ ၁၆ ကုတင်ဆံ့ဆေးရုံတိုးမြှင့်ဆောင်ရွက်ပေးရန် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ” နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) “ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ၃၀
ဒေသ နမ့်ဆန်မြို့တွင် လမ်း၊ တံတားလုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေပေးပါက ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသအလိုက် ဈေးနှုန်းများသတ်မှတ်၍ ခွင့်ပြုပေး

(၁၁) ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၆၅

(၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ထိ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန လမ်း၊ တံတား၊ ရေပေးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၆၈

(၁၃) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခြင်း။ ၇၄

(၁၄) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၈၁

**(ခ) (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၃

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၄

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၈၅





(ဃ) ဦးအောင်ထွဏ်း၊ နမ့်ဆန့်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) “ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် နောင်လာမည့်ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသဦးစီးအဖွဲ့မှ တိုက်ရိုက် စီမံခန့်ခွဲမှုပြုလုပ်နိုင်ခြေ ရှိ/ မရှိ”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၇

(၂) “ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် လျှပ်စစ်ကဏ္ဍလျာထားချက်တွင် ပါရှိပြီးဖြစ်သော ကျေးရွာများအား လျှပ်စစ်မီး သွယ်တန်းရရှိရေးကိစ္စနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း”နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၀၄

(၃) “ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့ ပိုလျှံနေသော မဟာဓာတ်အားလိုင်းမှ ဓာတ်အားများကို လိုအပ်နေသော ကျေးရွာများသို့ ဖြန့်ဝေပေးနိုင်မှု ရှိ/မရှိ”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၀၅

(င) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ "လွိုင်လင်မြို့နယ်၊ဟွေတောက် ကျေးရွာအုပ်စု၊ ရန်အောင်ကျေးရွာတွင် ရန်အောင်ဘုန်းတော်ကြီးကျောင်း တည်ဆောက်မှု လုပ်ငန်း အဆင်ပြေချောမွေ့ စေရေးအတွက် အစိုးရဘက်မှမည်သို့ကူညီ လှူဒါန်းနိုင်သည်ကို သိရှိလိုပါသည်"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၀၈

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၁၁

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်က ရှင်းလင်း ဆွေးနွေး ခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၇၀

(၈) ရှမ်းပြည်နယ် ဥပဒေချုပ်ရုံးက စိစစ်ပြီးသော စာချုပ် များအား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၁၇၁

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဖွံ့ဖြိုး တိုးတက်မှု ပထမငါးနှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ မှ ၁၇၉





(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ ၈၅

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး၏ ညောင်ရွှေမြို့နယ်အတွင်း မြေကွက်ရိုက်ခြင်း၊ ရောင်းချခြင်းများ ပြုလုပ်နေကြောင်း ညွှန်ကြားချက်များ အတိုင်း လိုက်နာဆောင်ရွက်မှု မရှိသည်ကို တွေ့ရှိရပါသဖြင့် တည်ဆဲ ဥပဒေအရ ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၈၈

(ခ) ဒေါ်တင်မေထွန်း၊တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏တာချီလိတ်ခရိုင်၊ ကျိုင်းလပ် မြို့တွင် ကျာခမ်းဆောင်၊ ကျခမ်းတဲ၊ ကျာဘိုခမ်းရှိ ပြည်သူများအတွက် မြန်မာ-လာအို ချစ်ကြည်ရေးတံတား ဖြတ်သန်းခအား ကင်းလွတ်ခွင့် ပေးနိုင်ခြင်း ရှိ/မရှိ"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၉၀

(ဂ) ဦးစောလုံ၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏"ရှမ်းပြည်နယ်အလံကိုပြည်ထောင်စု အလံနှင့်အနည်းငယ်တစ်ဆင့်နိမ့်ယှဉ်တွဲ စိုက်ထူရန်အစီအစဉ်ရှိ/မရှိ"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၉၄

၂၀၁၅-၂၀၁၆ထိ ဆောင်ရွက်ပြီးစီးမှု အခြေအနေ အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့်နှိမ်နင်းရေး ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။ ၁၄၂

(၁၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့်နှိမ်နင်းရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၄၅

(၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ(မူကြမ်း) နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။ ၁၄၇

(၁၃) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ(မူကြမ်း) နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၅၀

(၁၄) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ(မူကြမ်း) နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ ၁၅၁

ဖတ်ကြားရှင်းလင်းခြင်း။

(၁၅) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ(မူကြမ်း) နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၁၅၄

(၁၆) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြခြင်း။ ၁၅၆

(၁၇) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၁၆၃

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့)မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက်**

**၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်**

**[ ကြာသပတေးနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။





## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြောကြားသည့် နှုတ်ခွန်းဆက်စကား

ဥက္ကဋ္ဌ ။ အစီအစဉ်များကို ဆက်လက်ပြီး မဆောင်ရွက်မီမှာ နှုတ်ခွန်းဆက်စကား အနည်းငယ် ပြောကြားလိုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပြီး ယခုလို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းပြီးစီးခါနီး ခေါ်ယူတဲ့ အစည်းအဝေးမှာ စုံစုံလင်လင်တွေ့ရှိရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ကြိုဆို နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့တစ်တွေဟာ သက်တမ်း(၄)နှစ်ကျော် (၅)နှစ်ပြည့်တော့မည့်အတွင်းမှာ ပြည်သူ့အကျိုး ပြည်နယ်အကျိုး၊ နိုင်ငံတော်ရဲ့ အကျိုးကို ရှေ့ရှုပြီးတော့ ပြည်သူတို့ရဲ့ အပ်နှင်းထားတဲ့ တာဝန်ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှာ လွှတ်တော်အစည်းအဝေးတာဝန်နှင့် လွှတ်တော်ပြင်ပ တာဝန်များက တတ်နိုင်သလောက် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ခဲ့ခြင်းဟာ လွှတ်တော်၏ တာဝန်ရှိမှု ၊တာဝန်ယူမှု အပိုင်းကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများက အများပြည်သူသိရှိလက်ခံအောင် ဆောင်ရွက်ပေးလိုက်ခြင်းဘဲ ဖြစ်

ပါတယ်။ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဆောင်ရွက်ချက်များဟာ အားသာချက်၊ အားနည်းချက်များရှိနိုင်မှာ ဖြစ်သလို သက်တမ်း (၅)နှစ်အတွင်း မပြီးပြတ်တဲ့လုပ်ငန်းများလည်း ကျန်ရှိကောင်းကျန်ရှိနေမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဆောင်ရွက်စရာရှိတာများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့သလို ကျန်ရှိတဲ့အချိန်အတွင်း ဆောင်ရွက်ရန် ကျန်တဲ့လုပ်ငန်းများကိုလည်း ပြီးပြတ်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရာမှာ လွှတ်တော်အဆင့်ဆင့်ဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်လျက်ရှိပါတယ်။ လွှတ်တော်များဟာ အားကောင်းရန် လိုအပ်ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အရည်အသွေး၊ အရည်အချင်းပြည့်ဝဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ပထမအကြိမ် လွှတ်တော် ဆောင်ရွက် ချက်များရဲ့အားသာချက်၊ အားနည်းချက်များကို မျက်ဝါးထင်ထင်တွေ့မြင်ရပြီးဖြစ်လို့ မကြာမီပေါ် ပေါက်လာတော့မဲ့ ဒုတိယအကြိမ် လွှတ်တော် အတွက်အားသစ်လောင်းပေးခြင်းဘဲဖြစ်ပါတယ်။ ပထမအကြိမ် လွှတ်တော်ထက် ဒုတိယအကြိမ် လွှတ်တော်ဟာ အရည်အသွေးရော အရည်အချင်းပါ ပိုမိုပြည့်စုံကောင်းမွန်အောင် ကြိုးပမ်းအားထုတ်ဖို့ မျှော်လင့်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ အရ ပြီးခဲ့တဲ့ ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) အထိ ဒေသန္တရစီမံကိန်း ဥပဒေ ၅ ခု ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ၈ ခုနဲ့ အများပြည်သူနဲ့ သက်ဆိုင်တဲ့ ဥပဒေ ၉ ခုတို့ကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ဥပဒေပြဋ္ဌာန်းရာမှာ ဥပဒေရဲ့ အနှစ်သာရပိုင်း၊ ဥပဒေရေးထုံးအပိုင်းနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့် ညီညွတ်ရမှာဖြစ်တဲ့အတွက် ဥပဒေရေးဆွဲရာမှာ



D/real(wide) (2



ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ(၁၃၉)ဦးရှိသည့် အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၈၆. ၃၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက် ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄ ၊ အပိုဒ်ခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅ ၊ အပိုဒ်(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

မျှော်မှန်းသလောက် မဆောင်ရွက်နိုင်သေးကြောင်း တွေ့ရှိရပါတယ်။ ဥပဒေပြုရေးနှင့် စပ်လျဉ်းပြီး အတွေ့အကြုံနည်းပါးသည့်ကြားထဲမှာ ဖော်ပြပါဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ယခုအစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) မှာ တင်သွင်းခဲ့တဲ့ ဥပဒေကြမ်း ၃ ခုကို ဥပဒေပြုရေးဆိုင်ရာကော်မတီက ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၃၉၊ နည်းဥပဒေခွဲ (ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပြီးပါက နည်းဥပဒေတို့ကို အတည်ပြုရမှာဖြစ်ပါတယ်။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းအတွက် ကော်မတီ(၆)ခုနဲ့ ကော်မရှင်(၁)ခု ဖွဲ့စည်း ဆောင်ရွက်တဲ့ နေရာမှာ ကော်မတီများရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ပူးပေါင်းတာဝန်ယူမှုများကို လွှတ်တော်အနေနဲ့ မှတ်တမ်းတင်ထားမှာဖြစ်ပါတယ်။ လွှတ်တော်ကော်မတီတွေက လွှတ်တော်ရှိတဲ့အချိန်မှာ လွှတ်တော်ကိုတာဝန်ခံရသလို လွှတ်တော်မရှိတဲ့ အခါမှာလည်း လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရတာဖြစ်ပါတယ်။ ထို့အတူဘဲ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လွှတ်တော်အတွင်းအပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှု မေးမြန်းဆွေးနွေးမှုများကို မှတ်တမ်းတင်ထားမှာ ဖြစ်ပါတယ်။

ယခု(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ မေးခွန်းများနဲ့ နောက်ထပ်လက်ခံရရှိတဲ့ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကိုဆောင်ရွက်သွားဖို့ရှိပါတယ်။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်သို့တင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူဖို့လည်းရှိပါတယ်။ နိဂုံးချုပ်အားဖြင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဟာ အလွှာအသီးသီး၊ ဒေသအသီးသီးက တိုင်းရင်းသားများဖြစ်ကြသလို ပါတီ





လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်က သော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွှန့်ဝင်း၊ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ**။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်ဝကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဦးညွှန့်ဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ အကြောင်းအမျိုးမျိုးနှင့် တက်ရောက်နိုင်ခြင်း မရှိသည့် အောက်ဖော်ပြပါ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း (၁၉)ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရတဲ့အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန်လျှောက်ထား တင်ပြလာမှု အပေါ်တွင် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၂)ရက်။

(၂) ဦးခွန်ထွန်းလူ(ခ)ဦးထွန်းလူ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၂)ရက်။

(၃) ဦးအီးရှာမွေ၊ မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၂)ရက်။

(၄) ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၂)ရက်။

(၅) ဦးစိုင်းလောင်(ဝ်)ခမ်း(ခ)စိုင်းအိုက်ဖူ၊ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်။

(၆) ဗိုလ်မှူးဇော်လွင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၂)ရက်။

(၇) ဗိုလ်မှူးသန်းထွန်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၂)ရက်။

(၈) ဗိုလ်မှူးလှထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၂)ရက်။

(၉) ဗိုလ်မှူးရဲလွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၂)ရက်။

(၁၀) ဗိုလ်မှူးအောင်သူခိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၂)ရက်။





အဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်များလည်းဖြစ်ကြပါတယ်။ သက်တမ်း (၅)နှစ်အတွင်း ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ လွှတ်တော်တာဝန်များကို ဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တူညီတဲ့ ရည်မှန်းချက်ကတော့ ပြည်သူတို့ရဲ့ ဘဝအေးချမ်းသာယာရေး၊ ပြည်သူတို့ရဲ့ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ အတွက်ဘဲဖြစ်ပါတယ်။ ပထမအကြိမ်လွှတ်တော်ရဲ့ ကျန်ရှိတဲ့ကာလ အတွင်းမှာ ဆောင်ရွက်စရာရှိတာများကို တာဝန်ကျေကျေ ဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ အပိုဒ်(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ ၊ အပိုဒ်(က)အရ ခွင့်ပန်ကြားလိုသည့် ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်

(၁၁) ဗိုလ်မှူးသန်းလွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်။

(၁၂) ဗိုလ်မှူးမျိုးထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်။

(၁၃) ဗိုလ်မှူး/ဗိုလ်ကြီးညီညီမင်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်။

(၁၄) ဗိုလ်ကြီးမြင့်ထွန်းနိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်။

(၁၅) ဗိုလ်ကြီးစိုးခိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်။

(၁၆) ဗိုလ်ကြီးဆန်းလင်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်။

(၁၇) ဗိုလ်ကြီးဖြိုးမိုးအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်။

(၁၈) ဦးကျော်မြင့်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်



D/real(wide) (2



**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။**
အားလုံးမင်္ဂလာပါ။ ကျွန်တော်တို့ ဒီနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်ကနေပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ်ရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၅ ခုနှစ် ပထမ(၆)လပတ်အထိ

အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းရေးဆွဲထားမှု အခြေအနေများနဲ့ပတ်သက်ပြီး တင်ပြလိုပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်ရဲ့ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဘိုးကို (၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းများအရ)ကျပ်သန်းပေါင်း (၃၈၆. ၇၆၃၁) ဘီလီယံအထိ ရရှိဖို့ ရည်မှန်းခဲ့တာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ပထမ(၆)လပတ်(စက်တင်ဘာလကုန်)အထိ အကောင်အထည်ဖော်နိုင်မှုအခြေအနေကတော့ ဗဟိုစာရင်းအရ ကျပ်သန်းပေါင်း (၁၂၄. ၅၆၈၅) ဘီလီယံ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်တာဖြစ်တဲ့အတွက် တစ်နှစ်လုံးစီမံကိန်း ရည်မှန်းချက် အပေါ် (၃၂. ၂)ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူကာလနဲ့ နှိုင်းယှဉ်ရင် (၅. ၂)ရာခိုင်နှုန်း တိုးတက်လာတာကို တင်ပြလိုပါတယ်။

စီမံကိန်းရည်မှန်းချက်များကို ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံတော်သမ္မတကြီး လမ်းညွှန်မှု ပြုထားတဲ့ ပြည်သူများကို တိုက်ရိုက်အကျိုးပြုစေမည့် ဦးစားပေး နယ်ပယ်ကဏ္ဍများဖြစ်တဲ့ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အခြေခံရေးဆွဲဆောင်ရွက်ထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်သူများ တိုက်ရိုက် အကျိုးပြုခံစားရမည့် ဦးစားပေးအစီအစဉ်များနှင့်အညီ ရေးဆွဲ ဆောင်ရွက်ထားပါတယ်။ ပြည်သူဗဟိုပြုဘက်စုံဖွံ့ဖြိုးတိုးတက်ရေး



D/real(wide) (6



(၁၉) ဦးရှာမွေလရှုန်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်။

ဒီကနေ့ ခွင့်လျှောက်ထားသူ အားလုံး(၁၉)ဦးရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ အပိုဒ်(ဂ)၊ အပိုဒ်ခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။)**

စီမံကိန်းများကို ဗဟိုချုပ်ကိုင်မှု လျှော့ချရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

မိမိဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူတွေပါဝင်တဲ့ ပြည်သူလိုအပ်ချက်တွေ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့အတွက် ပြည်သူများရဲ့ အဆိုပြုတင်ပြချက်များအပေါ် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်လျက် ရှိပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ရှမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့ တင်ပြရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာမှာ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန၏ အကြောင်းကြားချက်အရ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနအဖွဲ့အစည်းများ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ စိစစ်ရေးဆွဲပြီး ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၁၉၀(ခ)"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရ အသုံးခန့်မှန်းခြေငွေစာရင်းနှင့်အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်သွင်းရမည်"ဟု ပြဋ္ဌာန်းထားပါတယ်။

နှစ်လတ်ဘဏ္ဍာရေးမူဘောင်နှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ၂၀၁၅-၂၀၁၆



D/real(wide) (7



အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်နယ်အစိုးရအဖွဲ့မှ စိစစ်လျှော့ချပြီးဖြစ်ပေါ်လာသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်းအရ ရငွေကျပ်သန်း(၃၃၂၉၃. ၁၆၁)သန်းဖြစ်ပါတယ်။ ယင်းရငွေမှာ ပြည်နယ်အစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သော ဝန်ဆောင်မှုလုပ်ငန်းမှရရှိသည့် ဘဏ္ဍာတော်အခကြေးငွေ(Royalty Fees)၊ ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ရေအားလျှပ်စစ်မှရငွေ၊ ပြတိုက်ဝင်ကြေး၊ ၃% နယ်စပ်ဖြတ်သန်းခ၊ အင်းလေးဇုန်ဝင်ခွင့်မှ ကောက်ခံရငွေတို့အပြင် ယခုဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးသည့် သွင်းကုန်တင်သွင်းမှု အပေါ်ကောက်ခံရရှိငွေမှအပဖြစ်သည့် ကျပ်ငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရရှိငွေ၏ ၁၅% အခွန်ဝေစုအရ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်မှခွဲဝေရရှိသည့်ငွေရပ်ကျပ်သန်း(၁၄၀၀. ၂၉၀) အားပြည်နယ်အစိုးရအဖွဲ့၏ သာမန်ရငွေမှာ ထည့်သွင်းလျာထားပါတယ်။

ပြည်နယ်ဘဏ္ဍာရန်ပုံငွေရငွေမှာ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံရရှိသောရငွေများ ပါဝင်ပြီး ယင်းရငွေများဖြင့် ပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းများအတွက် ပြန်လည်အသုံးပြုသွားရန် လျာထားပေးထားပါတယ်။ သာမန်အသုံးစရိတ်ကျပ်သန်းပေါင်း(၉၅၀၈၉. ၂၃၄)သန်းမှာ လစာစရိတ်နှင့်ချီးမြှင့်ငွေအတွက် ၃၂. ၇၄%၊ အခြားအုပ်ချုပ်မှုဆိုင်ရာအသုံးစရိတ်များအတွက် ၁၂. ၁၂%၊ ဒေသဖွံ့ဖြိုးရေးအတွက် ၄၉. ၀၆%နှင့်ထောက်ပံ့ငွေ အသုံးစရိတ်အတွက် ၆. ၀၈% အသီးသီးရေးဆွဲထားကြောင်းတင်ပြအပ်ပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း(၁၅၄၆၁၁. ၉၂၇)အနက် ဌာနအဖွဲ့အစည်းများ၏ ဆောက်လုပ်ရေး

လုပ်ငန်းများအတွက် ကျပ်သန်း(၃၁၂၇၃. ၃၃၈) ၂၀. ၂၂%တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အဆောက်အဦ ဆောက်လုပ်ခြင်းအတွက် ကျပ်သန်း(၅၅၀၀)နှင့် ပြည်နယ်လွှတ်တော် အဆောက်အဦ ဆောက်လုပ်ရန် ကျပ်သန်း(၄၄၅၈. ၀၀၀) ပါဝင်ပါတယ်။ ဌာနအဖွဲ့အစည်းများအတွက် လိုအပ်သော စက်ကိရိယာ၊ ပရိဘောဂ၊ ယာဉ်နှင့်အခြားလုပ်ငန်းများအတွက် ကျပ်သန်း (၂၆၁၀. ၄၁၈) ၁. ၆၉%သုံးစွဲရန် လျာထားပေးထားပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကျပ်သန်း (၁၂၀၇၂၈. ၁၇၁) ၇၈. ၀၉% လျာထားပါတယ်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ-

(က) ဆည်မြောင်းဦးစီးဌာနမှ တူးမြောင်း၊ ရေသွင်းမြောင်းများ ပြုပြင်ရေး၊ ရေလွှဲဆည်၊ ရေတံခါး၊ ရေပိုလွှဲ၊ ဆည်တမံ၊ ကန်၊ တံတားများ ဆောင်ရွက်နိုင်ရေးအတွက် ကျပ်သန်းပေါင်း (၁၀၉၅၁. ၃၅၀) သန်း

(ခ) ကုန်းမြင့်လယ်ယာမှ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းများ ဆောင်ရွက်နိုင်ရေး ကျပ်သန်းပေါင်း(၁၄၀. ၁၇၇)သန်း။

(ဂ) စက်မှုလယ်ယာဦးစီးဌာနမှ စနစ်တကျ လယ်ယာမြေဖော်ထုတ်ရေးဧက(၄၀၀) ဆောင်ရွက် နိုင်ရန်အတွက် ကျပ်သန်းပေါင်း (၂၈၉. ၈၀၀)သန်း။

(ဃ) ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လမ်း၊ တံတား၊ ပညာရေး၊ကျန်းမာရေး၊ ရေရရှိရေး၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေးနှင့် သာသနာရေး



D/real(wide) (8



ခုဘဏ္ဍာရေးနှစ် မှစတင်ပြီး ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ ပြည်နယ် များ၏ လိုငွေဖြည့်ဆည်းရန် ထောက်ပံ့ပေးမည့် ပမာဏကို တိုင်းဒေသကြီး/ပြည်နယ်များ၏ စုစုပေါင်းလူဦးရေ၊ ဆင်းရဲမှုညွှန်ကိန်း၊ မြေဧရိယာ အကျယ်အဝန်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေအချိုး၊ တစ်ဦးကျ အခွန်ကောက်ခံရရှိမှု လူတစ်ဦးစီ၏ ပျမ်းမျှအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဘိုးစသည့် ညွှန်ကိန်း(၆)ခုဖြင့် ချိန်ထိုး တွက်ချက်ပြီး နိုင်ငံတော်၏ လိုငွေနှင့်ဂျီဒီပီအချိုးကို ၅%ထက် မကျော်လွန်စေရန် သတ်မှတ်ရေးဆွဲခဲ့သည့်အပြင် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေကို ဥပဒေနှင့်အညီ ယခင်နှစ်လျာထားချက်အတိုင်း ထည့်သွင်း လျာထားပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်နယ် လွှတ်တော်မှ အတည်ပြုပြီး ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြခြင်းမပြုမီ ဒုတိယသမ္မတက စိစစ်သည့်အခါမှာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီး၏ လိုငွေအတွက် နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်တဲ့ငွေပမာဏပေါ်မှာ မူတည်ပြီးပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်ကို ထောက်ပံ့ပေးမည့် ပမာဏကတော့ ဘတ်ဂျက်လိုငွေအတွက် ဖြည့်ဆည်းခြင်း ကျပ်သန်းပေါင်း(၂၁၆၄၀၈)သန်းနှင့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်း(၅၅၀၀)ထောက်ပံ့ပေးခဲ့ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နှစ်လတ်ဘဏ္ဍာရေးမူဘောင်အတွင်း ဖြစ်စေရန်အတွက် ဌာနအဖွဲ့အစည်းများမှ တင်ပြထားတဲ့

လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျပ်သန်းပေါင်း (၂၀၀၀၀)သန်း။

( င ) စိုက်ပျိုးရေးဦးစီးဌာနမှ စံပြစိုက်ကွင်း၊ မျိုးကောင်း၊ မျိုးသန့်များ ထုတ်ယူသုံးစွဲနိုင်ရေးနှင့် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် မျိုးစေ့သန့်စင်စက် ဝယ်ယူခြင်း။

( စ ) ငါးလုပ်ငန်းဦးစီးဌာနမှ အင်းလေးကန် ရေရှည်တည်တံ့စေရေး အကောင်အထည်ဖော်ထိန်းသိမ်း ဆောင်ရွက်ခြင်း။

(ဆ) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တိုးချဲ့ရင်းနှီးမြှုပ်နှံမှု(မြို့၊ ရွာ 11KV/400V ဓာတ်အားလိုင်း၊ ထရန်စဖော်မာ)၊ အစားထိုး ရင်းနှီးမြှုပ်နှံမှုများဖြစ်သော (Line/11KV တိုင်၊ 400V ဓာတ်အားလိုင်း၊ ကြိုး)ဆောင်ရွက်နိုင်ရေး နှင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် ကျပ်သန်းပေါင်း (၁၆၀၈၀. ၀၀၀) သန်း။

( ဇ ) အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစား ကွင်းများ တိုးချဲ့ပြင်ဆင်ရေး ဆောင်ရွက်နိုင်ရန်။

( ဈ ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တောင်ကြီး (အေးသာယာ)၊ ဟိုပုံးမြို့များမှာ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ် နိုင်ရေး။

(ည) လမ်းဦးစီးဌာနမှ ကတ္တရာလမ်းခင်းခြင်း၊ ပြင်ဆင်ခြင်း၊ သံကူကွန်ကရစ်တံတားနှင့်





၄၇. ၈၂၆ ဘီလီယံသုံးစွဲခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၉၆. ၂၇၈ ဘီလီယံသုံးစွဲခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် အမှန်စာရင်းအရ ကျပ် ၁၆၃. ၃၀၉ ဘီလီယံ သုံးစွဲခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ရှေ့ပြေးအမှန်စာရင်းအရ ကျပ် ၃၆၈. ၀၈၇ ဘီလီယံနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ကျပ်၂၅၁. ၆၁၃ ဘီလီယံ သုံးစွဲခဲ့ကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားလည်ပတ်မှုအတွက် သုံးစွဲရသည့် သာမန်အသုံးစရိတ်များနှင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုများ အတွက် သုံးစွဲရသည့် ငွေလုံးငွေရင်းအသုံးစရိတ်များကို တိုးမြှင့် သုံးစွဲခဲ့သည့်အလျောက် ပြည်ထောင်စုက ပြည်နယ်၏လိုငွေ ဖြည့်ဆည်းပေးခဲ့မှုများအနေဖြင့် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် အမှန်စာရင်းအရ ကျပ် ၂၃. ၅၁၈ ဘီလီယံ ဖြည့်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာအမှန်စာရင်းအရ ကျပ် ၅၅. ၀၈၂ ဘီလီယံ ၂၀၁၃-၂၀၁၄ ခုနှစ် အမှန်စာရင်းအရ ကျပ် ၆၇. ၅၄၈ ဘီလီယံ သုံးစွဲခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ရှေ့ပြေးအမှန်စာရင်းအရ ကျပ် ၂၂၃. ၈၀၉ ဘီလီယံနှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအရ ကျပ် ၂၀၈. ၀၂၂ ဘီလီယံ ဖြည့်ဆည်းပေးခဲ့ကြောင်း တင်ပြလိုပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းကို ရငွေကျပ် ၃၃. ၂၉၃ ဘီလီယံ၊ အသုံးစရိတ်ကျပ် ၂၄၉. ၇၀၁ ဘီလီယံဖြစ်ပါတယ်။ ပြည်ထောင်စု ထောက်ပံ့ငွေကျပ် ၂၁၆. ၄၀၈ ဘီလီယံဖြင့် ရေးဆွဲထားကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန အဖွဲ့အစည်းများ၏ လစာစရိတ်နှင့်အခြားအုပ်ချုပ်မှုဆိုင်ရာ



D/real(wide) (9

အသုံးစရိတ်များ ပါဝင်သော သာမန်အသုံးစရိတ်ကို ဦးစားပေး စိစစ်တွက်ချက်ရေးဆွဲခဲ့ပြီးတော့မှ ကျန်ထောက်ပံ့မှုတွေကိုတော့ ပြည်သူကို တိုက်ရိုက်အကျိုးပြုမည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေ ရရှိရေး၊ ဆည်မြောင်းတာတမံ ရေကန်ရေနုတ်မြောင်း တူးဖော်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးနှင့် မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် စည်ပင်သာယာရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက် ထားတာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၆-၂၀၁၇ခု ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ လွှဲပြောင်းပေးပို့သော ထောက်ပံ့ငွေ အသုံးစရိတ်နှင့် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သော အသုံးစရိတ်စာရင်းအနေနှင့် နိုဝင်ဘာလကုန်အထိ ဆောင်ရွက်ပေးနိုင်မှုမှာ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းများ၊ ရုံးဆောက်လုပ်ခြင်း၊ အိမ်ရာစီမံကိန်း နှင့်လယ်မဲ့ယာမဲ့များအတွက် လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း များတွင် ကျပ်သန်းပေါင်း ၅၄၈၀ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သော လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် လမ်းတံတားလုပ်ငန်းများမှာ ကျပ်သန်းပေါင်း ၁၀၂၆၂. ၇၉၀၈၊ သဘာဝဘေးဒဏ်အတွက် ထောက်ပံ့ခြင်း၊ ကျပ်သန်းပေါင်း ၃၅၁၅. ၀၇၇၈သန်းနှင့် အင်းလေးဇုန်ဝင်ငွေမှ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ကျပ်သန်းပေါင်း ၁၄၅၀ ကုန်ကျခံပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ဒေသအသီးသီးမှာ လိုအပ်ချက်များကိုလည်း စီမံကျခံပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။



D/real(wide) (1



ရေပြွန်တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်းနှင့် မြေကာနံရံများ တည်ဆောက် နိုင်ရေး။

( ၄ ) စည်ပင်သာယာရေးဌာနမှ လမ်းတံတားတည်ဆောက် ရေးလုပ်ငန်းများ၊ ရေပေးရေးလုပ်ငန်း၊ ကတ္တရာ ဝယ်ယူခြင်း၊ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ အမှိုက်သိမ်းယာဉ်များ ဝယ်ယူခြင်းနှင့် မြို့ပြ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး။

( ၅ ) မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်၊ ရေသယ် ယာဉ်၊ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများဝယ်ယူနိုင် ရေး။

( ၃ ) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ရာတွင် အသုံးပြုနိုင်ရေးတို့အတွက်ကို စီမံရေးဆွဲထား ကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ သက်တမ်း ကာလအတွင်းမှာ ပြည်နယ်၏ နှစ်စဉ်ရငွေ တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ပြည်နယ်နှင့် တိုင်းရင်းသားပြည်သူ့ အကျိုးအတွက် နှစ်စဉ်တိုးမြှင့် သုံးစွဲခဲ့ပါတယ်။ ရငွေအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် အမှန် စာရင်းအရ ကျပ် ၂၅. ၉၆၉ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာတော့ အမှန်စာရင်းအရ ကျပ် ၄၈. ၃၉၇ ဘီလီယံ ရရှိခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် အမှန်စာရင်း အရ ကျပ် ၇၈. ၃၆၅ ဘီလီယံ ရရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ရှေ့ပြေး အမှန်စာရင်းအရ ၁၄၅. ၁၆၀ ဘီလီယံနှင့် ၂၀၁၅-၂၀၁၆ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ကျပ် ၄၃. ၅၉၁ ဘီလီယံ လျာထားပြီး အသုံးစရိတ်အနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်အမှန်စာရင်း အရ ကျပ်

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ လက်ရှိမိုင်းရှူး၊ ကျေးသီး၊ မိုင်းနောင်ဒေသ စစ်ဘေးရှောင် ပြည်သူများအတွက် နိုင်ငံတော်သမ္မတက ဆန်(၅)တန်၊ လူသုံးကုန်နှင့် စားသောက်ဖွယ်ရာအတွက် တပ်မတော်မှ ၃၉. ၅၀သိန်း၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ကျပ် ၄၅၄. ၅၃ သိန်း၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းကော်မတီနှင့် စည်ပင်သာယာရေးကော်မတီများမှ ကျပ် ၄၁. ၁၀ သိန်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျပ် ၂၈. ၉၆ သိန်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားပြည်သူများမှကျပ် ၂၆၈၈. ၇၂ သိန်း စုစုပေါင်း ၃၂၇၇. ၈ သိန်းထောက်ပံ့ထုတ်ပေးနိုင်ခဲ့ကြောင်းတင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့ တစ်နိုင်ငံလုံးမှာ ဒုတိယအကြိမ် ၂၀၁၆-၂၀၂၀ လွှတ်တော်သက်တမ်းအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲမကျင်းပနိုင်သော (မိုင်းရှူး၊ ကျေးသီး၊ ပန်ဆန်း၊ နားဖန်၊ ပန်ဝိုင်၊ မိုင်းမောနှင့် မိုင်းလား) မြို့နယ်မဲဆန္ဒနယ် ၇ ခုမှ လွဲ၍ ရှမ်းပြည်နယ်တစ်ခုလုံးမှာ မြို့နယ် ၄၈ ခု၌အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း မဲဆန္ဒနယ် ၄၈ မြို့နယ်မှာ မဲရုံအရေအတွက် ၃၃၃၁ ရုံရှိပြီး မဲဆန္ဒရှင် ဦးရေ ၃၁၄၀၆၂၁ ဦးရှိခဲ့ပါတယ်။ မဲပေးသူဦးရေ ၂၀၈၃၅၄၃ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၆၆. ၃%ဖြစ်ကြောင်း တွေ့ရပါတယ်။





ပြည်နယ်များရှိ မြို့ရွာများရေကြီးရေလျှံမှု များဖြစ်ပေါ်ခဲ့ပြီး ပြည်သူများ ရေဘေးဒဏ်ခံစားခဲ့ရပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေအခန်း(၈)နှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာများ၊ ပြည်သူလူထုများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ပညာပေးခြင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

စစ်ဘေးရှောင်ကာလမှာ ကူညီထောက်ပံ့ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ ၉-၂-၂၀၁၅ ရက်နေ့ မှစတင်ပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပဋိပက္ခတိုက်ပွဲများဖြစ်ပွားစဉ် လောက်ကိုင်ဒေသတွင် အလုပ်လုပ်ကိုင်နေသူများ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလာသူများကို လားရှိုးမြို့ စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများလှူဒါန်းခြင်း၊ လောက်ကိုင်ဒေသ အခြေခံပညာကျောင်းများ စာမေးပွဲအား ကွမ်းလုံမြို့တွင် ဖြေဆိုရန် စီစဉ်ပေးခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခြင်း၊ နိုင်ငံတော်အဆင့်မှလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ခြင်းများကိုလည်း ပြန်ကြားရေးဌာနအနေနဲ့ ထုတ်ပြန်ပေးနိုင်ခဲ့ပါတယ်။

၆-၁၀-၂၀၁၅ ရက်နေ့မှစ၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းရှူး၊ ကျေးသီးမြို့နယ်များတွင် စစ်ဘေးရှောင်ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများက အလှူငွေနှင့်ပစ္စည်းများထောက်ပံ့လှူဒါန်းခြင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီပေးပို့ဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်/မြို့နယ်များမှလူထုထောက်ခံသည့် အခမ်းအနားများ

ကိုလည်း သတင်းဌာနများသို့ အချိန်နှင့်တပြေးညီ သတင်းပေးပို့ ဆောင်ရွက်ခဲ့ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်နယ်အတွင်းမှာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ကျန်ရှိတဲ့အစိုးရသက်တမ်း ကာလတွင် အရှိန်အဟုန်မပြတ် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် လွှတ်တော် သက်တမ်းအတွက် လွတ်လပ်ပြီး တရားမျှတဲ့ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြုံတွေ့မှုနှင့် စစ်ဘေးရှောင်ပြည်သူများ အတွက်လည်း နိုင်ငံတော်၊ပြည်နယ်အစိုးရ၊ခရိုင်/ မြို့နယ်နှင့် ပြည်သူ၊ လူမှုရေးအဖွဲ့အစည်းတွေထောက်ပံ့လှူဒါန်းမှုများကိုလည်း သက်ဆိုင်ရာနယ်မြေဒေသအလိုက် ကူညီထောက်ပံ့လှူဒါန်းပေး နိုင်ခဲ့ပါတယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှလျာထားတဲ့ အသုံးစရိတ် များကိုလည်း ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးပြုမည့် Quick Win လုပ်ငန်းများအတွက် အကျိုးရှိစွာသုံးစွဲရေးကိုလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့်၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေငွေစာရင်းအသေးစိတ်စာရင်းကိုလည်း ဖြန့်ဝေပေးထားမှု များအရ ဘဏ္ဍာရေးဝန်ကြီးမှလည်း ဆက်လက် ရှင်းလင်းတင်ပြ ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ် လွှတ်တော်သို့ ပြောကြားသည့်





ရှမ်းပြည်နယ်အနေဖြင့် ပြည်သူ့လွှတ်တော် ၄၈နေရာ၊ အမျိုးသားလွှတ်တော် ၁၂ နေရာ၊ ပြည်နယ် လွှတ်တော် ၉၆ နေရာနှင့် တိုင်းရင်းသားလူမျိုးပြည်နယ်လွှတ်တော် ၇နေရာဖြစ်ပြီး ပြည်သူ့လွှတ်တော် ၄၈ နေရာတွင် ပါတီ ၇ ခု၊ အမျိုးသားလွှတ်တော် ၁၂ နေရာတွင် ပါတီ ၄ ခု၊ ပြည်နယ်လွှတ်တော် ၉၆ နေရာတွင် ပါတီ ၁၀ ခု တိုင်းရင်းသားလူမျိုးစု လွှတ်တော် ၇နေရာတွင် ပါတီ ၆ ခုအနိုင်ရရှိကြောင်းတွေ့ရပြီး ရှမ်းပြည်နယ်ရှိ လွှတ်တော်အရပ်ရပ်သို့ နိုင်ငံရေးပါတီများ ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ပါတီ ၁၃ ခုမှ ကိုယ်စားလှယ် ၁၆၃ နေရာ အနိုင်ရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်တစ်ပြည်နယ်လုံးမှာ ရွေးကောက်ပွဲကာလ အတွင်း လွတ်လပ်စွာ မဲဆွယ်စည်းရုံးခွင့်များ ရှိသည်ကိုတွေ့ရပြီး ရွေးကောက်ပွဲနေ့များမှာလည်း ပြဿနာကြီးကြီးမားမားမရှိဘဲ အောင်မြင်ချောမွေ့ပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်းတင်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းနှင့်ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်ပြီး မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲ ပေးရမည့်နည်းလမ်း၊ရွေးချယ်ခံကိုယ်စားလှယ်များနှင့် ပါတီများ၏ မူဝါဒများကို သိရှိနိုင်မည့် Website တွင် "မဲပေးစို့" မိုဘိုင်းဖုန်းရယူ ဆောင်ရွက်နိုင်ရေး အသုံးပြု လမ်းညွှန်ပိုစတာများကို လူစည်ကား ရာနေရာများနှင့် မြေစိုက်နံရံကပ်ဘုတ်များ၌ ကြော်ငြာပေးခဲ့ ပါတယ်။

ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများ မဲစာရင်းတွင် ပါဝင်ခြင်းရှိ/မရှိသွားရောက် ကြည့်ရှုရေးများကိုလည်း ကြေညာပေးနိုင်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက် ၍လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုင်းဒေသကြီး/

မိန့်ခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် ၂ ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်မှ တာဝန်ရှိပုဂ္ဂိုလ်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်း(၁)နှင့်(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** ဒီကနေ့ပြုလုပ်ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ကြွရောက်ချီးမြှင့်ပေးပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်





မြို့နယ်ပညာရေးမှူးရုံး မှာလည်းသီးခြား ရုံးဆောက်လုပ်ခွင့်ရရှိရေးအတွက် ၅-၁၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၄၆၃/(အစအ) ၂၀၁၃ဖြင့် ဒုတိယညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ)၊ လားရှိုးမြို့သို့ (၁) ဒေသဦးစီးအဖွဲ့၏ထောက်ခံချက်စာ၊ (၂)ဦးစားပေးအဆင့်လိုက်ပုံစံ ၁၊ (၃) အင်ဂျင်နီယာ၏ ထောက်ခံချက်နှင့် BP,BQ ဇယားများတွက်ချက်ပြီးတော့မှ ဆောက်လုပ်မည့်ပုံစံ၊ (၄)ဆောက်လုပ်မည့် မြေစာရင်းပုံစံ(၁၀၅)ကို ပူးတွဲလျက် အမှုတွဲတည်ဆောက်ကာ တင်ပြ ခဲ့ပြီးဖြစ်သော်လည်း ယနေ့ထိ တစ်စုံတစ်ရာအကြောင်းထူးခြားခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးစိုက်ရာ နမ့်ဆန်မြို့နယ်တွင် ပညာရေးမှူးရုံးတစ်ရုံး ဆောက်လုပ်ခွင့်ရရှိရေးအတွက် ခွင့်ပြုချထား ပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်မှ တစ်ဆင့် တင်ပြအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီးမေးခွန်း(၂)ဖြစ်တဲ့ နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာအား ၁၆ ကုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုရေး အစီအစဉ်ရှိ/မရှိကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်ရှိ မြို့သစ်ကျေးရွာသည် နမ့်ဆန်မြို့နယ်၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံနှင့်၂၄ မိုင်ကွာဝေးပါတယ်။ ကျောက်မဲပြည်သူ့ဆေးရုံမှ ၃၈ မိုင်ကွာဝေးသော ကျောက်လမ်းဖြစ်ပါတယ်။ လက်ရှိတွင်ကျန်းမာရေးဌာနတစ်ခုရှိပြီး၊ လက်ထောက်ကျန်းမာရေးမှူး ၁ ဦး၊ ဘက်စုံသားဖွားဆရာမ ၅ ဦးတို့ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ၎င်းကျန်းမာရေးဌာနမှ နှစ်စဉ်လူနာပေါင်း(၅၀၀၀)၊ ၁ လပျမ်းမျှ ၄၀၀ ဦး၊ ၁ ရက်ပျမ်းမျှ ၁၅ ဦးအား ဆေးဝါးကုသပေးလျက်ရှိပါတယ်။ လက်ရှိ လက်ထောက်

ကျန်းမာရေးမှူးနှင့် လူနာအချိုး မျှတမှုမရှိတဲ့အတွက် လက်ထောက်ကျန်းမာရေးမှူး သင်တန်းတက်ရောက်သည့် အခါတွင်လည်းကောင်း၊ နမ့်ဆန်မြို့သို့ အစည်းအဝေးတက်ရောက်သည့် အခါများတွင် လည်းကောင်း လူနာများကြည့်ရှုကုသပေးနိုင်ခြင်း မရှိသောအခါ အရေးကြီး လူနာများအတွက် နမ့်ဆန်မြို့သို့လည်းကောင်း၊ ကျောက်မဲမြို့သို့လည်းကောင်း ပို့ဆောင်ပေးရန် အခက်အခဲများစွာ ရှိသဖြင့် လူနာ၏အသက်အတွက် စိုးရိမ်ရပါတယ်။ မိုးရာသီကာလ တွင် ပို၍ခက်ခဲပါတယ်။ ဒါကြောင့် ငှင်းမြို့သစ်ကျေးရွာရှိ ကျန်းမာရေးဌာနအား ၁၆ ကုတင်ဆံ့ ဆေးရုံအဖြစ်တိုးမြှင့်ရန် လိုအပ်ပါတယ်။ ငှင်းမြို့သစ်ကျေးရွာတွင် ၁၆ ကုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဆောင်ရွက်မည်ဆိုပါက နမ့်ဆန်မြို့နယ် အတွင်းရှိ ငှင်းကျေးရွာနှင့်အနီးစပ်ဆုံး ကျေးရွာအုပ်စုများဖြစ်သည့် မြို့သစ်အုပ်စု၊ နမ့်တွေအုပ်စု၊ ကယားကြီးအုပ်စု၊ အနောက် ကင်းအုပ်စုမှ ရွာပေါင်း ၂၂ ရွာရှိ လူဦးရေ ၂၁၀၀၀ အား လည်းကောင်း၊ တခြားဆက်စပ်မြို့နယ်များဖြစ်သည့် ကျောက်မဲ မြို့နယ်နှင့် မိုးမိတ်မြို့နယ်များမှ ကုန်းဘလောက်အုပ်စု၊ ပိန်းဆာ အုပ်စု၊ ကွန်ခါးအုပ်စု၊ ကျောက်တလုံးကြီးအုပ်စု၊ ဘန်းကွဲအုပ်စုများမှ ပြည်သူ ၂၀၀၀၀ ကျော်အားလည်းကောင်း အထူးပြုမှာဖြစ် ပါတယ်။ လက်ရှိတွင်လည်း ၁၆ ကုတင်ဆံ့ဆေးရုံ တည်ဆောက်ရန် အတွက် ပေ ၄၂၀၊ ၁၃၂ ပေ၊ အလျား၊ အနံ ရှိသော ပြုပြင်ပြီး ဖြစ်သော ရွာပိုင်မြေကွက်လည်းရှိပြီးသားဖြစ်ပါတယ်။ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာအား ၁၆ ကုတင်ဆံ့ဆေးရုံအဖြစ်တို့ တိုးမြှင့်ဆောင်ရွက်ခွင့်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ရှိပါကမည်သည့်အချိန်တွင် တိုးမြှင့်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ မရှိပါက မည်သည့် အတွက်ကြောင့် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း သိရှိလို





ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်မှာ ပညာရေးမှူးရုံး အဆောက်အဦ မရှိသည့်ကိစ္စနှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးစိုက်ရာ နမ့်ဆန်မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးသည် ကိုယ်ပိုင်ရုံး အဆောက်အဦ မရှိသေးပါ။ ၁၉၇၂ ခုနှစ်၊ အခြေခံပညာ အထက်တန်းကျောင်းတွင် စာသင်ခန်း (၁)ခန်း ရယူပြီး ရုံးအဖြစ် ဖွင့်လှစ်ခဲ့ပါသည်။ နောက်ပိုင်း ကျောင်းသား ဦးရေ တစ်စတစ်စ များပြားလာပြီး စာသင်ခန်းမလုံလောက်၍ ငှင်းမြို့နယ်ပညာရေးမှူးရုံးအား ၁၉၈၃ ခုနှစ်တွင် ပြန်လည်အပ်နှံကာ ယခင် အမက(၂)၊ ယခုအလက(၁)ရှိ နှစ်ထပ်ကျောင်းဆောင်သို့ ပြောင်းရွှေ့ဖွင့်လှစ် ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ငှင်းအလက(၁)သည် အထက(ခွဲ)အဖြစ် တိုးချဲ့ ဖွင့်လှစ်ခွင့် ရရှိပြီးဖြစ်တဲ့အတွက် လက်ရှိမှာ ကျောင်းသားဦးရေ ၇၀၀ ကျော်ရှိတဲ့ အတွက် ကျောင်းသားနှင့်စာသင်ခန်း လုံလောက်မှုမရှိပါ။ ဒါကြောင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီများမှ ပညာရေးမှူးရုံးအဖြစ် အသုံးပြုလျက်ရှိတဲ့ ငှင်းနှစ်ထပ်ဆောင်အား ဖယ်ရှားပေးပါရန် စာဖြင့်အကြိမ်ကြိမ်တောင်းဆိုလာပါတယ်။ ယခင်မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ လက်ထက်ကနမ့်မောရပ်ကွက်ရှိ ရုံးပေါင်းစုံနေရာမှာ ပေ ၆၀ ၊ ပေ ၄၀ ရှိ မြေကွက်တစ်ကွက်အား မြို့နယ်ပညာရေးမှူးရုံး မြေနေရာအဖြစ်ချထားပေးခဲ့ပြီးဖြစ်ပါတယ်။

ပါ၍ လူထုကိုယ်စားမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းရဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးစိုက်ရာ နမ့်ဆန်မြို့တွင် ပညာရေးမှူးရုံး တစ်ရုံးဆောက်လုပ်ခွင့်ရရှိရေးအတွက် ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း အန္တရာယ်/ဥပဓိ/တိုးချဲ့ရန် လိုအပ်သော အခြေခံပညာကျောင်းများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ရခြင်းကြောင့် မြို့နယ်ပညာရေးမှူးရုံးများအတွက် ရန်ပုံငွေခွဲဝေချထားပေးနိုင်ခဲ့ခြင်းမရှိပါကြောင်း၊ ယခုတင်ပြချက်အရ ရှမ်းပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံး (ရုံးခွဲ)၊ လားရှိုးမြို့မှ နမ့်ဆန်မြို့နယ်ပညာရေးမှူးရုံးသို့ အမှုတွဲတောင်းခံ၍ အခြေခံပညာဦးစီးဌာနသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီးတော့မှ ဒုတိယမေးခွန်းဖြစ်တဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၊ မြို့သစ် ကျေးရွာတွင် ၁၆ ကုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရေးကိစ္စနှင့်





၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စာသင်ကျောင်း ၅ ကျောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအိမ်ရာ(၃)လုံးနှင့် စာသင်ကျောင်း ၂ ကျောင်း၊ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်တွင် မူလတန်းကြိုကျောင်း ၇ ကျောင်းနှစ်စဉ်ခွဲဝေပေးခဲ့ပါသည်။ ဖော်ပြပါဘဏ္ဍာရေးနှစ် အလိုက်ခွဲဝေချထားပေးသော ကျောင်းများကို ပြည်နယ် ပညာရေးမှူးရုံးမှ တင်ဒါခေါ်ယူခဲ့ရာ မည်သည့်ကုမ္ပဏီမှ တင်ဒါ တင်သွင်းခဲ့ခြင်းမရှိပါ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တင်ဒါ ဆွဲယူခြင်းမရှိသဖြင့် ဒေသဦးစီးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွာအလိုက် ကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်စေခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း တင်ဒါဆွဲယူသူမရှိတဲ့အတွက် ယခင်နှစ်များ နည်းတူ ဒေသဦးစီးအဖွဲ့မှ တာဝန်ယူပြီး ဆပ်ကန်ထရိုက်ပေးကာ ဆောင်ရွက်စေခဲ့ပါတယ်။ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း နမ့်ဆန်မြို့နယ်အတွက် မူလတန်းကြိုကျောင်းပေ ၆၀×၃၀ အရှည်ရှိ အဆောက်အဦ ၇ ကျောင်းထပ်မံရရှိခဲ့ပါတယ်။ ခွင့်ပြု ရန်ပုံငွေမှာ တစ်စတုရန်းပေလျှင်ငွေကျပ် ၁၂၀၀၀ ဖြစ်ပါသည်။ တခြားမြို့နယ်အတွက် တင်ဒါတင်သွင်းသည့် ကုမ္ပဏီများရှိ သော်လည်း နမ့်ဆန်မြို့နယ်အတွက် တင်ဒါတင်သွင်းသည့် ကုမ္ပဏီ မရှိခဲ့ပါ။ ဤကဲ့သို့ဖြစ်ရခြင်းမှာ နမ့်ဆန်မြို့နယ်၏ ဖော်ပြပါကျေးရွာ ၇ ရွာသည် မြို့နှင့်လွန်စွာဝေးကွာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့ကြောင့် ပစ္စည်းများကို မြင်း၊နွား၊လား၊ လူဖြင့် သယ်ယူရသဖြင့် သယ်ယူစရိတ် ၃/၄ ဆမြင့်မား၍ တွက်ခြေ မကိုက်သည့်အတွက် တင်ဒါတင်သွင်းသည့် ကုမ္ပဏီများမရှိခြင်း ဖြစ်ပါတယ်။ ခွင့်ပြုငွေ တစ်စတုရန်းပေတွင် ငွေကျပ် ၁၂၀၀၀ သည် မြို့ပေါ်တွင်သာ အဆင်ပြေနိုင်သော်လည်း ဝေးလံသည့် ကျေးရွာအတွက် ရန်ပုံငွေလုံလောက်မှု မရှိပါ။ ကုမ္ပဏီများတွက်ခြေမကိုက်၍

တင်ဒါဆွဲယူခြင်းမရှိပါသောကြောင့် ကျေးလက်တောရွာလူထုအတွက် နစ်နာဆုံးရှုံးမှုများစွာရှိမည်ဖြစ်ပါသည်။ ထို့ကြောင့်စာသင်ကျောင်း အဆောက်အဦနည်းတူ ဝန်ကြီးဌာနမှ ချပေးသည့်အခြားသောလုပ်ငန်းများဖြစ်သည့် လမ်း၊တံတား စသည့်လုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေပေး ပါက ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသအလိုက်ဈေးနှုန်းများသတ်မှတ်၍ ခွင့်ပြုပေး နိုင်ခြင်းရှိ/မရှိသိရှိလိုပါ၍ ဤမေးခွန်းကိုမေးမြန်းခြင်းဖြစ်ပါတယ်။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ပြည်နယ်လူမှုရေးဝန်ကြီး။**

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ တတိယမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်း(၃)ကတော့ ဝန်ကြီးဌာနမှချပေးတဲ့ ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ဝေးလံခေါင်သီတဲ့ ဒေသအတွက် ရန်ပုံငွေတိုးမြှင့်ဆောင်ရွက်ရန် ခွင့်ပြုခြင်းရှိ/မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန် မြို့နယ်အတွက် ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် အဆောက်အဦများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စာသင်ကျောင်း ၅ ကျောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအိမ်ရာ ၃ လုံးနှင့် စာသင်ကျောင်း



D/real(wide) (1



ပတ်သက်၍ နမ့်ဆန်မြို့နယ်၊ မြို့သစ် ကျေးရွာသည် နမ့်ဆန်မြို့နယ်၊ ပြည်သူ့ဆေးရုံနှင့် ၂၄ မိုင်၊ ကျောက်မဲပြည်သူ့ဆေးရုံနှင့် ၅၈ မိုင်ကွာဝေးကြောင်း၊ မြို့သစ်ကျေးရွာတွင် ၁၆ ကုတင်ဆံ့ဆေးရုံအဖြစ်တိုးမြှင့်ဖွင့်လှစ်ပါက မြို့သစ်ကျေးရွာအုပ်စု၊ နမ့်တွေကျေးရွာ အုပ်စု၊ ကယားကြီးကျေးရွာအုပ်စု၊ပန်စရီကျေးရွာအုပ်စု၊ အနောက်ကင်းကျေးရွာအုပ်စုစသည့် ကျေးရွာအုပ်စု ၅အုပ်စုရှိ ကျေးရွာပေါင်း ၂၂ ရွာမှ လူဦးရေ ၂၀၀၀၀ ဦးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက် နိုင်မည်ဖြစ်ပါသဖြင့် တွဲဖက်ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၁၃-၇-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ရမ/ ခွဲ -၄(၂)(အဆိုပြု) ၂၀၁၅/၃၄၈ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါ သည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးအောင်ထွဏ်းက မေးခွန်း(၃)ကို ဆက်လက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။**

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးခွန်း(၃)ကို ဆက်လက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးခွန်း(၃)ကတော့ ဝန်ကြီးဌာနမှ ချပေးတဲ့ ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ နေရာမှာ ဝေးလံခေါင်သီတဲ့ ဒေသအတွက် ရန်ပုံငွေတိုးမြှင့် ဆောင်ရွက်ရန် ခွင့်ပြုခြင်းရှိ/မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန် မြို့နယ်အတွက် ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် အဆောက်အဦများကို

၂ ကျောင်း၊ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်တွင် မူလတန်းကြိုကျောင်း ၇ ကျောင်းနှစ်စဉ်ခွဲဝေပေးခဲ့ပါသည်။ ဖော်ပြပါဘဏ္ဍာရေးနှစ် အလိုက်ခွဲဝေချထားပေးသော ကျောင်းများကို ပြည်နယ်ပညာရေးမှူးရုံးမှ တင်ဒါခေါ်ယူခဲ့ရာ မည်သည့် ကုမ္ပဏီမှ တင်ဒါ တင်သွင်းခဲ့ခြင်းမရှိပါ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တင်ဒါ ဆွဲယူခြင်းမရှိသဖြင့် ဒေသဦးစီးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွာအလိုက် ကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်စေခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း တင်ဒါ ဆွဲယူသူ မရှိတဲ့အတွက် ယခင်နှစ်များ နည်းတူ ဒေသဦးစီးအဖွဲ့မှ တာဝန်ယူပြီး ဆပ်ကန်ထရိုက်ပေးကာ ဆောင်ရွက်စေခဲ့ပါတယ်။ ယခု၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင်လည်း နမ့်ဆန်မြို့နယ်အတွက် မူလတန်းကြိုကျောင်းပေ ၆၀×၃၀ အရှည်ရှိ အဆောက်အဦ ၇ ကျောင်းထပ်မံရရှိခဲ့ပါတယ်။ ခွင့်ပြု ရန်ပုံငွေမှာ တစ်စတုရန်းပေလျှင် ငွေကျပ် ၁၂၀၀၀ ဖြစ်ပါသည်။ တခြားမြို့နယ် အတွက် တင်ဒါ တင်သွင်းသည့် ကုမ္ပဏီများရှိသော်လည်း နမ့်ဆန်မြို့နယ်အတွက် တင်ဒါတင်သွင်းသည့် ကုမ္ပဏီမရှိခဲ့ပါ။ ဤကဲ့သို့ဖြစ်ရခြင်းမှာ နမ့်ဆန်မြို့နယ်၏ ဖော်ပြပါကျေးရွာ ၇ ရွာသည် မြို့နှင့်လွန်စွာ ဝေးကွာခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း တို့ကြောင့် ပစ္စည်းများကို မြင်း၊နွား၊လား၊ လူဖြင့် သယ်ယူရသဖြင့် သယ်ယူစရိတ် ၃/၄ ဆမြင့်မား၍ တွက်ခြေမကိုက်သည့်အတွက် တင်ဒါ တင်သွင်းသည့် ကုမ္ပဏီများမရှိခြင်းဖြစ်ပါတယ်။ ခွင့်ပြုငွေ တစ်စတုရန်းပေတွင် ငွေကျပ် ၁၂၀၀၀ သည် မြို့ပေါ်တွင်သာ အဆင်ပြေနိုင်သော်လည်း ဝေးလံသည့်ကျေးရွာအတွက် ရန်ပုံငွေလုံလောက်မည် မဟုတ်ပါ။ ကုမ္ပဏီများတွက်ခြေမကိုက် သဖြင့် တင်ဒါဆွဲယူခြင်းမရှိပါကကျေးလက်တောရွာ လူထုအတွက် နစ်နာဆုံးရှုံးမှုများစွာရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် စာသင်ကျောင်း





မေးခွန်းကို ကြယ်ပွင့်ပြမေးခွန်း အဖြစ်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ဆန်မြို့နယ်သည် ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့၏ ရုံးစိုက်ရာမြို့ဖြစ်ပါသည်။ သီပေါမြို့နယ်မှ ၅၄ မိုင်ကွာဝေးပြီး ၄င်းလမ်းကိုသာ အများဆုံး အားထား၍သွားလာလျက်ရှိပါတယ်။ နမ့်ဆန်-သီပေါလမ်း ၅၄ မိုင်ကို လမ်းဦးစီးဌာနတည်ဆောက်ရေး ၁၊ အထူးအဖွဲ့ ၆ မှ တာဝန်ယူပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ ရရှိတဲ့ရန်ပုံငွေ အနေအထားကိုတင်ပြရလျှင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း၂၄၆၂.၅ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၄၁ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၄၂၈ သန်း ဖြင့် လမ်းများချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ရေပြွန်တည်ဆောက်ခြင်း၊ ဘောက်ကာဝပ်တည်ဆောက်ခြင်း၊ ကွန်ကရစ်တံတားပြုပြင် ဆောက်လုပ်ခြင်းများ ဆောင်ရွက်လျက် ရှိပါတယ်။ လက်ရှိ အနေအထားအရ နမ့်ဆန်-သီပေါလမ်းအနက် နမ့်ဆန်-လီလုလမ်း ၂၁ မိုင်တွင် နောက်ထပ် ကတ္တရာထပ်ပိုးလွှာ ခင်းရန် ၃ မိုင်၂ ဖာလုံ ခန့်သာ ကျန်ရှိနေပါတယ်။ လမ်းဦးစီးဌာန တည်ဆောက်ရေး ၁၊ လမ်းအထူးအဖွဲ့ ၆၏ ပြောကြားချက်အရ ၄င်းကတ္တရာ ထပ်ပိုးလွှာ ခင်းရန် ၃ မိုင် ၂ ဖာလုံခန့်ကို ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ပြတောင်းခံထားသော်လည်း ခွင့်ပြုချက်မရရှိကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်တွင်လည်း ထပ်မံပါရှိမလာကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒေသဦးစီးအဖွဲ့ရဲ့ ပထမ သက်တမ်းဟာလပိုင်းသာ ကျန်ရှိပါတော့တယ်။ ဒါကြောင့် ပထမသက်တမ်းအတွင်း ကတ္တရာထပ်ပိုးလွှာခင်းရန် ကျန်ရှိ နေသေးတဲ့ ၃ မိုင် ၂ ဖာလုံခန့်ကို အပြီးဆောင်ရွက်လိုပါတယ်။

ဒါမှလည်း လူထုရဲ့ လမ်းပန်းဆက်သွယ်ရေးဟာ အဆင်ပြေ ချောမွေ့မှာဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် သော်လည်းကောင်း ဖြည့်စွက်ရန်ပုံငွေဖြင့်သော်လည်းကောင်း မရရှိတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျန်ရှိတဲ့ လမ်းပိုင်းအား ဆက်လက်ဆောင်ရွက်ရန် ရန်ပုံငွေ သုံးစွဲခွင့်ပြု/မပြု သိရှိလိုပါတယ်ခင်ဗျား။ ရှိပါက မည်သည့်အချိန်တွင် ခွင့်ပြု တည်ဆောက်မည်ကို သိရှိလိုပါတယ်။ မရှိပါက ပြည်ထောင်စု ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အထူးရန်ပုံငွေဖြင့် ကျခံသုံးစွဲနိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ဆက်လက်တင်ပြပေး နိုင်ခြင်း အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ သီပေါ-ပန်လုံ-နမ့်ဆန်လမ်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ လမ်းဖြစ်ပါတယ်။ သီပေါ-ပန်လုံ-နမ့်ဆန်လမ်းဟာ အစိုးရသစ် စတက်လာတဲ့အချိန်မှာ ဗွက်တန်းကြီးတွေနဲ့ သွားလာလို့မရအောင် အင်မတန် ဆိုးရွားနေတာဖြစ်တဲ့အတွက် အထူးအစီအစဉ် ကိစ္စရပ် တစ်ခုအနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မှစတင်ပြီး ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာနက ရန်ပုံငွေ ကျပ်သန်း





အဆောက်အဦနည်းတူ ဝန်ကြီးဌာနမှချပေးသည့် အခြားသော လုပ်ငန်းများဖြစ်သည့် လမ်း၊တံတား၊ စသည့်လုပ်ငန်းများအတွက် ရန်ပုံချထားပေးပါက ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသအလိုက် ဈေးနှုန်းများ သတ်မှတ်၍ ခွင့်ပြုပေးနိုင် ခြင်းရှိ/မရှိသိရှိလိုပါသည်ဆိုသောမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ အခြေခံပညာကျောင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာန လက်အောက် ရှိ အခြေခံပညာဦးစီးဌာနမှ အုတ်ညှပ် ကျောင်းဆောင်အတွက် PAE ၁၂၀၀ဝိ နှုန်း၊ RCC ကျောင်းဆောင် များအတွက် PAE ၁၈၀၀ဝိ နှုန်းဖြင့်သာ ရန်ပုံငွေများခွဲဝေပေးထားခြင်းဖြစ်ပါသည်။ ရှမ်းပြည်နယ် ပညာရေး ညွှန်ကြားရေးမှူးရုံး (ရုံးခွဲ)အနေဖြင့် ခွဲဝေချထားပေးသော ရန်ပုံငွေအတိုင်းသာ ဆောင်ရွက်ရခြင်းဖြစ်ပြီး ဝေးလံ၍ လမ်းပန်း ဆက်သွယ်ရေးခက်ခဲသော ဒေသများအတွက် PAE နှုန်းထား သီးသန့်ပြင်ဆင် သတ်မှတ်ပေးနိုင်ခြင်းမရှိပါသဖြင့် ပညာရေးဝန်ကြီး ဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်နှင့် ညှိနှိုင်းဆောင်ရွက် ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအောင်ထွဏ်းက မေးခွန်း(၄)ကို မေးမြန်း ဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** ကျွန်တော့်အနေနဲ့မေးခွန်း(၄)ဖြစ်တဲ့ နမ့်ဆန်မြို့နယ်၊ နမ့်ဆန်-လီလု- သီပေါလမ်း၏ ထပ်ပိုးလွှာကတ္တရာခင်းရန် ကျန်ရှိ သည့် ၃ မိုင် ၂ ဖာလုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကျခံသုံးစွဲရန် အစီအစဉ် ရှိ/မရှိဆိုတဲ့

၂၀၀၀ ကျော် စီမံကိန်းနဲ့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄နှင့် ၂၀၁၄-၂၀၁၅မှာ ဆက်လက်ဆောင်ရွက်ခဲ့ရာ ၃ မိုင် ၂ ဖာလုံသာလျှင် ထပ်ပိုးလွှာခင်းဖို့ ကျန်ပါတော့တယ်။ ဗွက်တန်းကြီးအဖြစ်မဟုတ်ဘဲ ကတ္တရာလမ်း အဆင့်ရှိနေပြီး ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရန်ပုံငွေထည့်သွင်းလျာထားသော်လည်း ဖြတ်တောက်ခံ ရတဲ့အတွက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖြည့်စွက်ရန်ပုံငွေရရှိထားခြင်း မရှိပါ။ ဒါကြောင့် ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာနကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ရန်ပုံငွေမှာ ကျန်ရှိတဲ့ ၃ မိုင် ၂ ဖာလုံ ထပ်ပိုးလွှာခင်းပေးဖို့ တင်ပြတောင်းဆိုပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးတော့ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်း (၁)ကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** ယနေ့ပြုလုပ်ကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတို့ ကြွရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကြီးနှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံး၊ တပ်မတော်သား ကိုယ်စားလှယ်များအားလုံး မင်္ဂလာနံနက်ခင်းပါလို့ ဂါရဝရှေ့ထားပြီး နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ





လမ်းလျှောက်ရပါတယ်။ နောင်ဆိုင်ကျေးရွာသည် တောင်ပေါ်မှာရှိပြီး ပုံလောင်းကျေးရွာဟာ မြေပြန့်မှာရှိတဲ့ အတွက်ကြောင့် (၅)နှစ်မှ (၁၀)နှစ်အတွင်းရှိ ကလေးသူငယ်များသည် နေ့စဉ် တောင်တက်၊ တောင်ဆင်းပြုလုပ်ရပါတယ်။ အထူးသဖြင့် မိုးရာသီမှာတောင်ကျရေဆင်းလာတဲ့အတွက် တစ်ခါတစ်လေမှာ အန္တရာယ်နှင့်ကြုံရတဲ့ အခြေအနေလည်းရှိပါတယ်။ ဥပမာ ဒီဇင်ဘာလ၊ ဇန်နဝါရီလအချိန်ဆိုလျှင် လွိုင်လင်မြို့ အပူချိန်ဟာ သုညဒီဂရီအောက်မှာရှိပါတယ်။ အဲဒီကြမ်းတမ်းတဲ့ ရာသီဥတုတွေ ရှိတဲ့အတွက်ကြောင့် ကလေးတွေဟာ ပုံလောင်းဘက်ကို သွားရောက် ပညာသင်ကြားဖို့ရာ များစွာအခက်အခဲရှိပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ စပြီးကိုယ်ထူကိုယ်ထမူလတန်းကျောင်း တစ်ဆောင်ကို တည်ထောင်ခဲ့ပါတယ်။ ကိုယ်ထူကိုယ်ထမူလတန်းကျောင်းဆောင်ကိုလည်း ရပ်သူ၊ ရွာသားအနေဖြင့် ရေရှည်လည့်ပတ်နိုင်ဖို့ များစွာအခက်အခဲရှိသာကြောင့် နိုင်ငံတော်အနေဖြင့် ကျွန်တော်တို့ တည်ထောင်ထားတဲ့ နောင်ဆိုင် ကိုယ်ထူကိုယ်ထမူလတန်းကျောင်းကို အစိုးရမူလတန်းကျောင်းခွဲ အဆင့်သို့ တိုးမြှင့်ပေးနိုင်ပါရန် လွှတ်တော်မှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ပြည်နယ်လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်၏

လှိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာအုပ်စု၊ နောင်ဆိုင်ကျေးရွာတွင် "နောင်ဆိုင်" ကိုယ်ထူကိုယ်ထမူလတန်းကျောင်းကို အစိုးရမူလတန်းခွဲကျောင်းအဆင့်သို့ တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ဟူသောမေးခွန်းနှင့်စပ်လျဉ်း၍ လှိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာအုပ်စု၊ နောင်ဆိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးအခြေခံပညာမူလတန်းကျောင်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစ၍ ၃၀ ပေ × ၂၀ ပေသွပ်မိုး၊ ဝါးထရံကာကျောင်းဆောင်ဖြင့် သူငယ်တန်းမှ ဒုတိယတန်းထိ ကျောင်းသားဦးရေ ၄၂ ဦးကို လူထုခန့် ဆရာမ ၂ ဦးဖြင့် သင်ကြားပေးလျက်ရှိပါတယ်။ ကျေးရွာတွင်အိမ်ခြေ ၅၀ ခန့်ရှိပါတယ်။ ကျေးရွာမှ ကျောင်းအဆင့်တိုး အမှုတွဲ တင်ပြလာခြင်းမရှိသေးသဖြင့် ဆက်သွယ်ဆောင်ရွက်ကာ အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျောင်းသား ၅၀ အောက်ရှိ ကိုယ့်အားကိုယ်ကိုးကျောင်းများကို ပညာရေးဝန်ကြီးဌာနမှ မူလတန်းကျောင်းခွဲများအဖြစ် တိုးမြှင့်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးခွန်ဒီဂေါလ်က မေးခွန်း (၂)နှင့်(၃)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော်ရဲ့ မေးခွန်းနံပါတ်(၂)ကတော့ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်တဲ့ မေးခွန်းဘဲ ဖြစ်ပါတယ်။



D/real(wide) (2



ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။ ယခုကဲ့သို့ ပြည်နယ်သူ၊ ပြည်နယ်သားများ၏ အကျိုးစီးပွားကို မျှော်ကိုးပြီးတော့မှ ပြည်နယ်လွှတ်တော်သို့ မေးခွန်းတင်ပြရတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ မေးခွန်းကတော့ ပညာရေးနှင့်ပတ်သက်တဲ့ မေးခွန်းဘဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်မှာကောက်ခံတဲ့ သန်းခေါင်စာရင်းပါ အချက်အလက်များ အစီရင်ခံစာအရ ရှမ်းပြည်နယ်၏ စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၆၄ ရာခိုင်နှုန်း ဘဲရှိတယ်လို့ လေ့လာမှတ်သားရပါတယ်။ တခြားသော တိုင်းဒေသကြီး/ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် ရှမ်းပြည်နယ်ဟာ များစွာနောက်ကျကျန်နေခဲ့တယ်ဆိုတာ အထူးဝမ်းနည်းစွာ လေ့လာ မှတ်သားမိပါတယ်။ ထိုကဲ့သို့ဖြစ်ရခြင်းအကြောင်းရင်း မြောက်များစွာရှိသည့် အနက်ပညာရေးကဏ္ဍမှာ အခြေခံ အဆောက်အအုံ ဖြစ်တဲ့ ကျောင်းဆောင်နှင့် ပညာရေးဝန်ထမ်းတွေ မလုံလောက်မှုကြောင့် ဖြစ်တယ်လို့ ကောက်ယူရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ထဲမှာရှိနေတဲ့ လှိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာအုပ်စု၊ နောင်ဆိုင်ကျေးရွာအုပ်စုဟာဆိုရင် လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာက ကျေးရွာကို တည်ထောင်ထားပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အထိ ကျေးရွာမှာ မူလတန်းကျောင်းမရှိခဲ့ပါဘူး။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ ကျောင်းသူ၊ကျောင်းသားအင်အား ၅၀ ကို စတင်စုစည်းပြီး ပုံလောင်း အမကနှင့်တွဲဖက်၍ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်း တစ်ဆောင်ကို တည်ထောင်ခဲ့ပါတယ်။ ယခင် ကိုယ်ထူကိုယ်ထ မူလတန်းကျောင်း မတည်ထောင်ခင်မှာ ကလေးများသည် ပုံလောင်း အမကသို့သွားရောက်ပြီး ပညာသင်ကြားရပါတယ်။ နောင်ဆိုင် ကျေးရွာနှင့် ပုံလောင်းရွာအထိဆိုလျှင် (၁)နာရီခွဲလောက်

လွိုင်လင်မြို့နယ်၊ နားယမ်းကျေးရွာအုပ်စုနှင့် မိုင်းပွန်အုပ်စု နယ်နိမိတ်မှာတည်ရှိတဲ့ ဟွေးတောက်ချောင်းကူးတံတား ၆၀ပေ×၁၂ပေ×၁၀ပေသည် နားယမ်းကျေးရွာအုပ်စုမှာ အရှေ့မှာရှိတဲ့ ကျေးရွာပေါင်း ၁၅ရွာ၊ လူဦးရေ ၃၀၀၀ ကျော်ခန့်သည် မိုင်းပွန်မြို့ပေါ်ရှိ တောင်သူလယ်သမားများနေ့စဉ်အသုံးပြု ဖြတ်သန်းသွားလာတဲ့ သစ်သားတံတားတစ်စင်းဘဲဖြစ်ပါတယ်။ နားယမ်းကျေးရွာအုပ်စုမှာရှိတဲ့ အထက်တန်းကျောင်းသူ/ကျောင်းသားတွေဟာ မိုင်းပွန်မြို့ကို အထက်တန်းပညာသင်ကြားဖို့အတွက် ဒီတံတားကိုဘဲ နေ့စဉ်အသုံးပြု ဖြတ်သန်းသွားလာနေတာဖြစ်ပါတယ်။ ယခုအဲဒီတံတားဟာ ပျက်စီးယိုယွင်းနေပြီဖြစ်တဲ့အတွက်ကြောင့် ဒီတံတားကို အသစ်ပြန်လည်ပြုပြင်ဖို့ကို သက်ဆိုင်ရာဌာနအသီးသီးကိုလည်း တင်ပြပြီးဖြစ်ပါတယ်။ တင်ပြတဲ့နေရာမှ နိုင်ငံခြားအဖွဲ့အစည်း INGO အဖွဲ့က လှူဒါန်းမည်ဟု ပြောဆိုတဲ့အခါလည်းရှိတယ်။တစ်ခါတစ်လေမှာ ဒီတံတားကြီးကို ဓာတ်ပုံရိုက်ခြင်း၊ ပေကြိုးဆွဲခြင်းများပြုလုပ်ကြောင်း၊ သို့ပေမဲ့လည်း ပေကြိုးဆွဲခြင်း၊ ဓာတ်ပုံရိုက်ခြင်း အဆင့်ဖြင့်သာ ဖြတ်သန်းလာခဲ့ရာ ယနေ့အထိဖြစ်ပါတယ်။ အဲဒီလိုအန္တရာယ်ရှိတဲ့ တံတားကို ယခုအခါကျေးရွာသူ၊ ကျေးရွာသားများက တတ်အားသရွေ့ စုပေါင်းပြီးတော့မှ ယာယီပြုပြင်ထိန်းသိမ်းလျက်ရှိပါတယ်။ သစ်သား တံတားကို ရေရှည်ခိုင်ခံ့နိုင်ရန်အတွက် သံကူကွန်ကရစ်တံတား အဖြစ်သို့ တည်ဆောက်ပေးနိုင်ပါရန် မည်ကဲ့သို့ ဆောင်ရွက်ပေးသွား မည်ကို လွှတ်တော်မှ တစ်ဆင့်မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးမေးခွန်းနံပါတ်(၃)ကို ဆက်လက်တင်ပြပါမယ်။





လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်မေးမြန်းတဲ့ လွိုင်လင်မြို့နယ် နားယမ်းကျေးရွာအုပ်စုနဲ့ မိုင်းပွန်အုပ်စု နယ်နိမိတ်တွင် တည်ရှိသော ဟွေးတောက်ချောင်းကူးတံတား ၆၀ပေ×၁၂ပေ× ၁၀ပေ တံတားကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေစာရင်းတွင် ဦးစားပေးအနေဖြင့် ထည့်သွင်းရေးဆွဲပြီး အမြန်ပြန်လည်ပြုပြင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ လွိုင်လင်မြို့နယ်၊ နားယမ်းကျေးရွာအုပ်စုနှင့် မိုင်းပွန်အုပ်စုကို ဆက်သွယ်သွား လာနိုင်တဲ့ မိုင်းပွန်-တီဟေး-ကုန်းပတ်လမ်း ၁၄ မိုင်ပေါ်ရှိ ဟွေတောက်ချောင်းကူးတံတား ၆၀ပေ×၁၂ပေ×၁၀ပေ တံတားသည်လက်ရှိအခြေအနေမှာ သစ်သားတံတားတစ်စင်း ဖြစ်ပြီး ကြမ်းခင်းများမှာဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်ပါသည်။ အဆိုပါတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင် တည်ဆောက်မည်ဆိုပါက ခန့်မှန်းတန်ဖိုး ၆၀ သန်းခန့်ကုန်ကျမှာဖြစ်ပြီး ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၃၉၂ အိမ်၊ လူဦးရေ ၂၀၀၀ ဦးခန့် အကျိုးပြုနိုင်မည် ဖြစ်ပါတယ်။ ဟွေတောက်တံတား ၆၀ပေ×၁၂ပေ×၁၀ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့တင်ပြ၍ ရန်ပုံငွေရရှိမှု အပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေကြောင်း ဆုမွန်ကောင်း

တောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်ဖြစ်ပါတယ်။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ် ၁ ဦးခွန်ဒီဂေါလ်ရဲ့မေးခွန်း နံပါတ် ၃ ဖြစ်တဲ့လွိုင်လင်မြို့နယ်၊ ပန်မုန့် ကျေးရွာအုပ်စုအတွင်းရှိ နောင်ခမ်းတံတားကို ၂၀၁၄ ခုနှစ်က တည်ဆောက်ခဲ့ပြီး ယခုအခါယိုယွင်းပျက်စီးနေပါသဖြင့် ပြည်နယ် အစိုးရ အနေဖြင့် ကွန်ကရစ်တံတားအဖြစ်သို့ တည်ဆောက် ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နောင်ခမ်း သစ်သားတံတား ၅၄ပေ×၁၆ပေ×၂၈ပေ သစ်သားတံတား တည်ဆောက်ခြင်းအား ၂၀၁၄ ခုနှစ်တွင်နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျပ်၅၄ သိန်းဖြင့် ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ နောင်ခမ်းသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ရှမ်းပြည်နယ် အစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေကျပ်သန်း ၅၄ သန်း ထည့်သွင်းလျာထားပေးမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။



D/real(wide) (2



**ဦးခွန်ဒီဂေါလ်၊လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။**

မေးခွန်းနံပါတ်(၃)ကတော့ လွိုင်လင် မြို့နယ်၊ ပန်မုန့်ကျေးရွာအုပ်စု အတွင်းရှိ သစ်သားတံတားပေအကျယ် ၄၀×၂၀×၁၀ ပေရှိတဲ့ သစ်သားတံတားဟာ ဆဟောင်းကျေးရွာအုပ်စု၊ ပန်မုန့်ကျေးရွာအုပ်စု၊ ဟဲနန်းကျေးရွာအုပ်စု၊ ဆနင်းကျေးရွာအုပ်စုစတဲ့ ကျေးရွာအုပ်စု များရှိ ပြည်သူများကနေ့စဉ် ဖြတ်သန်းသွားလာလျက် ရှိပါတယ်။ အရေးကြီးတဲ့ ကုန်ထုတ်လမ်းပေါ်မှာရှိတဲ့တံတား တစ်စင်းလည်း ဖြစ်ပါတယ်။ အဆိုပါ သစ်တားတံတားကို ၂၀၀၄ ခုနှစ်က စတင် ပြီးတော့မှ တည်ဆောက်ခဲ့ပြီး ယခုအခါ ပျက်စီးယိုယွင်းနေပါ တယ်။ တံတားကိုပြုပြင်ရန်သစ်ရရှိမှုခက်ခဲသဖြင့် သံကူကွန်ကရစ် တံတား အဖြစ် ပြုပြင်တည်ဆောက်ပေးနိုင်မည့် အခြေအနေများကို သိရှိလိုပါ၍ လွှတ်တော်မှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်များမှ ကဏ္ဍအလိုက်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး။**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အစည်းအဝေးသို့တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးရဲ့ ကိုယ်စား ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မဲဆန္ဒနယ်အမှတ် ၁ မှ ရှမ်းပြည်နယ်

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရသုံးခန့်မှန်းခြေငွေစာရင်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင် ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အစည်းအဝေးကို တက်ရောက် လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးဦးခွန်သိန်းမောင်ဖြစ်ပါတယ်။ ကျွန်တော်အနေနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ဌာနအဖွဲ့အစည်း များရဲ့ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များကို ကြိုတင်ဖြန့်ဝေ



D/real(wide) (2



အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် အခွန်ရငွေ ခန့်မှန်းခြေငွေစာရင်းများ စုစည်းပေါင်းချုပ်ပြီးတော့ ရေးဆွဲထားပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်များ ရေးဆွဲ တဲ့နေရာမှာ စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်များနှင့်အညီ ရေးဆွဲထားပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းတွေကို အထက်ပါမူများနှင့်အညီ ရေးဆွဲပြုစုပြီးဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ တင်သွင်း အပ်ပါတယ်။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၄ အရ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားတဲ့ မူဘောင်အတွင်းမှ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာနက ရေးဆွဲပြုစုပေးတဲ့ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမှာ ဖြစ်ပါတယ်။

နှစ်လတ်ဘဏ္ဍာရေးမူဘောင်အဖြစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံး ဆိုင်ရာ ခန့်မှန်းခြေ ငွေစာရင်းများအား ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်မှစတင်ပြီး ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့တဲ့ နေရာမှာ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုငွေ ဖြည့်ဆည်းရန်ထောက်ပံ့ ပေးမည့်ပမာဏကို တိုင်းဒေသကြီး/ ပြည်နယ်များ၏လူဦးရေ၊ စုစုပေါင်းလူဦးရေ၊ ဆင်းရဲမှု ညွှန်းကိန်း၊ မြေဧရိယာအကျယ်အဝန်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေမှာ မြို့ပြ လူဦးရေအချိုး၊ တစ်ဦးကျ အခွန်ကောက်ခံမှုလူတစ်ဦးစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဘိုး

စတဲ့ ညွှန်းကိန်း ၆ ခုနဲ့ ချိန်ထိုးပြီး တွက်ချက်ခဲ့ပြီးတော့ နိုင်ငံတော်၏ လိုငွေနဲ့ ဂျီဒီပီအချိုး ၅ ရာခိုင်နှုန်းထက် မကျော်လွန်စေရန် သတ်မှတ် ရေးဆွဲခဲ့တဲ့အပြင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေကို ဥပဒေနှင့်အညီ ယခင်နှစ်လျာထားချက် အတိုင်း ထည့်သွင်းလျာထားကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ဘတ်ဂျက်လိုငွေ ကျပ်သန်းပေါင်း ၂၁၆၀၄၀၈ သန်း ဖြည့်ဆည်း ပေးမှာဖြစ်ပါတယ်။ ထောက်ပံ့ငွေအနေနှင့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ ထောက်ပံ့မှု ကတော့ ကျပ်သန်းပေါင်း ၅၅၀၀ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းကို အထက်ပါမူများနှင့်အညီ ရေးဆွဲပြီး ပြည်နယ်အစိုးရအဖွဲ့၏ ၂၄-၁၁-၂၀၁၅ ရက်စွဲပါ ပုံမှန် အစည်းအဝေး အမှတ်စဉ် ၁၇/၂၀၁၅ ဖြင့် အတည်ပြုချက် အရ ပြည်နယ်လွှတ်တော်သို့ တင်ပြအပ် ပါတယ်။ ပြည်နယ် လွှတ်တော်၏ အတည်ပြုချက်အရ ပြည်ထောင်စုဘဏ္ဍာရေး ကော်မရှင်သို့ တင်ပြနိုင်ရေး ပြည်ထောင်စု ဘဏ္ဍာရေး ဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ ရမှာဖြစ်ကြောင်း တင်ပြအပ် ပါတယ်။

၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှာ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းဟာ ဆားလုပ်ငန်းဌာနခွဲ ဦးစီးဌာနအဖြစ်ပြောင်းလဲ ကျင့်သုံး ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အောက်မှာရှိနေတဲ့ ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန နှစ်ခုပေါင်းပြီးတော့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအဖြစ် လည်းကောင်း၊ စိုက်ပျိုးရေး ဦးစီးဌာနနှင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန နှစ်ခုပေါင်းပြီး



D/real(wide) (2



ပေးထားတဲ့ စာရင်းအားလုံး ၉ မျိုးရှိပါတယ်။ အမှတ်စဉ် (၁) ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးပို့တဲ့ Citizen Budget ၁ စောင်၊ အမှတ်စဉ် (၂) ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေ၏ ရသုံးခန့်မှန်းခြေ ငွေစာရင်း Power Point စာအုပ်၊ အမှတ်စဉ် (၃) ရှမ်းပြည်နယ် ဘဏ္ဍာ ရန်ပုံငွေ၏ ငွေလုံးငွေရင်းအသုံးစရိတ် အသေးစိတ်စာရင်း၊ အမှတ်စဉ် (၄) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းဖြစ်ပြီး၊ အမှတ်စဉ် (၅) ပြည်နယ်ဒေသဖွံ့ဖြိုးရေးကြီးကြပ်ရေးရုံး၏ ငွေလုံး ငွေရင်း အသုံးစရိတ်စာရင်း၊ အမှတ်စဉ် (၆) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ ငွေလုံး ငွေရင်းအသုံးစရိတ်စာရင်း၊ အမှတ်စဉ် (၇) စည်ပင်သာယာရေးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်း၊ အမှတ်စဉ် (၈) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာန၏ ရသုံးခန့်မှန်းခြေငွေစာရင်း၊ အမှတ်စဉ် (၉) လမ်းဦးစီးဌာန၏ ရသုံး ခန့်မှန်းခြေ ငွေစာရင်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အသေးစိတ်လေ့လာနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစပြီး ပြည်နယ် ဘဏ္ဍာရန်ပုံငွေ အစီအစဉ်အနေနဲ့ ဆောင်ရွက်တဲ့ နေရာမှာ အခြေခံမူအားဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ အဖွဲ့အစည်း များဟာ ရငွေတွေကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေကို ပေးသွင်းပြီး သုံးငွေတွေကို ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ဘောင် အတွင်းမှာ တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်း များနှင့်အညီ ထုတ်ယူ သုံးစွဲလျက်ရှိကြောင်း တင်ပြအပ် ပါတယ်။ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ပတ်သက်ပြီး ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်အတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တိုင်း/ဒေသအပါအဝင် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်

စိုက်ပျိုးရေးဦးစီးဌာနအဖြစ် လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ ဒုတိယ(၆)လပတ်မှ စတင်ပြီးရန်ပုံငွေကို ရေးဆွဲထား ပါကြောင်း တင်ပြအပ်ပါတယ်။ တင်ပြပါဇယားအနေနဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်အရအသုံး ခန့်မှန်းခြေ ငွေစာရင်းဖြစ် ပါတယ်။

ရငွေအနေနှင့်သာမန်ရငွေမှာ ကျပ်သန်းပေါင်း ၃၃၂၉၃. ၁၀၄ သန်းရရှိပြီး သာမန်အသုံးစရိတ်အနေနှင့် ကျပ်သန်းပေါင်း ၉၅၀၈၉. ၂၃၄ သန်းဖြစ်တဲ့အတွက် အသုံးစရိတ်နှင့် ရငွေခြားနားခြင်းမှာ လိုငွေ ကျပ်သန်းပေါင်း ၆၁၇၉၆. ၁၃၀ သန်းဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ငွေလုံးငွေရင်း အနေနှင့်ရငွေ အနေနှင့် ၀. ၀၅၇ သန်းဖြစ်ပြီး အသုံးစရိတ်အနေနှင့် ကျပ်သန်းပေါင်း ၁၅၄၆၁၁. ၉၂၇ သန်းသုံးစွဲရမှာဖြစ်တဲ့အတွက် အသုံးစရိတ်နှင့်ရငွေ ခြားနားခြင်းသည် လိုငွေအဖြစ်ကျပ်သန်းပေါင်း ၁၅၄၆၁၁. ၈၇၀ သန်းပေါ်ပေါက်လာမှာဖြစ် ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်အနေဖြင့် ရငွေအနေနဲ့ ကျပ်သန်းပေါင်း ၃၃၂၉၃. ၁၆၁ သန်းဖြစ်ပြီး စုစုပေါင်း အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၂၄၉၇၀၁. ၁၆၁ သန်းဖြစ်တဲ့အတွက် လိုငွေသည် ကျပ်သန်းပေါင်း ၂၁၆၄၀၈. ၀၀သန်းဖြစ်ပါတယ်။ လိုငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်တင်းပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဝန်ကြီးဌာနနဲ့ ဦးစီးဌာနအနေနှင့်ရငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၈၆၈၄. ၄၆၆ သန်း ဖြစ်ပြီး၊ အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၂၁၉၀၄၇. ၁၆၆ သန်းဖြစ်မှာဖြစ်တဲ့အတွက် အသုံးစရိတ်နှင့် ရငွေခြားနားခြင်း လိုငွေကျပ်သန်းပေါင်း ၂၃၀၀၆၂. ၇၀၀ သန်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ရငွေကျပ်သန်း ၄၀ ဖြစ်ပြီး အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၁၆၀၈၅. ၃၀၀ သန်းဖြစ်တဲ့





ကျပ်သန်းပေါင်း ၁၆၈၂၄၂. ၉၄၁ သန်းဖြစ်တဲ့အတွက် လိုငွေအနေဖြင့် ကျပ်သန်းပေါင်း ၁၆၆၉၆၅. ၃၅၄ သန်းလိုမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဖော်ပြပါအတိုင်း ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အောက်မှာ ဦးစီးဌာနများအနေဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန ပါဝင်မှာဖြစ်ပြီး ပြည်ထဲရေး အနေဖြင့် ရငွေပေါင်းသည် ၇၆၇. ၇၀၂ သန်း၊ သုံးငွေအနေဖြင့် ကျပ်သန်းပေါင်း ၃၄၁၃၉. ၈၉၉ သန်းဖြစ်သည့် အတွက် လိုငွေအနေနဲ့ ပြည်ထဲရေးအနေဖြင့် ကျပ်သန်းပေါင်း ၃၃၃၇၂. ၁၉၇ သန်းလိုအပ်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းတို့၏ စုစုပေါင်း သာမန်နှင့် ငွေလုံးရငွေသည် ကျပ်သန်းပေါင်း ၁၀. ၂၂၀ သန်း ဖြစ်ပြီး သုံးငွေအနေဖြင့် ကျပ်သန်းပေါင်း ၂၀၁၉. ၉၄၀ သန်းဖြစ်တဲ့အတွက် သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျပ်သန်းပေါင်း ၂၀၀၉. ၇၂၀ သန်း လိုအပ်မှာဖြစ်ပါတယ်။ ထိုနည်းတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန လိုငွေ ကျပ်သန်းပေါင်း ၆၈၄၆. ၄၇၃ သန်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဝန်ကြီးဌာန စုစုပေါင်း သာမန်နှင့်ငွေလုံးရငွေသည် ၂၀. ၃၂၃ သန်းဖြစ်ပြီး သုံးငွေ အနေဖြင့် ကျပ်သန်းပေါင်း ၁၃၃၄. ၅၉၄ သန်းဖြစ်သည့်အတွက် လိုငွေသည် ကျပ်သန်းပေါင်း ၁၃၁၄. ၂၇၁ သန်းဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန စုစုပေါင်းရငွေအနေဖြင့် ၁၄၅. ၆၈၈သန်း၊ သုံးငွေအနေနဲ့ ၃၆၃၈. ၆၉၈ သန်းဖြစ်တဲ့အတွက် လိုငွေသည် ၃၀၄၉၃. ၀၁၀

သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း သာမန်ရငွေ ကျပ်သန်း ၄၀၊ သုံးငွေအနေဖြင့် ၅. ၃၀၀ သန်းဖြစ်ပြီး ပိုငွေပေါ် ပေါက် ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၁၆၀၈၀. ၀၀ သန်းဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် စုစုပေါင်းလိုငွေသည် ကျပ်သန်းပေါင်း ၁၆၀၄၅. ၃၀၀သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားကစား ဝန်ကြီးဌာန စုစုပေါင်းရငွေအနေဖြင့် ၉၂. ၇၇၈ သန်းဖြစ်ပြီး၊ သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်သည် ကျပ်သန်းပေါင်း ၂၃၁၇. ၅၀၀ သန်းဖြစ်တဲ့အတွက် လိုငွေကျပ်သန်းပေါင်း ၂၂၂၄. ၇၂၂ သန်း ပေါ်ပေါက်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာန၊ ဆားလုပ်ငန်းဦးစီးဌာန လိုငွေ မှာ ၄၇. ၅၄၇ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာန အသုံးစရိတ်အနေဖြင့် သာမန်အသုံးစရိတ်မှာ ၁၇၆. ၅၉၀ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ၁၇၂ သန်း၊ လိုငွေသည်ကျပ်သန်းပေါင်း ၃၄၈. ၅၉၀ သန်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန လိုငွေသည် စုစုပေါင်း ကျပ်သန်းပေါင်း ၂၁၆၆. ၁၉၅ သန်းရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရငွေစုစုပေါင်းသည် ၁၆၇. ၇၃၀ သန်း ဖြစ်ပြီး သုံးငွေအနေဖြင့် စုစုပေါင်း ကျပ်သန်းပေါင်း ၉၉၂၆၅. ၀၉၅ သန်း၊ လိုငွေအနေဖြင့် ကျပ်သန်းပေါင်း ၉၉၀၉၇. ၃၆၅ သန်းဖြစ်ပါတယ်။ ကုန်တင်ကုန်ချကော်မတီရုံး အသုံးစရိတ် ၂၃. ၅၃၉ သန်း၊ လိုငွေ ၂၃. ၅၃၉ သန်းဖြစ်ပြီး၊





အတွက် လိုငွေအနေဖြင့် ကျပ်သန်းပေါင်း ၁၆၀၄၅. ၃၀၀ သန်းဖြစ်ပါတယ်။ ဒါကတော့လျှပ်စစ်လုပ်ငန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ရငွေသည် ကျပ်သန်းပေါင်း ၁၄၆၅၈. ၆၉၅ သန်းဖြစ်ပြီး၊ အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၁၄၆၅၈. ၆၉၅ သန်း ပြန်လည်သုံးစွဲသွားမှာဖြစ်တဲ့အတွက် လိုငွေ ပိုငွေမရှိကြောင်းတင်ပြအပ်ပါတယ်။ တင်ပြခဲ့သည့်အတိုင်း ရငွေသည် ကျပ်သန်းပေါင်း ၃၃၂၉၃. ၁၆၁ သန်းဖြစ်ပြီး အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၂၄၉၇၀၁. ၁၆၁ သန်း ဖြစ်တဲ့အတွက် လိုငွေသည် ကျပ်သန်းပေါင်း ၂၁၆၄၀၈. ၀၀သန်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ဖော်ပြပါ ဇယားကတော့ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဖြစ်ပါတယ်။ အချိန်ကို တန်ဘိုးထားသော အားဖြင့် အကျဉ်းချုပ်တင်ပြသွားမှာဖြစ်ပါတယ်။

ဗဟိုအဖွဲ့အစည်းများအနေဖြင့် ရငွေသာမန်စာရင်းမှာ ရငွေ၊ သုံးငွေ၊ လိုငွေဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ရငွေမရှိပါဘူး။ သုံးငွေသည် ကျပ်သန်းပေါင်း ဖော်ပြပါအတိုင်း ၄၆၇၂၂. ၉၂၈ သန်းဖြစ်တဲ့အတွက် လိုငွေအနေဖြင့် ကျပ်သန်းပေါင်း ၄၆၇၂၂. ၉၂၈ သန်း လိုအပ်မှာဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းများ အနေဖြင့် လိုငွေသည် စုစုပေါင်း ကျပ်သန်းပေါင်း ၄၉၄၁၉. ၁၀၇ သန်းဖြစ်မှာဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းထဲမှာ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ တရားရုံးများ၊ ဥပဒေရုံးနှင့် စာရင်းစစ်ရုံးများ ပါဝင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမှတ်စဉ်(၂)မှာတော့ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့များ၏ သာမန်ရငွေ၊ သာမန်သုံးငွေ၊ လိုငွေဖြစ်ပါတယ်။ ငွေလုံး ငွေရင်း အတွက် သုံးငွေ၊ လိုငွေဖြစ်ပါတယ်။ စုစုပေါင်း ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့များ၏ ရငွေသည် ကျပ်သန်းပေါင်း ၁၂၇၇. ၅၈၇ သန်းဖြစ်ပြီး သုံးငွေအနေဖြင့်

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနများမှ အခွန်အကောက် ရငွေ စုစုပေါင်း ၁၁၄၃. ၁၈၇ သန်းရရှိမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ခွဲဝေပေးတဲ့ သွင်းကုန်တင်သွင်းမှုအပေါ်မှာ ကောက်ခံရရှိသည့်ငွေမှအပ ဖြစ်သည့် ကျပ်ငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန်မှရရှိငွေ၏ ၁၅% အခွန်ဝေစုအရ ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်မှ ခွဲဝေရရှိသည့် ငွေရပ်အနေဖြင့် ကျပ်သန်း ၁၄၀၀. ၂၉၀ သန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ သာမန်ငွေစာရင်းထဲတွင် ရငွေအဖြစ် ထည့်သွင်း လျာထားပါကြောင်းတင်ပြအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ခုနှစ်တွင် ရရှိမည့် သာမန်အသုံးစရိတ်ကို ခေါင်းစဉ်အလိုက် ခွဲခြားဖော်ပြခြင်းဖြစ်ပါတယ်။ ဌာနအသီးသီး၏ လစာစရိတ်၊ ခရီးစရိတ်၊ ပစ္စည်းနှင့်လုပ်အားခ၊ ဓာတ်ဆီနှင့်စက်သုံးဆီ၊ ပြင်ဆင်ထိန်းသိမ်းရေးလွှဲပြောင်းစရိတ်၊ ဧည့်ခံစရိတ်၊ အခြား အသုံးစရိတ်၊ ထောက်ပံ့ကြေး၊ ပင်စင်၊ စီမံနှင့်သုတေသန လုပ်ငန်းများ ဆိုတဲ့ ခေါင်းစဉ်တွေပါဝင်ပါတယ်။ စုစုပေါင်း သာမန်အသုံးစရိတ်အနေဖြင့် လစာကို ကျပ်သန်းပေါင်း ၃၁၁၃၃. ၈၇၈ သန်းသုံးစွဲသွားမှာ ဖြစ်ပါတယ်။ ခေါင်းစဉ်နှင့်အညီ သုံးစွဲမှုဖြစ်တဲ့အတွက် စုစုပေါင်း သာမန် အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၉၅၀၈၉. ၂၃၄ သန်းရှိမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်ကို သက်ဆိုင်ရာဌာန အဖွဲ့အစည်း အသီးသီးမှ သုံးမည့်လုပ်ငန်းများတွင် ဆောက်လုပ်ရေး ပစ္စည်းနှင့် ပရိဘောဂ ဝယ်ယူခြင်း၊ မော်တော်ယာဉ်များ အသုံးစရိတ်၊ ဒေသဖွံ့ဖြိုးရေး၊ အခြားအတွက်သုံးစွဲမှာဖြစ်ပြီး စုစုပေါင်း ဒေသဖွံ့ဖြိုးရေး အတွက်သုံးစွဲမည့် အသုံးစရိတ်သည်





ငွေလုံးငွေရင်းအသုံးစရိတ်မရှိပါ။ ထို့ကြောင့် စုစုပေါင်းလိုငွေ အနေဖြင့် ၂၃. ၅၃၉ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စည်ပင်သာယာရေးဌာန၊ ရငွေအနေဖြင့် သာမန်စာရင်းမှာ ၁၄၅၆၈. ၆၃၈ သန်းဖြစ်ပြီး သုံးငွေအနေဖြင့် ကျပ်သန်းပေါင်း ၆၇၂၇. ၁၀၂ သန်းဖြစ်တဲ့အတွက် ပိုလျှံငွေသည် ၇၈၄၁. ၅၃၆ သန်းဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ရငွေအနေဖြင့် ၀. ၀၅၇ ဖြစ်ပြီး သုံးငွေအနေဖြင့် ကျပ်သန်းပေါင်း ၇၈၄၁. ၅၉၃ သန်းဖြစ်တဲ့အတွက် လိုငွေ အနေဖြင့် ကျပ်သန်းပေါင်း ၇၈၄၁. ၅၃၆ သန်းဖြစ်ပါတယ်။ စုစုပေါင်းရငွေနှင့် စုစုပေါင်း အသုံးစရိတ်ကို ရေးဆွဲ ထားတဲ့အတွက် ပိုငွေ လိုငွေမရှိကြောင်းတင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ၂၀၁၆ -၂၀၁၇ ခုနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ လိုငွေသည် ကျပ်သန်းပေါင်း ၂၁၆၄၀၈. ၀၀ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါငွေကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဖြည့်တင်းပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ရငွေသည် ကျပ်သန်းပေါင်း ၁၇၃၄၅. ၆၅၇ သန်းဖြစ်ပါတယ်။ ရရှိတဲ့ အရင်းအမြစ်ကတော့ ရေအားလျှပ်စစ်ကနေပေးသွင်းတဲ့ Royalty Fees ရမှာဖြစ်ပါတယ်။ ပြတိုက်ဝင်ကြေး၊ နယ်စပ်ဖြတ်သန်းခ ၃%၊ CPD မူဆယ်ကနေရငွေ ၂၃%ပေးသွင်းခြင်း၊ မြေအသုံးချမှုပရီမီယံကြေးပေးသွင်းခြင်း၊ အင်းလေးဇုန်ဝင်ခွင့်မှ ကောက်ခံငွေရရှိခြင်း၊ ရုပ်ရှင်လုပ်ငန်းမှ ရငွေ ဝန်ဆောင်ခမှုရငွေ၊ ချယ်ရီမြိုင်တည်ဆောက်ရေး စီမံကိန်းမှ ၂၃%ရငွေနှင့် ကုန်သွယ် လုပ်ငန်းခွန် ယခုနှစ်မှစတင်ရရှိပါတယ်။ ကောက်ခံရရှိငွေ၏ ၁၅%ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇မှာရရှိမည့် အခွန်ဝေစု ဖြစ်ပါတယ်။ ရေအရင်းအမြစ်ဦးစီးဌာနရငွေ၊ သတင်းစာ အဟောင်း ရောင်းရငွေ၊ ထောက်ပံ့ငွေမှရငွေနှင့် အခွန်များ



D/real(wide) (2

ရငွေများဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော် အနေဖြင့် မရှိပါ။ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနဝင်ငွေ အနေဖြင့် ၇၆၄. ၃၀၂ သန်း ရရှိမှာဖြစ်ပါတယ်။ ယစ်မျိုးခွန်၊ မြေယာပေါ်မှာကောက်ခံတဲ့အခွန်၊ ဓာတ်သတ္တု ပစ္စည်းများထုတ်လုပ်တဲ့အတွက် ကောက်ခံရရှိတဲ့အခွန်၊ ပစ္စည်း များရောင်းချရငွေနှင့် အခြားရငွေများ ရရှိခြင်းဖြစ်ပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းရငွေ ၂. ၆၅၀ သန်း၊ စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ၂၈. ၆၅၀ သန်း၊ သစ်တောဦးစီးဌာန ရငွေ ကျပ်သန်းပေါင်း ၁၄၄. ၆၈၈ သန်း ရရှိမှာဖြစ်ပြီး ပစ္စည်းများ ရောင်းချရငွေများ၊ ငှါးရမ်းခများ၊ အခွန်အခများ၊ ဒဏ်ငွေများ၊ ဘဏ္ဍာငွေအဖြစ်သိမ်းယူခြင်းများနှင့် အခြားရငွေများ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လျှပ်စစ်ဓာတ်အားရငွေ ကျပ်သန်း ၄၀ ဖြစ်ပြီး တင်ဒါလျှောက်လွှာရောင်းချခြင်းမှ ရရှိခြင်းဖြစ်ပါတယ်။

အားကစားနှင့်ကာယပညာဦးစီး ဌာနရငွေ ၉၂. ၇၇၈ သန်းဖြစ်ပြီး ပြည်နယ်/ခရိုင်၊ မြို့နယ်များရှိ ဆိုင်ခန်း၊ တိုက်ခန်း၊ မြေနေရာငှါးရမ်းခများမှ ရရှိငွေများဖြစ်ပါတယ်။ ဆားလုပ်ငန်းဌာနခွဲ ၃. ၄ သန်းရရှိပါတယ်။ လမ်းဦးစီးအနေဖြင့် ကျပ်သန်းပေါင်း ၁၃၉. ၇၂၀ သန်းရရှိမှာ ဖြစ်ပါတယ်။ ရရှိတဲ့ အကြောင်းအရင်း ကတော့ ပြည်နယ် လမ်း၊ တံတားအသုံးပြုခ၊ ဂိတ်များ လေလံကြေးများ၊ တင်ဒါ လျှောက်လွှာရောင်းရငွေ၊ လမ်းအသုံးပြုခ နှင့် အခြားရငွေများမှ ရရှိတဲ့အကြောင်း တင်ပြအပ်ပါတယ်။ စည်ပင်ရဲ့ သာမန်ရငွေသည် ကျပ်သန်းပေါင်း ၁၄၅၆၈. ၆၃၈ သန်းဖြစ်ပြီး စည်ပင်သာယာရေးဆိုင်ရာ ရငွေများမှ ရရှိခြင်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းရငွေ ၀. ၀၅၇ သန်းဖြစ်ပြီး မတည် ပစ္စည်းများ ရောင်းချရငွေဖြစ်ပါတယ်။ ရငွေအနေဖြင့် စုစုပေါင်း ကျပ်သန်းပေါင်း ၃၃၂၉၃. ၁၆၁သန်းဖြစ်ကြောင်း တင်ပြအပ် ပါတယ်။





ကျပ်သန်းပေါင်း ၁၂၀၇၂၈. ၁၇၁ သန်းဖြစ်တဲ့အတွက်ကြောင့် ဒေသဖွံ့ဖြိုးရေးကို ဦးစားပေးပြီး ရငွေ အသုံးစရိတ်၏ ရာခိုင်နှုန်း ၇၀ကျော်ကို သုံးစွဲထားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိတဲ့ ထောက်ပံ့ငွေ အပေါ်မူတည်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ နေရာမှာ ပြည်သူတို့၏ လူမှုစီးပွားကို တိုက်ရိုက် အကျိုးပြုတဲ့ ပြည်သူလူထုချက်ချင်းအကျိုးခံစား ရမဲ့ Quick Win ရရှိမည့် လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်ထားပါကြောင်း ဖော်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ ခုနှစ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းကို ဖော်ပြပါအတိုင်းဘဲ သာမန် ရငွေအနေဖြင့် ကျပ်သန်းပေါင်း ၃၃၂၉၃. ၁၀၄သန်း၊ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း ၉၅၀၈၉. ၂၃၄ သန်းဖြစ်တဲ့အတွက် အသုံးစရိတ်နှင့် ရငွေခြားနားခြင်းမှာ လိုငွေ ၆၁၇၉၆. ၁၃၀ သန်းဖြစ်ပါတယ်။ ငွေလုံးငွေရင်းအနေဖြင့် ၀. ၀၅၇ သန်းရရှိပြီး အသုံးစရိတ် ကျပ်သန်းပေါင်း ၁၅၄၆၁၁. ၉၂၇ သန်းဖြစ်တဲ့အတွက် အသုံးစရိတ်နှင့် ရငွေခြားနားခြင်းသည် ကျပ်သန်းပေါင်း ၁၅၆၄၁၁. ၈၇၀ သန်း လိုမှာဖြစ် ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ စုစုပေါင်း ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာ သုံးစွဲမည့် B.E ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း ၂၄၉၇၀၀. ၁၆၁သန်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မှတ်ရလွယ်အောင် ၂၄၉. ၇၀၁ ဘီလီယံ သုံးစွဲသွားမှာဖြစ်ပါတယ်။ လိုငွေအနေဖြင့် ကျပ်သန်းပေါင်း ၂၁၆၄၀၈. ၀၀ သန်းတစ်နည်းအားဖြင့် ၂၁၆. ၄၀၈ ဘီလီယံ လိုမှာဖြစ်ပါတယ်။ လိုငွေတွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေ ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။



D/real(wide) (2

ဖော်ပြပါ ရသုံး ခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ်လွှတ်တော်မှာ အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံး ခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ သောကြာနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ယခုနေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေး ကို ၁နာရီ မိနစ် ၃၀ ရပ်နားပါမယ်။



D/real(wide) (2



# ရှမ်းပြည်နယ်

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (ပထမနေ့)မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက်

## ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

## [ ကြာသပတေးနေ့ (နေ့လည်ပိုင်း)]

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား၊ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့) နေ့လည်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပ ပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော်အခကြေးငွေ (Royalty Fees) ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၁၅ အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော်အခကြေးငွေ (Royalty Fees) ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၊၂၂/၂၀၁၅ အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြသော တာဝန်ရှိပုဂ္ဂိုလ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၈၊ အပိုဒ်ခွဲ (ခ)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ထားရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော်အခကြေးငွေ



D/real(wide) (3



**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို နေ့လည် (၁၃း၃၀) နာရီတိတိအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

(Royalty Fees)ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၁၅ ဖြင့် ဆောင်ရွက်ထားရှိမှုကို လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄၊ ဇယား (၅)၊ အပိုဒ် (၈)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများဟု ပြဋ္ဌာန်းပါရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အတွင်းရှိ မြေသယံဇာတ အရင်းအမြစ်ကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရန်နှင့် ဖြည့်ဆည်းပေးရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ဆောင်မှု လုပ်ငန်းအတွက် ဘဏ္ဍာတော်အခကြေးငွေ (Royalty Fees)ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၁၅ ကို (၅-၆-၂၀၁၅) ရက်နေ့ တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ထံလည်း ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ကြောင်းနှင့် ရှင်းလင်းရာတွင် အချိန်ကို တန်ဖိုးထားသောအားဖြင့် အသေးစိတ်မရှင်းပြတော့ဘဲ အကျဉ်းချုပ် ရှင်းပြသွားမှာ ဖြစ်ပါတယ်။

ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာနှင့် ပတ်သက်ပြီး မြေအသုံးချဝန်ဆောင်ခ ဆောင်ရွက်ထားရှိမှု အနေအထားမှာ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှ စပြီး အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် အကျိုးသက်ရောက်မှုရှိပြီး ၇/၂၀၁၅တွင် ကျပ်သန်းပေါင်း (၁၉၀. ၇၇၂)သန်း၊ ၈/၂၀၁၅တွင် ကျပ်သန်းပေါင်း (၄၁၅. ၈၈၇)သန်း၊ ၉/၂၀၁၅ တွင် ကျပ်သန်းပေါင်း (၇၄၉. ၆၉၀)သန်း၊ (၁၀/၂၀၁၅)တွင် ကျပ်သန်းပေါင်း



D/real(wide) (3



ယခုလိုဆောင်ရွက်ရသည့်အကြောင်းရင်းမှာ ပြည်သူများသည် မိမိတို့နေထိုင်နေသော နေရာတွင် ပုံစံ (၁၀၅) မရှိသည့်အတွက် ခိုင်မာမှုရှိရန်၊ နောင်တွင် တစ်ဦးမှ တစ်ဦး လွှဲပြောင်းရောင်းချရာတွင်လည်း နိုင်ငံတော်အနေဖြင့် အခွန်အခ ရရှိရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

အပိုင်း(၃)တွင် လယ်ယာမြေကို အခြားနည်းအသုံးပြုရေး အတွက် မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့် ဖြစ်ပါတယ်။ ကျေးလက်ဒေသများတွင် ဖြစ်ပေါ်နေသည့် စည်ပင်သာယာရေး ဧရိယာအတွင်းတွင် မပါဝင်သည့် လုပ်ငန်းများ၊ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်အတွက် ၁၀၅ ရေးကူးခွင့်ကို ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ဆောင်ရွက်ပုံကို ဖော်ပြထားပါတယ်။ လူနေထိုင်ရန်အတွက် (၁)ပေပတ်လည်တွင် (၂၀)ကျပ်ဖြင့် သတ်မှတ်ပြီးတော့ ၁၀၅ ရေးကူးခွင့်ကို ဆောင်ရွက်ပေးပါတယ်။ လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် စီးပွားရေးလုပ်ငန်း ဆောင်ရွက်လျှင် (၁)ပေ ပတ်လည်တွင် (၁၀၀)ကျပ်နှုန်းဖြင့် ပေးသွင်းရမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

အပိုင်း(၄)တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ကိုင်ခွင့်အတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများ ပါဝင်ပြီး လျှောက်ထားမြေအတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်ပြုပါက ဆောင်ရွက်ခ (Royalty Fees)ကို မြန်မာ့စီးပွားရေးဘဏ်တွင် တစ်ဧကလျှင် ကျပ် ၁၀၀၀၀/-(တစ်သောင်းကျပ်)နှုန်းဖြင့် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် ငွေစာရင်းခေါင်းစဉ်ဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

အပိုင်း(၅)တွင် ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်း အတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်ဖြစ်ပါတယ်။ ပြည်နယ်အတွင်းရှိ ဓာတ်သတ္တုများတူးဖော်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့်

လိုအပ်သည့် အချက်အလက်များကို ဖော်ပြထားပါတယ်။ ကုမ္ပဏီသည် ပြည်နယ်အစိုးရအဖွဲ့မှ သတ္တုလုပ်ငန်းအတွက် လုပ်ကိုင်အသုံးပြုခွင့်ပေးကြောင်း သဘောထားမှတ်ချက် ပြုသည့်အခါ မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်ပြုသည့် အတွက် မြန်မာ့စီးပွားရေးဘဏ်တွင် ပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်ထားသည့် ငွေစာရင်းခေါင်းစဉ်ဖြင့် အောက်ပါလုပ်ငန်းများအတိုင်း ပေးသွင်းရမှာ ဖြစ်ပါတယ်-

၁။ ရွှေ ၁ ဧကလျှင် ကျပ် ၁ သိန်းနှုန်း။

၂။ ခဲ၊ သွပ်၊ ကြေးနီ၊ ခနောက်စိမ်း၊ သံ၊ ခဲမဖြူ၊ သလင်းကျောက်၊ ဘရိုက်တီး၊ မဂ္ဂနီးစ်၊ မာဘယ်၊ ဒိုလိုမိုက် သတ္တုများအတွက် ၁ ဧကလျှင် ကျပ် ၅ သောင်းနှုန်း။

၃။ ကျောက်မီးသွေး ၁ ဧကလျှင် ကျပ် ၃ သောင်းနှုန်း။

၄။ ဂေါ်ဒန် ၁ ဧကလျှင် ကျပ် ၂ သောင်းနှုန်း။

၅။ ထုံးကျောက် ၁ ဧကလျှင် ကျပ် ၁ သောင်းနှုန်း။

အပိုင်း(၆)၊ မြေအသုံးချမှု ပရီမီယံကြေးမှာ စက်မှုနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သော မြေများအတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်ပြုရာတွင် လျှောက်ထားသူသည် မြေအသုံးချမှု ပရီမီယံကြေးအဖြစ် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ထားသော နည်းလမ်းနှင့် သတ်မှတ်ထားသော ငွေစာရင်းတွင် မြေတစ်ဧကလျှင် ကျပ်သိန်း ၃၀ နှုန်း ပေးသွင်းရမှာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေးသွင်းရခြင်း ဖြစ်ပါတယ်။ လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်မြေတစ်ဧကလျှင် သိန်း ၃၀ ပေးသွင်းရမှာ ဖြစ်ပါတယ်။



D/real(wide) (3



(၆၁၁. ၅၂၆)သန်း၊ စုစုပေါင်း ဇူလိုင်လမှ အောက်တိုဘာလအထိ ကျပ်သန်းပေါင်း ( ၁၉၆၇. ၈၆၈)သန်းကျော်ကို အစိုးရအဖွဲ့၏ ဘတ်ဂျက်ငွေစာရင်းတွင် ထည့်သွင်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၁၅ ဖော်ပြချက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၁၅၊ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၄)ရက်၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အတွင်းရှိ မြေသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရန် ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၅ အပိုဒ် ၈ အရ ဝန်ဆောင်မှုလုပ်ငန်းအတွက် ဘဏ္ဍာတော်အခကြေးငွေ (Royalty Fees)ကောက်ခံရေးဆိုင်ရာ အောက်ပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်ဆိုပြီး ပါရှိပါတယ်။

အပိုင်း (၇)ပိုင်း ပါရှိပြီး အပိုင်း (၁)တွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အပိုင်း(၂)တွင် မြေငှားဂရန်အသစ် လျှောက်ထားခြင်းအတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့် ပုံစံများကို ဖော်ပြထားပါတယ်။ ငွေပေးသွင်းရမည့်နှုန်းထားများမှာ စည်ပင်သာယာရေးဧရိယာအတွင်းရှိ ပထမတန်းစားမြေ (၁)စတုရန်းပေ (၅၀၀)ကျပ်၊ ဒုတိယတန်းစားမြေ (၁)စတုရန်းပေ (၃၀၀)ကျပ်၊ တတိယတန်းစားမြေ (၁)စတုရန်းပေ (၂၀၀)ကျပ်၊ စတုတ္ထတန်းစားမြေ (၁)စတုရန်းပေ (၁၀၀)ကျပ် ပေးသွင်းရမှာ ဖြစ်ပါတယ်။

ပစ္စည်းစာရင်း စစ်ဆေးခြင်းတို့အပြင် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တာဝန်ပေးချက်အရ စစ်ဆေးခြင်းတို့ကို အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြထားပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် အကျုံးဝင်သော ဗဟိုအဖွဲ့အစည်း ၅ ခု၊ ဦးစီးဌာန ၁၇ ခု၊ စီးပွားရေးအဖွဲ့အစည်း ၄ ခုနှင့် စည်ပင်သာယာရေးအဖွဲ့ ၁ ခု၊ စုစုပေါင်း ၂၇ ခု ပါဝင်ပါတယ်။ အခွန်ရငွေတွင် ၃၀၈၅.၇၉၅ သန်းရရှိခဲ့သည့်အတွက် လျာထားချက်ထက် ၈၄၈.၇၂၅ သန်း ပိုမိုရရှိခဲ့ပါတယ်။ သာမန်ရငွေအပိုင်းတွင် သန်းပေါင်း ၁၃၀၅၃၄.၀၇၉ ဖြစ်သည့်အတွက် လျာထားချက်ထက် ၆၀၉၄.၄၇၆ သန်းလျော့နည်းရရှိခဲ့ပါတယ်။

အသုံးစရိတ်ပိုင်းတွင် သာမန်အသုံးစရိတ်အနေဖြင့် အမှန်သုံးစွဲငွေ ၁၇၇၄၉၃.၅၄၂ သန်း ဖြစ်သည့်အတွက် ခွင့်ပြုထားငွေထက် ကျပ်သန်းပေါင်း ၁၂၆၅၈.၃၅၉ လျော့နည်းသုံးစွဲခဲ့ပါတယ်။ တနည်းအားဖြင့် ခွင့်ပြုငွေ ပိုလျှံခဲ့ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် အမှန်အသုံးစရိတ် ကျပ်သန်းပေါင်း ၁၈၈၀၈၁.၇၉၁ ဖြစ်ပြီး ခွင့်ပြုငွေထက် ကျပ်သန်းပေါင်း ၃၂၇.၆၅၉ လျော့နည်းသုံးစွဲခဲ့ပါတယ်။

အရအသုံးစာရင်းတွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် စာရင်းပိတ်လက်ကျန် ကျပ်သန်းပေါင်း ၄၃၉၉၉.၂၆၉ ဖြစ်ပါတယ်။ ငွေသားလက်ကျန်မှာ စီးပွားရေးဘဏ်နှင့် ငွေတိုက်ရုံး ၂ ရုံးတွင် ကျပ်သန်းပေါင်း ၈၆၅၀.၈၅၆ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးအသီးသီးသည် ပြည်နယ်အစိုးရ အဖွဲ့၏ ကြီးကြပ်မှု ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းလမ်းညွှန်ချက် အပေါ်တွင် ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၏ အနီးကပ် ကြီးကြပ်မှုဖြင့်





အပိုင်း(၇)တွင် အထွေထွေဖြစ်ပြီး ဤအမိန့်ကြော်ငြာစာသည် ပြည်နယ်အစိုးရအဖွဲ့မှ ဖျက်သိမ်းခြင်း မပြုသမျှ အတည်ဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤအမိန့်ကြော်ငြာစာပါ ပေးသွင်းရမည့်နှုန်းထားများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်ဟု ဖော်ပြထားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး ထုတ်ပြန်ထားခြင်း ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ ကောက်ခံရရှိသည့် (Royalty Fees)များကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရန် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်၊ ၁-၇/၂၀၁၅ ဆုံးဖြတ်ချက်အပိုဒ် ၅(ဆ)အရ ဆုံးဖြတ်ထားခြင်း ဖြစ်ပါတယ်။ ကောက်ခံရရှိသည့် ငွေများကိုလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၄ အပိုဒ်(က)အရ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပေးသွင်းပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၅၈၊ အပိုဒ် (ခ)အရ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

## ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ အစီအစဉ်အရ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်စာရင်းစစ်ချုပ်မှ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။



D/real(wide) (3

စစ်ဆေးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်အစိုးအဖွဲ့နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အခါအားလျော်စွာ ပေးအပ်သည့် စစ်ဆေးရေး တာဝန်များနှင့် အခြားတာဝန်များကိုလည်း ကျေပွန်စွာ ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ထိ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန လမ်း၊ တံတား၊ ရေပေးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ထိ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန လမ်း၊ တံတား၊ ရေပေးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေအား ပြည်နယ် လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး**။ ပထမ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာသော ရှမ်းပြည်နယ် လွှတ်တော်



D/real(wide) (3



**ရှမ်းပြည်နယ်စာရင်းစစ်ချုပ်**။ အားလုံးမင်္ဂလာပါခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ ဦးစွာ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ် အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁ (က)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၂၅၊ ၂၆ တို့အရ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပြဋ္ဌာန်းထားသည့်အလျောက် လုပ်ငန်းများဆောင်ရွက် ခဲ့ပြီး ယခုကျင်းပသည့်လွှတ်တော်အစည်းအဝေးအပါအဝင် လွှတ်တော် အစည်းအဝေးများသို့ ၄ ကြိမ် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အစီရင်ခံစာများတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယခုအစည်းအဝေးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အတွက် စစ်ဆေးတွေ့ရှိချက်များကို အစီရင်ခံ တင်ပြခြင်းဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ပထမ(၆)လပတ် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ စစ်ဆေးဆဲဖြစ်ပြီး ဘဏ္ဍာရေးနှစ်အကုန် မတ်လ ၃၁ ရက်နေ့အထိကာလကို နောက်ထပ် ဘဏ္ဍာရေးနှစ်တွင် တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အစီရင်ခံစာကို စာမျက်နှာ ၆၇ မျက်နှာ၊ စာပိုဒ် ၈၅ ခုနှင့် ပြုစုထားပြီး အကျဉ်းချုပ် တင်ပြသွားပါမယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေအရ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ စာရင်းများကို စစ်ဆေးရန်၊ အရအသုံးခန့်မှန်းခြေစာရင်းပါ ရငွေများ ပြည့်ဝစွာ ရရှိအောင် ဆောင်ရွက်ခြင်း ရှိ မရှိ၊ အသုံးစရိတ် များကို ထိရောက်စွာ သုံးစွဲခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ပြည်နယ်အတွင်းရှိ ဝန်ကြီးဌာနအလိုက် လုပ်ငန်း၊ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်း အကောင်အထည်ဖော်မှုကို စစ်ဆေးခြင်း၊ ၎င်းဌာနများ၏ ငွေစာရင်း၊

ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဂါရဝရှေ့ထား နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး ဝန်ကြီး ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ၏ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဌာန ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ် စည်ပင်သာယာရေး ဌာန၏ မြို့ပြလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ရေပေးရေးဆိုင်ရာလုပ်ငန်းများကို အကျဉ်းချုပ် တင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မြို့ပြလမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်း ဆောင်ရွက်မှုများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ မြို့ပြလမ်းလုပ်ငန်း ဆောင်ရွက်ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ရှမ်းတောင် ဒေသတွင် ကတ္တရာလမ်း (၆ မိုင် ၇. ၉၇ ဖာလုံ)၊ ကျောက်လမ်း (၆ မိုင် ၆. ၈၃ ဖာလုံ)၊ စုစုပေါင်း ၁၃ မိုင် ၆. ၈ ဖာလုံ၊ ရှမ်းမြောက်ဒေသတွင် ကတ္တရာလမ်း(၁၇ မိုင် ၂. ၀၁ ဖာလုံ)၊ ကျောက်လမ်း(၁ မိုင် ၇. ၉၃ ဖာလုံ)၊ စုစုပေါင်း ၁၉ မိုင် ၃. ၁၅ ဖာလုံ၊ ရှမ်းရှေ့တွင် ကတ္တရာလမ်း(၆ မိုင် ၄. ၉၆ ဖာလုံ)၊ ကျောက်လမ်း(၂. ၇၇ ဖာလုံ)၊ စုစုပေါင်း ၄၀ မိုင် ၁. ၆၈ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

မြို့ပြတံတားလုပ်ငန်းများဆောင်ရွက်ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေပြွန်တံတားနှင့် အခြားဟူ၍ (၄)မျိုးသတ်မှတ်ဆောင်ရွက်ခဲ့ပြီး ရှမ်းတောင်ဒေသတွင် ၁၅ စင်း၊ ရှမ်းမြောက်ဒေသတွင် ၄၄ စင်း၊ ရှမ်းရှေ့တွင် ၁၅ စင်း၊ စုစုပေါင်း ၇၄ စင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။





သတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် စုစုပေါင်း ၁၂ မိုင် ၅. ၄၈ ဖာလုံ၊ ရှမ်းမြောက်ဒေသတွင် စုစုပေါင်း ၁၂ မိုင် ၇. ၈၂ ဖာလုံ၊ ရှမ်းရှေ့တွင် စုစုပေါင်း ၇ မိုင် ၅. ၅၄ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မြို့ပြတံတားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေပြွန်တံတားနှင့် အခြားဟူ၍ (၄)မျိုးသတ်မှတ်ဆောင်ရွက်ခဲ့ပြီး ရှမ်းတောင်ဒေသတွင် ၃၃ စင်း၊ ရှမ်းမြောက်ဒေသတွင် ၁၄ စင်း၊ ရှမ်းရှေ့တွင် ၈ စင်း၊ စုစုပေါင်း ၅၅ စင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တွင်းတိမ်၊ တွင်းနက်၊ ရေကန်၊ စိမ့်စမ်း၊ လက်တူး၊ အခြား စသည်ဖြင့် ခွဲခြားသတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် ၂၄ ခု၊ ရှမ်းမြောက်တွင် ၁၉ ခု၊ ရှမ်းရှေ့တွင် ၃၁ ခု၊ စုစုပေါင်း ၇၄ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ကျေးလက်လမ်း၊ တံတားနှင့် ရေပေးရေး လုပ်ငန်းများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးလက်လမ်း လုပ်ငန်း ဆောင်ရွက်ရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ကတ္တရာ၊ ကွန်ကရစ်၊ ကျောက်၊ ဂဝံ၊ မြေ စသည်ဖြင့် သတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် စုစုပေါင်း ၁၁ မိုင် ၂. ၀၅ ဖာလုံ၊ ရှမ်းမြောက်ဒေသတွင် စုစုပေါင်း ၁၄ မိုင် ၄. ၂၂ ဖာလုံ၊ ရှမ်းရှေ့တွင် စုစုပေါင်း ၅ မိုင် ၅. ၄၆ ဖာလုံ၊ ရှမ်းပြည်နယ် တစ်ခုလုံးတွင် စုစုပေါင်း ၃၀ မိုင် ၃. ၇၃ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

ကျေးလက်တံတားလုပ်ငန်းများဆောင်ရွက်ရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေပြွန်တံတားနှင့် အခြားဟူ၍ (၄)မျိုးသတ်မှတ်

ဆောင်ရွက်ခဲ့ပြီး ရှမ်းတောင်ဒေသတွင် ၅ စင်း၊ ရှမ်းမြောက်ဒေသတွင် ၂ စင်း၊ ရှမ်းရှေ့တွင် ၂ စင်း၊ စုစုပေါင်း ၉ စင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျေးလက်ရေပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၌ တွင်းတိမ်၊ တွင်းနက်၊ ရေကန်၊ စိမ့်စမ်း၊ လက်တူး၊ အခြား စသည်ဖြင့် ခွဲခြားသတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် ၂၈ ခု၊ ရှမ်းမြောက်တွင် ၂၆ ခု၊ ရှမ်းရှေ့တွင် ၁၆ ခု၊ စုစုပေါင်း ၇၀ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်းဆောင်ရွက်ရာတွင် ကတ္တရာ၊ ကွန်ကရစ်၊ ကျောက်၊ ဂဝံ၊ မြေ စသည်ဖြင့် သတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် စုစုပေါင်း ၁၁ မိုင် ၀. ၀၇ ဖာလုံ၊ ရှမ်းမြောက်ဒေသတွင် စုစုပေါင်း ၁၄ မိုင် ၅. ၉၁ ဖာလုံ၊ ရှမ်းရှေ့တွင် စုစုပေါင်း ၁၀ မိုင် ၄. ၂၁ ဖာလုံ ၊ ရှမ်းပြည်နယ်တစ်ခုလုံးတွင် ၃၆ မိုင် ၂. ၁၉ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မြို့ပြတံတားလုပ်ငန်းများဆောင်ရွက်ရာတွင် ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေပြွန်တံတားနှင့် အခြားဟူ၍ (၄)မျိုးသတ်မှတ်ဆောင်ရွက်ခဲ့ပြီး ရှမ်းတောင်ဒေသတွင် ၂၄ စင်း၊ ရှမ်းမြောက်ဒေသတွင် ၃၇ စင်း၊ ရှမ်းရှေ့တွင် ၁၅ စင်း၊ စုစုပေါင်း ၇၆ စင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် တွင်းတိမ်၊ တွင်းနက်၊ ရေကန်၊ စိမ့်စမ်း၊ လက်တူး၊ အခြား စသည်ဖြင့် ခွဲခြားသတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် ၁၈ ခု၊ ရှမ်းမြောက်တွင် ၃၁ ခု၊ ရှမ်းရှေ့တွင် ၁၆ ခု၊ စုစုပေါင်း ၆၅ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ကျေးလက်လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ကတ္တရာ၊



D/real(wide) (3



မြို့ပြရေပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၌ တွင်းတိမ်၊ တွင်းနက်၊ ရေကန်၊ စိမ့်စမ်း၊ လက်တူး၊ အခြား စသည်ဖြင့် ခွဲခြားသတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် ၃၆ ခု၊ ရှမ်းမြောက်တွင် ၂၅ ခု၊ ရှမ်းရှေ့တွင် ၃၇ ခု၊ စုစုပေါင်း ၉၈ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ကျေးလက်လမ်းတံတားနှင့် ရေပေးရေးလုပ်ငန်းများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ရှမ်းတောင်ဒေသတွင် ကျောက်လမ်းနှင့် မြေလမ်းစုစုပေါင်း ၂၄ မိုင် ၇. ၂၅၆ ဖာလုံ၊ ရှမ်းမြောက်ဒေသတွင် ကျောက်လမ်းနှင့်မြေလမ်းစုစုပေါင်း ၄၂ မိုင် ၁. ၁၈ ဖာလုံ၊ ရှမ်းရှေ့တွင် ကျောက်လမ်းနှင့်မြေလမ်းစုစုပေါင်း ၅ မိုင် ၁. ၂၂ ဖာလုံ၊ ရှမ်းပြည်နယ်တစ်ခုလုံးတွင် စုစုပေါင်း ၇၂ မိုင် ၁. ၆၅၆ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

ကျေးလက်တံတားလုပ်ငန်းများဆောင်ရွက်ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေပြွန်တံတားနှင့် အခြားဟူ၍ (၄)မျိုးသတ်မှတ်ဆောင်ရွက်ခဲ့ပြီး ရှမ်းတောင်ဒေသတွင် ၁၃ စင်း၊ ရှမ်းမြောက်ဒေသတွင် ၄ စင်း၊ ရှမ်းရှေ့တွင် ၁ စင်း၊ စုစုပေါင်း ၁၈ စင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျေးလက်ရေပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၌ တွင်းတိမ်၊ တွင်းနက်၊ ရေကန်၊ စိမ့်စမ်း၊ လက်တူး၊ အခြား စသည်ဖြင့် ခွဲခြားသတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် ၃၆ ခု၊ ရှမ်းမြောက်တွင် ၄၁ ခု၊ ရှမ်းရှေ့တွင် ၁၇ ခု၊ စုစုပေါင်း ၉၄ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်းဆောင်ရွက်ရာတွင် ကတ္တရာ၊ ကွန်ကရစ်၊ ကျောက်၊ ဂဝံ၊ မြေ စသည်ဖြင့်

ကွန်ကရစ်၊ ကျောက်၊ ဂဝံ၊ မြေ စသည်ဖြင့် သတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် စုစုပေါင်း ၇ မိုင် ၆. ၅၈ ဖာလုံ၊ ရှမ်းမြောက်ဒေသတွင် စုစုပေါင်း ၁၂ မိုင် ၃. ၆၄ ဖာလုံ၊ ရှမ်းရှေ့တွင် စုစုပေါင်း ၈ မိုင် ၅. ၉၆ ဖာလုံ၊ ရှမ်းပြည်နယ်တစ်ခုလုံးတွင် စုစုပေါင်း ၂၉ မိုင် ၀. ၁၈ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

ကျေးလက်တံတားလုပ်ငန်းများဆောင်ရွက်ရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေပြွန်တံတားနှင့် အခြားဟူ၍ (၄)မျိုး သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ရှမ်းတောင်ဒေသတွင် ၂ စင်း၊ ရှမ်းမြောက်ဒေသတွင် ၂ စင်း၊ ရှမ်းရှေ့တွင် ၆ စင်း၊ စုစုပေါင်း ၁၀ စင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျေးလက်ရေပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ တွင်းတိမ်၊ တွင်းနက်၊ ရေကန်၊ စိမ့်စမ်း၊ လက်တူး၊ အခြား စသည်ဖြင့် ခွဲခြားသတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် ၁၇ ခု၊ ရှမ်းမြောက်တွင် ၂၀ ခု၊ ရှမ်းရှေ့တွင် ၁၂ ခု၊ စုစုပေါင်း ၄၉ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကတ္တရာ၊ ကွန်ကရစ်၊ ကျောက်၊ ဂဝံ၊ မြေ စသည်ဖြင့် သတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် စုစုပေါင်း ၁၄ မိုင် ၅. ၄၇ ဖာလုံ၊ ရှမ်းမြောက်ဒေသတွင် စုစုပေါင်း ၂၄ မိုင် ၃. ၄၁ ဖာလုံ၊ ရှမ်းရှေ့တွင် စုစုပေါင်း ၁၂ မိုင် ၆. ၂၇ ဖာလုံ ၊ ရှမ်းပြည်နယ် တစ်ခုလုံးတွင် ၅၁ မိုင် ၇. ၁၅ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့ပြတံတားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေပြွန်တံတားနှင့် အခြားဟူ၍ (၄)မျိုးသတ်မှတ်ဆောင်ရွက်ခဲ့ပြီး ရှမ်းတောင်ဒေသတွင် ၃၃ စင်း၊ ရှမ်းမြောက်ဒေသတွင် ၃၆ စင်း၊



D/real(wide) (3



**ဦးကျောက်တယ်ချန်။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်၊ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချန် ဖြစ်ပါတယ်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နယ်မြေ အခြေအနေ နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်မှ သိရှိမှတ်တမ်းတင် နိုင်ရန်အတွက် အစီရင်ခံတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို (၉-၂-၂၀၁၅)ရက်နေ့မှ စတင်၍ MNDAA ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များ ဦးစီးအဖွဲ့ရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းတချို့အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ရာမှ ဒေသတစ်ခုလုံးရဲ့ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားခဲ့ပါတယ်။

ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပျက်ပြားခဲ့ရခြင်းကြောင့် ဒေသအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးယန္တရားများ အားလုံးလဲ ရပ်ဆိုင်းခဲ့ရပါတယ်။ ထိုကဲ့သို့ အခြေအနေများကြောင့် ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် (၁၇-၂-၂၀၁၅)ရက်နေ့တွင် နိုင်ငံတော်အစိုးရမှ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅)ဖြင့် အရေးပေါ် အခြေအနေ ထုတ်ပြန်ကြေညာခဲ့သည့်အပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၃(ခ)အရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအား စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ အုပ်ချုပ်စေခဲ့ပါတယ်။

(၁၇-၅-၂၀၁၅)ရက်နေ့တွင် အရေးပေါ်အခြေအနေနှင့် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ထားသည့် ရက်ပေါင်း(၉၀) ပြည့်ခဲ့သော်လည်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ဟာ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်း မရှိသည့်အတွက် အဆိုပါအမိန့်များအား ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ ဆက်လက်အတည်ဖြစ်စေရေး (၁၅-၅-၂၀၁၅)ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှ သဘောတူညီချက်ဖြင့် အရေးပေါ်အခြေအနေနှင့် စစ်အုပ်ချုပ်ရေးအား (၁၇-၈-၂၀၁၅) ရက်နေ့အထိ ဆက်လက်တိုးမြှင့်ခဲ့ပြီး တတိယအကြိမ်အနေဖြင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)၏ (၁၇-၈-၂၀၁၅) ရက်စွဲဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (၉/၂၀၁၅)အား ထပ်မံတိုးမြှင့် ခဲ့ရပါတယ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က (၁၇-၂-၂၀၁၅) ရက်နေ့တွင် စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ် (၁/၂၀၁၅)ဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို လည်းကောင်း၊ ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်များကိုလည်းကောင်း၊ စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျင့်သုံးဆောင်ရွက်ရန် ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လောက်ကိုင်) အား စစ်အုပ်ချုပ်ရေးဒေသမှူးအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။





ရှမ်းရှေ့တွင် ၂၆ စင်း၊ စုစုပေါင်း ၉၅ စင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တွင်းတိမ်၊ တွင်းနက်၊ ရေကန်၊ စိမ့်စမ်း၊ လက်တူး၊ အခြား စသည်ဖြင့် ခွဲခြားသတ်မှတ်ထားပြီး ရှမ်းတောင်ဒေသတွင် ၂၅ ခု၊ ရှမ်းမြောက်တွင် ၂၁ ခု၊ ရှမ်းရှေ့တွင် ၉ ခု၊ စုစုပေါင်း ၅၅ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ၂၀၁၅-၂၀၁၆ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဌာန၊ မြို့ပြလမ်း၊ တံတားနှင့် ရေပေးရေး လုပ်ငန်းများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ လျာထားချက်နှင့် ပြီးစီးမှုအခြေအနေများကို အကျဉ်းချုပ်တင်ပြသွားမှာ ဖြစ်ပါတယ်။ လမ်းလုပ်ငန်းအတွက် လျာထားချက်စုစုပေါင်း ၆၆ မိုင် ၂. ၂၇၉ ဖာလုံ ဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအထိ ၅၁ မိုင် ၂. ၁၈၇ ဖာလုံ ပြီးစီးပြီး ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ မြို့ပြတံတား လျာထားချက်မှာ ၁၂၀ စင်း ဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအထိ ၁၁၃ စင်း ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ မြို့ပြရေပေးရေး လုပ်ငန်း လျာထားချက်မှာ ၁၀၈ ခု ဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအထိ ၉၂ ခု ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း တင်ပြအပ် ပါတယ်။

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လောက်ကိုင်)မှ အမိန့်များ လောက်ကိုင်မြို့နယ်ကို အမှတ်(၁) စစ်အုပ်ချုပ်ရေးနယ်မြေနှင့် ကုန်းကြမ်းမြို့နယ်ကို အမှတ်(၂) စစ်အုပ်ချုပ်ရေးနယ်မြေအဖြစ် သတ်မှတ်ကြေညာပြီး စစ်နယ်မြေမှူးများ ခန့်အပ်၍လည်းကောင်း၊ သက်ဆိုင်ရာ စစ်အုပ်ချုပ်ရေးနယ်မြေအလိုက် အမှတ်(၁) စစ်ခုံရုံး (လောက်ကိုင်)နှင့် အမှတ်(၂) စစ်ခုံရုံး (ကုန်းကြမ်း)တို့ကို ဖွဲ့စည်း၍ စစ်ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၃) ဦးစီတို့ကို ခန့်အပ်၍လည်းကောင်း၊ ဒေသအုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ၊ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ကွပ်ကဲဆောင်ရွက်ခဲ့ပါတယ်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် တာဝန်များရပ်ဆိုင်းသွားသော်လည်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်အုပ်ချုပ်ရေးဒေသမှူး၊ ဒေသကွပ်ကဲရေးမှူး၏ နယ်မြေအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားတက်သရော ကြိုးစား၍ ကူညီလုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ ဦးစီးအဖွဲ့ဝင်များ၊ ဦးစီးအဖွဲ့ဝင်များ၏ မိသားစုများ၊ မြို့မိ/မြို့ဖများ၊ ဒေသခံ ပြည်သူများက စစ်အုပ်ချုပ်ရေး ဒေသမှူး၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်း တည်ဆောက်အကောင်အထည်ဖော်မှုများတွင် လူအား၊ ငွေအားများဖြင့် ဝိုင်းဝန်းထောက်ပံ့ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

စစ်အုပ်ချုပ်ရေးဒေသမှူးမှ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအား ဒေသနှင့် ကိုက်ညီစွာ စီမံဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ/မြို့ဖများ ပါဝင်သော အဖွဲ့ဝင်





ပါဝင်ဆောင်ရွက်ခဲ့ရာ စစ်ဘေးရှောင်ပြည်သူ (၈၄၀၀၀၀)ခန့်အား အကူအညီပေးနိုင်ခဲ့ပါတယ်။

စစ်ဘေးရှောင်ပြည်သူများ မိမိတို့၏ နေရပ်သို့ ပြန်လည်ရောက်ရှိလာသော အချိန်တွင်လည်း ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေး၊ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးတို့အတွက် ကျေးရွာတစ်ခုချင်းစီအလိုက် နိုင်ငံတော်အစိုးရ ကိုယ်စား တပ်မတော်အကြီးအကဲများ၊ ဒေသခံပြည်သူလူထုများ၊ ဦးစီးအဖွဲ့ဝင်များနှင့်အတူ ကျေးရွာအုပ်စု အသီးသီးသို့ နိုင်ငံတော်အစိုးရကြက်ခြေနီအသင်း၊ နီပွန်ဖောင်ဒေးရှင်း၊ WFP နှင့် အခြားလူမှုရေးအသင်းအဖွဲ့များမှ ထောက်ပံ့လှူဒါန်းသော ဆန်၊ ဆီ၊ ဆေး၊ ဆား၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို ယာဉ်များနှင့် သယ်ဆောင်၍ ကိုယ်တိုင်ပါဝင်ထောက်ပံ့ခြင်း၊ စောင့်ရှောက်ကူညီအားပေးခြင်းများစဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါတယ်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ ဒေသခံပြည်သူအများစုဟာ ကြံစိုက်ပျိုးရေးလုပ်ငန်းနှင့်ဘဲ အဓိကအသက်မွေးဝမ်းကျောင်းပြု မှီခိုလုပ်ကိုင်စားသောက်ရပါတယ်။ (၉-၂-၂၀၁၅) ရက်နေ့ လောက်ကိုင် ဒေသအတွင်း တိုက်ပွဲများကြောင့် ကြံခုတ်ရာသီမှာ ကြံခုတ်သိမ်းခြင်း လုပ်ငန်းများကို ခေတ္တရပ်ဆိုင်းခဲ့ရပါတယ်။

(၄-၃-၂၀၁၅)ရက်နေ့မှ စစ်ဒေသအုပ်ချုပ်ရေးမှူးထံ တင်ပြအတည်ပြုချက်ရယူခဲ့ပြီး ပြန်လည် ဝင်ရောက်လာသော စစ်ဘေးရှောင်ကြံစိုက်တောင်သူ ဒေသခံတချို့ရဲ့ ကြံစိုက်ခင်းများအား အချိန်မီ ခုတ်သိမ်းနိုင်ရေး တပ်မတော်/မြို့မိမြို့ဖ/ ဦးစီးအဖွဲ့ဝင်များနှင့်အတူ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

တစ်ဖက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်ဆန်-နမ်ဟွာ သကြားစက်ရုံကုမ္ပဏီနှင့် ခမ်းဖုန်းသကြားစက် ကုမ္ပဏီတို့ လျာထားကြံတန်ချိန် (၆၀၅၈၃၀)တန်အနက် ကြံတန်ချိန် (၃၈၀၆၄၀)တန်အား ခုတ်သိမ်းတင်ပို့နိုင်ခဲ့တဲ့ အတွက် ဒေသခံ ကြံစိုက်တောင်သူအချို့ရဲ့ ဝင်ငွေရရှိအောင် ကြိုးပမ်း ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။

နယ်မြေဒေသတည်ငြိမ်လာသည်နှင့်အမျှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း အောင်မြင်ချောမွေ့စွာ ပြုလုပ်နိုင်ခဲ့ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုလည်း ပြည်သူများက ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် မဲပေး၍ ရွေးချယ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ကိုးကန့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၊ မြို့မိ/မြို့မများ၊ ပြည်သူများသည် ဖြစ်ပြီးခဲ့သော ခါးသီးလှသည့် အတွေ့အကြုံများ၊ ဘေးဒုက္ခများကို သင်ခန်းစာ ယူကာ နောင်တွင် အလားတူ အဖြစ်ဆိုးများ မပေါ်ပေါက်စေရေး၊ မကြုံတွေ့မဖြစ်ပေါ်စေရေးတို့ အတွက် အားလုံး ဝိုင်းဝန်းတားဆီးကာကွယ်ကာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် ကြိုးပမ်းဆောင်ရွက် သွားမှာ ဖြစ်ပါကြောင်း၊ ကတိပြု၍ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူပြည်သားများ သိရှိနိုင်ပါရန်နှင့် ရှမ်းပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိနိုင်ပါရန် ရိုသေလေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။



D/real(wide) (4



(၁၂)ဦးဖြင့် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက် ခဲ့ပါတယ်။

လုပ်ငန်းများဆောင်ရွက်ရာတွင် ကျွန်တော်သည် ဦးစီးအဖွဲ့ဝင် ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ စစ်အုပ်ချုပ်ရေး အကြံပေး အဖွဲ့ဝင်အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်သည့်အတွက် တာဝန် ပေးအပ်သည့် အမိန့်စာများအား ပူးတွဲတင်ပြအပ်ပါတယ်ခင်ဗျာ။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တိုက်ပွဲများ ရပ်စဲသွားချိန်တွင် နယ်မြေတစ်ခုလုံးမှ စစ်ဘေးရှောင် ပြည်သူများအား ပြန်လည်ကြိုဆို၊ လက်ခံ၊ နေရာချထားခြင်းလုပ်ငန်းများကိုလည်း ဒေသဦးစီးအဖွဲ့ဝင်များ၊ ဒေသဦးစီးအဖွဲ့ဝင်များ၏ မိသားစုဝင်များ၊ မြို့မ/မြို့ဖများ၊ ကိုးကန့်လူမှုရေးအဖွဲ့ဝင်များက စစ်အုပ်ချုပ်ရေး ဒေသမှူးအား လုပ်အား၊ ငွေအား၊ ပြည့်စုံစွာဖြင့် ထောက်ပံ့ကူညီ ပေးနိုင်ခဲ့ပါတယ်။

စစ်အုပ်ချုပ်ရေးကာလအတွင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ဦးစီးအဖွဲ့ဝင်များ၊ မြို့မိ/မြို့ဖများနှင့် လူမှုရေး အဖွဲ့အစည်းများက စစ်အုပ်ချုပ်ရေးဒေသမှူး၏ ဒေသပြန်လည် ထူထောင်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ဒေသပညာရေးနှင့် စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ကူညီရေးလုပ်ငန်းများတွင် ကျပ်သန်းပေါင်းများစွာ ပါဝင်ထောက်ပံ့ပေးခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင် စစ်အုပ်ချုပ်ရေးဒေသမှူး၏ စီမံခန့်ခွဲမှုဖြင့် နယ်မြေဒေသတစ်ခုလုံးမှာ စစ်ဘေးရှောင်ပြည်သူများအား ပြန်လည် ကြိုဆိုခြင်း၊ တည်းခိုရန်နေရာချထားပေးခြင်း၊ စားဝတ်နေရေး တို့ကို ထောက်ပံ့ပေးခြင်းများကို တက်ကြွစွာဖြင့် နေ့မအား၊ ညမအားပဲ

စစ်ပွဲများ ဖြစ်ပွားချိန်တွင် တရုတ်နိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်နေထိုင်ခဲ့သော ကျေးရွာ (၁၉)ရွာမှ စစ်ဘေးရှောင်ပြည်သူ (၄၀၀၀)ဦးခန့်အား လောက်ကိုင်မြို့နယ်တွင် ရန်လုံကျိုင်းကယ်ဆယ်ရေးစခန်း၊ တုံချိန် ကယ်ဆယ်ရေးစခန်း၊ ရွှေစင်မြို့သစ်ကယ်ဆယ်ရေးစခန်းတို့ဖြင့် ကယ်ဆယ်ရေးစခန်း(၃)ခု ဖွင့်လှစ်၍ တပ်မတော်နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့မှ နေထိုင်စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်လျက် ရှိသော်လည်း ထပ်မံ လိုအပ်ချက်များအား ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ထောက်ပံ့ကူညီဆောင်ရွက်ပေးနိုင်ပါရန်နှင့် လိုအပ်လျက်ရှိသည့် စာရင်းများအား ထပ်မံတင်ပြသွားမှာ ဖြစ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက်၊ သောကြာနေ့ နံနက် (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။



D/real(wide) (4



# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (ဒုတိယနေ့)မှတ်တမ်း

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ရက်
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်
[ သောကြာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး(ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၁၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ (၈၅. ၆၁)% ရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေသည် (၃)ပုံ(၁)ပုံထက်ကျော်လွန်သည့် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၀)၊ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၃၄)၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၃၅) နည်းဥပဒေခွဲ(ဂ) တို့အရ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။





**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးဒုတိယနေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက်၊ သောကြာနေ့ နံနက် (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

# ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

# အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း၊ ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ တက်ရောက်လာကြတဲ့



D/real(wide) (4



သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကိုတက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦးရှိပြီး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး စုစုပေါင်းခွင့်ပြုထားသူ(၂၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (ဒုတိယနေ့) တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။-

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၅)ဦးကမေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ကိုယ်စားတစ်ဦးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါ တယ်။

**ဒေါက်တာထွန်းအောင်၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည့်တော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဒီကနေ့ မေးခွန်းများ မေးမြန်းခြင်း အစီအစဉ်မှာ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဝင်းမြင့်ရဲ့ (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ တင်သွင်းခဲ့သော မေးခွန်းကို ကိုယ်စားပြုမေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။





ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဝင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)သို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်းမရှိသည့်အတွက် အောက်ပါကိုယ်စားလှယ်စုစုပေါင်း (၃)ဦးအား လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ် ခွင့်ယူသူအားလုံး၏ ကိုယ်စားတင်ပြတောင်းခံအပ်ပါတယ်-

(၁) ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၂) ဦးစိုင်းအိုက်ပေါင်း၊ သစ်တောသတ္တုဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၃) ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

ဒီကနေ့ ခွင့်ထပ်မံလျှောက်ထားသူ (၃)ဦး ဖြစ်ပါကြောင်း လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်ကခွင့်ပြုရန် သဘောတူပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

တင်သွင်းသည့်မေးခွန်း အပြည့်အစုံကတော့ ညောင်ရွှေမြို့သည် ၂၀၁၁ခုနှစ်မှစတင်၍ နိုင်ငံခြားသားခရီးသည်များ ဝင်ရောက်မှုသည် တစ်နှစ်လျှင် လေးသောင်းကျော်မှ တစ်သိန်းသုံးသောင်းခန့်အထိ များပြားလာခြင်း၊ ဟိုတယ်၊ မိုတယ် အလုံး(၂၀)မှ (၆၀)နီးပါးအထိ တိုးတက်များပြားလာပါသည်။ ဟိုတယ်နှင့်ဆက်စပ်နှီးနွှယ်သော လုပ်ငန်းများကြောင့် မြို့ပေါ်တွင် လေးနှစ်တာကာလအတွင်း လူဦးရေနှစ်သောင်းကျော်များပြားလာ၍ မြို့ဧရိယာတွင် လူနေမှု မမျှမတဖြစ်လာပါတယ်။ သို့ဖြစ်ပါ၍ မြို့ဧရိယာတိုးချဲ့ရေးအတွက် တင်ပြခဲ့ပါသည်။မြို့ဧရိယာတိုးချဲ့မြေကို သိရှိ ရိပ်စားနေသော ပုဂ္ဂိုလ်များ မြို့ဧရိယာ တိုးချဲ့မည့်နေရာများတွင် လယ်မြေ၊ ယာမြေ၊ သစ်တောမြေ၊ ကန်ဧရိယာနယ်မြေများတွင် မြေများကိုဝယ်ယူ၍ အကွက်ရိုက်ရောင်းချမှုများ ပြုလုပ်လာကြ ပါတယ်။ ၂၀၁၄ ခု၊ မေလတွင် သစ်တောမြေများ မကျူးကျော်ရန် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ ဆိုင်းဘုတ် စိုက်ထူခြင်း၊ တားမြစ်စာများထုတ်စေခြင်းများ ဆောင်ရွက်ခဲ့ သော်လည်း ယနေ့တိုင်ရပ်နားခြင်းမရှိဘဲ မြေကွက်ရိုက်ခြင်း၊ ရောင်းချခြင်းများ ပြုလုပ်နေကြပါတယ်။ ဤကဲ့သို့ တည်ဆဲ မြေယာဥပဒေ ရှမ်းပြည်နယ်အစိုးရမှ ညွှန်ကြားချက်များ အတိုင်း လိုက်နာဆောင်ရွက်မှုမရှိသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ၎င်းကိစ္စအား တည်ဆဲဥပဒေအရ ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ သိရှိလိုပါသဖြင့် အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဝင်းမြင့် ကိုယ်စား မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။





သာသနာ/အများပိုင်မြေ (၃၀၄. ၀၁)ဧက၊ ရွာမြေ ၅၅၂. ၄၈ ဧက၊ စုစုပေါင်း ၈၅၆. ၄၉ ဧက ကိုလည်းကောင်း၊ သစ်တောနယ်မြေများ အဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

သစ်တောနယ်မြေများအတွင်း တရားမဝင်သစ်တောမှုများ လုပ်ကိုင်ခြင်းကြောင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာနမှ တရားမဝင် သစ်တောမှု ၅ မှု၊ အင်းလေးကန် တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောရုံးမှ ၂ မှု၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာနမှ တရားမဝင် သစ်တောမှု ၂ မှု၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရုံးမှ ၁ မှု၊ စုစုပေါင်း ၁၀ မှုအား အရေးယူ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

သစ်တောနယ်မြေများအတွင်း ခွင့်ပြုချက်မဲ့ တရားမဝင် ကျူးကျော်မှုများအား သစ်တောဦးစီးဌာနနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများမှ စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ ကျူးကျော်မှုများရှိပါက သစ်တောဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီး တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်တင်မေထွန်းမှ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်မေထွန်း၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)**။ မင်္ဂလာပါရှင်။ လေးစား အပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ၊ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လေ့လာ ကြသည့်

ဧည့်သည်တော် များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဂါဝရပြု နှုတ်ခွန်းဆက်သ ပါတယ်ရှင်။

ကျွန်မကတော့ ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်မေထွန်း ဖြစ်ပါတယ်ရှင်။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ယခု အစည်းအဝေးတွင် တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့တွင် ကျာခမ်းဆောင်၊ ကျခမ်းတဲ၊ ကျာဘိုခမ်းရှိ ပြည်သူများအတွက် မြန်မာ-လာအို ချစ်ကြည်ရေး တံတား ဖြတ်သန်းခအား ကင်းလွတ်ခွင့် ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတ နိုင်ငံတို့ ချစ်ကြည်ရေးအရ မဲခေါင်မြစ်ကိုဖြတ်ပြီး မြန်မာ-လာအို ချစ်ကြည်ရေးတံတား ၂၀၁၅ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ချစ်ကြည်ရေးတံတား၏ ညာဘက် မဲခေါင်မြစ်ကမ်းနံဘေးတွင် တည်ရှိသည့် ကျာခမ်းဆောင်ကျေးရွာ အုပ်စုနှင့် ကျာခမ်းဆောင်ကျေးရွာ၊ ကျခမ်းတဲကျေးရွာ၊ ကျာဘိုခမ်း ကျေးရွာ အစရှိသည့် အာခါ၊ လားဟူ တိုင်းရင်းသားလူမျိုးများ နေထိုင်ကြသည့် ကျေးရွာများ တည်ရှိလျက်ရှိပါတယ်။ အဆိုပါ ကျေးရွာများမှ ကျောင်းသူကျောင်းသားများနှင့် တိုင်းရင်းသားပြည်သူ များဟာ နေ့စဉ်နှင့်အမျှ အဆိုပါ ချစ်ကြည်ရေးတံတားကို ဖြတ်သန်းပြီး ကျိုင်းလပ်မြို့သို့ ခရီးသွားလာမှုပြုသည့် နေရာ မှာ ဖြတ်သန်းခများ ပေးဆောင်ရမည်ဆိုပါက ဒေသခံပြည်သူများ အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မြန်မာ-



D/real(wide) (4



**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။**

အားလုံးမင်္ဂလာပါခင်ဗျား။ ဦးဝင်းမြင့် အင်းတိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်အစား ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာထွန်းအောင် မေးမြန်းသည့် ညောင်ရွှေမြို့နယ်တွင် ၂၀၁၄ ခုနှစ်၊ မေလ၌ သစ်တောမြေများ မကျူးကျော်ရန် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တော ဦးစီးဌာနတို့မှ ဆိုင်းဘုတ်စိုက်ထူခြင်း၊ တားမြစ်စာများထုတ်စေခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ၁၆-၃-၂၀၁၅ ရက်နေ့ထိ ရပ်နားခြင်း မရှိဘဲ မြေကွက်ရိုက်ရောင်းချခြင်းများ ပြုလုပ်နေပါသဖြင့် တည်ဆဲဥပဒေအရ ဆောင်ရွက် ပေးနိုင်မှုရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ကိုယ်စား စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်တွင် သစ်တောနယ်မြေများ အဖြစ် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော ၁ ခု၊ ၉၇၄၅၁. ၀၆ ဧက၊ အင်းအရှေ့ကြိုးဝိုင်း ၁ ခု၊ ၅၂၆၉၈. ၅၈ ဧက၊ အင်းအနောက် ကြိုးပြင် ကာကွယ်တော ၁ ခု၊ ၃၄၈၅၁. ၀၁ ဧက၊ စုစုပေါင်း ၁၈၅၀၀၀. ၆၅ ဧက ရှိပါတယ်။ ၂၀၁၃ ခုနှစ်တွင် သစ်တောနယ်မြေများ အတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ကျူးကျော်နေထိုင်ခဲ့ ကြသော ကျေးရွာများ၊ လယ်မြေများ၊ သာသနာ/ အများပိုင်မြေများ၊ ယာမြေများကို အဖွဲ့ပေါင်းစုံဖြင့် စာရင်းကောက်ယူခဲ့ပြီး အင်းလေးကန် တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော အတွင်းမှ ရွာမြေ ၄၆၉၁. ၁၆ ဧက၊ လယ်မြေ ၁၆၈၇၁. ၁၀ ဧက၊ သာသနာ/အများပိုင်မြေ ၃၃၁၇. ၆၉ ဧက၊ စုစုပေါင်း ၂၄၈၇၉. ၉၅ ဧက ကိုလည်းကောင်း၊ အင်းအရှေ့ ကြိုးဝိုင်းအတွင်းမှ လယ်မြေ ၅၀၄. ၉၁ ဧက၊ သာသနာ/ အများပိုင်မြေ ၂၆၀. ၈၂ ဧက၊ ရွာမြေ ၁၁၄၈. ၁၁ ဧက၊ စုစုပေါင်း ၁၉၁၄. ၈၄ ဧက ကိုလည်းကောင်း၊ အင်းအနောက်ကြိုးပြင် ကာကွယ်တောမှ

လာအို ချစ်ကြည်ရေးတံတား ဖြတ်သန်းခအား ကောက်ခံမည်ဆိုပါက ကျာခမ်းဆောင် ကျေးရွာ၊ ကျခမ်းတဲ ကျေးရွာ၊ ကျာဘိုခမ်းကျေးရွာမှာရှိတဲ့ တိုင်းရင်းသားပြည်သူများ၊ ကျောင်းသူကျောင်းသားများ အတွက် ကင်းလွတ်ခွင့်ပေးနိုင်ရေး အတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုပါသဖြင့် ယခုကဲ့သို့ မေးမြန်း တင်ပြရခြင်း ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်ဖြစ်ပါတယ်။ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်တင်မေထွန်း မေးမြန်းသွားသော မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ မြန်မာ-လာအို ချစ်ကြည်ရေးတံတားကိုဖြတ်၍ လာအိုနိုင်ငံသို့ သွားရောက်မည့်မည်သူမဆို BCFတွင် ဖွင့်လှစ်ထားရှိသည့် ဌာနအသီးသီးသို့ နိုင်ငံတော်မှ သတ်မှတ်ထားသည့် အခကြေးငွေအားလုံးကို ပေးသွင်းစေပြီးသတ်မှတ်ထားသောလက်မှတ်ဖြင့်ဖြတ်သန်းရပါမည်။





လူထု၊ မြေထု၊ ရေထုများကို ကိုယ်စားပြုသည့် သင်္ကေတဖြစ်ပါသည်။ ပြည်ထောင်စုနေ့၊ ရှမ်းပြည်နယ်နေ့၊ ရှမ်းနှစ်သစ်ကူးနေ့ စသည့် ရက်ကြီးများမှအပ ကျန်ရှိရက်များတွင် လွှင့်ထူထားခြင်း မတွေ့ရပါ၊ မရှိခဲ့ပါ။ သို့ဖြစ်ပါ၍ လွှတ်တော်အဆင့်ဆင့် ပေါ်ပေါက်လာသည့် ရှမ်းပြည်နယ်အတွင်း ရှမ်းပြည်နယ်အစိုးရဟု သတ်မှတ်ခေါ်ဆောင်ခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရဆိုသည်နှင့် အညီ ပြည်နယ်အတွင်းရှိ ရှမ်းပြည်နယ် လွှတ်တော်ရုံးကြီးမှစ၍ ဌာနဆိုင်ရာ ရုံးများ၊ စာသင်ကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များ အားလုံး ပြည်ထောင်စုအလံနှင့် တန်းတူမဟုတ်သည့်တိုင် အနည်းငယ် တစ်ဆင့်နိမ့် ယှဉ်တွဲ စိုက်ထူသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ယှဉ်တွဲ စိုက်ထူရန် အစီအစဉ် ရှိ/မရှိ မဲဆန္ဒရှင်များ ကိုယ်စားမေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** အားလုံးမင်္ဂလာပါ။ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ဦးစောလုံ မေးမြန်းသည့် မေးခွန်းကို ကျွန်တော်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေများအရ နိုင်ငံတော်အလံဥပဒေများ ခေတ်အဆက်ဆက်က

ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ များ၏ ပြဋ္ဌာန်းချက်များတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အလံများနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားခြင်းမရှိခဲ့ပါ။

ရှမ်းပြည်နယ်အလံကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်တွင် ကျင်းပသော ပင်လုံညီလာခံ အစည်းအဝေး၌ ရှမ်းပြည်နယ်စော်ဘွားများနှင့် လူထုကိုယ်စားလှယ်များအားလုံး သဘောတူဆုံးဖြတ်ခဲ့ပါ၍ ရှမ်းပြည်နယ်အလံအား အသိအမှတ်ပြုသည်မှာ ယနေ့ထိ နှစ်ပေါင်း ၆၈ နှစ်ခန့်ရှိပြီဖြစ်ပါတယ်။ ရှမ်းပြည်နယ်အလံ အဖြစ် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်မှလည်း အသိအမှတ်ပြုထားလျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းပြုလုပ်သည့် ပြည်နယ်အဆင့် အခမ်းအနားများတွင် ရှမ်းပြည်နယ်အလံကို ပြည်ထောင်စုအလံနှင့် ယှဉ်တွဲအသုံးပြုလေ့ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်အစိုးရအဖွဲ့မှလည်း ရှမ်းပြည်နယ် အလံကို အသိအမှတ်ပြုပါတယ်။

သို့သော် ယခုကိစ္စမှာ လွှတ်တော်ရုံး၊ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများနှင့် တပ်ရင်းတပ်ဖွဲ့များတွင် ပြည်ထောင်စုအလံနှင့် အနည်းငယ်တစ်ဆင့်နိမ့်၍ အမြဲလွှင့်ထူရန်ကိစ္စဖြစ်သည့်အတွက် ၎င်းကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပါ၍ လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ် ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွဏ်းမှ ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။



D/real(wide) (4



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့တွင် မြန်မာ-လာအို ချစ်ကြည်ရေးတံတားအနီးရှိ ကျေးရွာနေပြည်သူ များအား BCFတွင် အခကြေးငွေ ကင်းလွတ်ခွင့်ပြုပြီး ၎င်းတို့နေထိုင်ရာ မြန်မာဘက်ခြမ်း ကျိုင်းလပ်ဒေသအတွင်းရှိ (မဲခေါင်မြစ်ကမ်းနဖူးတွင် တည်ရှိသော) ကျေးရွာများဖြစ်သည့် (ကျာခမ်းဆောင်ကျေးရွာ၊ ကျခမ်းတဲကျေးရွာ၊ ကျာဘိုခမ်းကျေးရွာ)များအား သွားရောက်ရာတွင်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံနယ်မြေအတွင်း ဖြစ်နေခြင်း။

(ခ) BCFနှင့် မြန်မာ-လာအို ချစ်ကြည်ရေးတံတား အတွင်း အလျား ၁. ၅မိုင် အတွင်းရှိ ရွာများဖြစ်ခြင်း။

တို့ကြောင့် အခငွေကင်းလွတ်ခွင့်ပြုပါမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောလုံမှ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောလုံ၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲခရိုင်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောလုံ ဖြစ်ပါတယ်။

ကျွန်တော် မေးမြန်းမည့် မေးခွန်းကတော့ ရှမ်းပြည်နယ်အလံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ လွတ်လပ်ရေး မရခင်ကတည်းက အသုံးပြုလာခဲ့သည်မှာ ယနေ့ထိတိုင် ဖြစ်ပါသည်။ ရှမ်းပြည်နယ်အလံသည် ပြည်နယ်အတွင်းရှိ ဘာသာ၊ သာသနာ၊

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်ချီးမြှင့်ပေးပါသော လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ ပါစေလို့ နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ဒေသဦးစီးအလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးလည်းဖြစ်သလို ပြည်နယ်အစိုးရ၏ ညွှန်ကြားချက်အရ ပလောင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတွေ ဖြစ်တည်ပြီး နောက်ပိုင်းမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ရန်ပုံငွေများချမှတ်ပြီး စတင်ဆောင်ရွက်စေခဲ့ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွက် ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေအဖြစ် မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်း၊ ရေပေး ရေးလုပ်ငန်း၊ ရေပြွန်စသဖြင့် စတင်ခဲ့ဝေဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီး ဌာနကနေပြီးတော့မှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကို တာဝန်ပေးပြီး စီမံခန့်ခွဲဆောင်ရွက်စေခဲ့ခြင်းသာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ကို လွှဲပြောင်းပေးတဲ့အခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်အစိုးရက လုပ်ငန်းများကို လွှဲပြောင်း





တင်ဒါဖွင့်ဖောက်ရေး၊ လုပ်ပိုင်ခွင့်တွေကို ဒေသဦးစီးကို လုပ်ပိုင်ခွင့်ပေးမည်လို့ ဖြေကြားခဲ့ပါတယ်။ အလားတူ ၂၆. ၃. ၂၀၁၄ ရက်မှာ ကျင်းပခဲ့သည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးမှာလည်း ကျေးလက်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဒေသဦးစီးအဖွဲ့အား တိုက်ရိုက်စီမံခန့်ခွဲမှု ပြုပေးနိုင်ခြင်း ရှိ/မရှိကို ကျေးလက်ဦးစီးဌာန ဒုတိယဝန်ကြီး ဖြေကြားချက်အရကြောင့် ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသဦးစီးအဖွဲ့မှ တစ်စိတ်တစ်ဒေသအနေဖြင့် တိုက်ရိုက်စီမံခန့်ခွဲမှု ရရှိခဲ့ဖူး ပါတယ်။ တင်ဒါဆွဲယူပွဲကို ဒေသဦးစီးအဖွဲ့မှ ပြုလုပ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဗဟိုချုပ်ကိုင်မှု အနည်းငယ်ပြေလျော့ခဲ့သည့် သာဓက ဖြစ်ပါသည်။

သို့သော် ပြီးခဲ့သော ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အနည်းငယ်သော ဗဟိုချုပ်ကိုင်မှု စနစ်လုံးဝပျောက်သွားပြီး ဗဟိုကပဲ ပြန်လည်ချုပ်ကိုင်သည့် စနစ်ကို ပြန်လည်ကျင့်သုံးလာသည်ကို တွေ့ရပါသည်။ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပြည်နယ်အစိုးရကပဲ တင်ဒါခေါ်တယ်။ ပြည်နယ်အစိုးရကပဲ တင်ဒါဖွင့်ပွဲလုပ်တယ်။ ဒေသဦးစီးကို ကိုယ်စားလှယ်အနေဖြင့်သာ ဖိတ်ကြားခဲ့ကြောင်း တွေ့ရပါတယ်။ ဗဟိုချုပ်ကိုင်မှုကို တဖြည်းဖြည်းလျော့ပေးလာတာ မဟုတ်ဘဲ လျော့ပေးလိုက်၊ ပြန်ချုပ်လိုက် လုပ်ကိုင်နေတာဟာ ပြည်သူလူထုတွေပြောသလို အပေါ်ကပြောင်းလဲပါ ပြောင်းလဲပါ ဘယ်လောက်ပဲပြောနေပြောနေ အောက်ခြေကလုံးဝမပြောင်းလဲသေးတဲ့ သဘောဖြစ်နေပါတယ်။ ဒါကြောင့် နောက်ဘဏ္ဍာနှစ်တွေမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို သက်ဆိုင်ရာဒေသဦးစီးအဖွဲ့မှ

တိုက်ရိုက်စီမံခန့်ခွဲမှု ပြုပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း လူထုကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** အားလုံးမင်္ဂလာပါ။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ဦးအောင်ထွဏ်း မေးမြန်းသည့် မေးခွန်းကို ကျွန်တော်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ခွင့်ပြုခဲ့သော ဖြည့်စွက်လုပ်ငန်း အားလုံးအား သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့ အသီးသီးသို့ ရန်ပုံငွေ တိုက်ရိုက် ထုတ်ပေး၍ အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထား ခွင့်ပြုခဲ့သည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှမ်းပြည်နယ် အစိုးရ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်း များ၊ ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများဟူ၍ ခွဲခြားခြင်း မရှိသေးဘဲ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအားလုံးအား ရှမ်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ (ပတလ - ရှမ်း)၏ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးငွေစာရင်းအမှတ်၊ CF - ၀၀၀၃၄၈ သို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ လွှဲပြောင်းပေးပို့ခဲ့ရာ ရှမ်းပြည်နယ် အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ (၅)ဖွဲ့သို့



D/real(wide) (5



ပေးအပ် ခဲ့ပါတယ်။ အဲ့လို တာဝန်ယူစီမံခန့်ခွဲပြီး နောက်ပိုင်းမှာ ပြည်နယ် အစိုးရကပဲ သတင်းစာထဲထည့်ပြီး ကြော်ငြာတာတွေ၊ ပြည်နယ် အစိုးရကပဲ တင်ဒါခေါ်တာတွေ တင်ဒါအောင်မြင်သော ကုမ္ပဏီ တွေကို လုပ်ငန်းခွဲဝေဆောင်ရွက်စေခဲ့ပါတယ်။ ဒေသဦးစီးအဖွဲ့မှာ ဘာမှလုပ်ပိုင်ခွင့် မရှိဘဲ ပြည်နယ်အစိုးရ၏ သဘောနှင့် ဆောင်ရွက် ခဲ့တာဖြစ်ပါတယ်။ ဘယ်လုပ်ငန်းကိုမဆို ဘယ်ကုမ္ပဏီကရရှိပြီး ဘယ်နှုန်းနဲ့ ဘယ်စံချိန်းစံညွှန်းနဲ့ လုပ်ရသည်ဆိုတာ ဒေသဦးစီး အဖွဲ့တွေ မသိရှိပါဘူး။ ပြည်နယ်အစိုးရကလည်း အကြောင်းကြား လာခြင်း မရှိပါဘူး။ ဒေသဦးစီးအဖွဲ့က လိုက်မေးမှသာ သိရှိရသော အနေအထားဖြစ်ပါတယ်။ လုပ်ငန်းပြီးစီးလို့ ပြီးစီးကြောင်း ထောက်ခံချက်ယူတာတောင်မှ ကျွန်တော်တို့ ဒေသဦးစီးအဖွဲ့၏ ထောက်ခံချက် မလိုအပ်ပါဘူး။

ပြည်နယ်အစိုးရကနေ တာဝန် ပေးထားသည့် အရည်အသွေး စစ်ဆေးရေးကော်မတီ၏ ထောက်ခံချက်ဖြင့်သာ သက်ဆိုင်ရာ ကုမ္ပဏီကနေပြီးတော့ ငွေထုတ် ဆောင်ရွက်တာဖြစ်ပါတယ်။ ဆိုလိုတာက ဒေသဦးစီး၏ လုပ်ပိုင်ခွင့် မရှိပါဘူး။ လုပ်ပိုင်ခွင့်မရှိသလို မလိုအပ်ဘူးလို့လည်း ယူဆကောင်း ယူဆနိုင်ပါတယ်။ အဲဒီတော့ တင်ဒါအောင်မြင်သော ကုမ္ပဏီတွေ လုပ်ငန်းလုပ်သည့်နေရာတွင် ချွတ်ချော်မှုရှိလာသည့်အခါ၊ လုပ်ငန်းပြီးစီးမှုမရှိသည့်အခါ ပြဿနာတွေဖြစ်လာသည့်အခါ ဒေသဦးစီးခေါင်းပေါ် ရောက်လာပြီး လိုက်လံဖြေရှင်း ရသော အနေအထားဖြစ်ပါတယ်။ လားရှိုးမြို့ရောက်ရှိ လာသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးတင်ငွေကို အစည်းအဝေးမှာ တင်ပြခဲ့ရာမှာ ဒုတိယဝန်ကြီးက လာမည့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တင်ဒါခေါ်ယူရေး၊

ဒေသအလိုက် ခွင့်ပြုလုပ်ငန်းနှင့်ညီမျှသည့် ရန်ပုံငွေအားလုံးအား သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့ အသီးသီး၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးငွေစာရင်းများသို့ တိုက်ရိုက် လွှဲပြောင်းပေးပို့၍ ဒေသဦးစီးအဖွဲ့များမှ တိုက်ရိုက် စီမံခန့်ခွဲ ဆောင်ရွက်စေခဲ့ပါတယ်။ ယင်းသို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့အသီးသီးရှိ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ငွေစာရင်း များသို့ တိုက်ရိုက်လွှဲပြောင်းပေးခဲ့သဖြင့် ပြည်နယ်စာရင်း စစ်ချုပ်ရုံးမှ စာရင်း စစ်ဆေးရာတွင်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတစ်ခုချင်းစီအလိုက် သီးခြားစီစစ်ဆေး၍ စာရင်းစစ် အကြံပြုချက်များ သီးခြားစီထုတ်ပြန်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစာရင်းနှင့် စပ်လျဉ်း၍ စုစုပေါင်း ခွင့်ပြု ရန်ပုံငွေအပေါ် ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ ခွဲဝေ၍ စီမံခန့်ခွဲဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအဖွဲ့၏ ညွှန်ကြားချက် အရ ပြည်ထောင်စုဝန်ကြီးဌာနမှ စီမံခန့်ခွဲ ပိုင်ခွင့်ရှိသည့် ခွင့်ပြုရန်ပုံငွေများအား ပြည်ထောင်စုဝန်ကြီးဌာနမှ တင်ဒါစနစ်ဖြင့် စီမံခန့်ခွဲ ဆောင်ရွက်ခဲ့ပါတယ်။ သို့ရာတွင် ရှမ်းပြည်နယ်အစိုးရ ဘတ်ဂျက်တွင် ထည့်သွင်းဆောင်ရွက်ခွင့်ပြုသည့် ခွင့်ပြုရန်ပုံငွေ အားလုံးအား သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသရှိ ငွေစာရင်းများသို့ တိုက်ရိုက်လွှဲပြောင်းထုတ်ပေး၍ သက်ဆိုင်ရာ တိုင်း/ဒေသဦးစီးအဖွဲ့ အသီးသီးမှ စီမံခန့်ခွဲဆောင်ရွက်စေခဲ့ ပါတယ်။

၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစာရင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်ပုံငွေ အားလုံး၏ ပြည်ထောင်စုဝန်ကြီးဌာနမှ စီမံခန့်ခွဲရန် လျာထားသတ်မှတ် ထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး



D/real(wide) (2



ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များရေးဆွဲခြင်း၊ ကျေးလက်နေ ပြည်သူ များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကွပ်ကဲမှုအောက်ရှိမြို့နယ်များ (ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ အတွင်းရှိ မြို့နယ်များအပါအဝင်)တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေး၊ အိမ်ရာ၊ ယင်လုံ အိမ်သာ လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)တို့၏ လမ်းညွှန်ချက်များနှင့်အညီ တင်ဒါခေါ်ယူ၍ တင်ဒါ အောင်မြင်သည့် ကုမ္ပဏီများသို့ လုပ်ငန်းအပ်နှံ ဆောင်ရွက်စေခြင်း၊ ကြီးကြပ်ခြင်းများဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များ (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသများ အတွင်းရှိ မြို့နယ်များအပါအဝင်)တွင် ပြည်ထောင်စု ခွင့်ပြုဘဏ္ဍာ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်ထောင်စု ဝန်ကြီးဌာန၏ ညှိနှိုင်းချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါစည်းကမ်းများနှင့်အညီ အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအောင်ထွဏ်းမှ မေးခွန်း (၂)နှင့် (၃)ကို တစ်ဆက်တည်း မေးမြန်း သွားမှာ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ရဲ့ မေးခွန်းနံပါတ်(၂)ကတော့ လျှပ်စစ်ကဏ္ဍနဲ့ ပတ်သက်ပြီး တင်ပြထားသော မေးခွန်းဖြစ်ပါတယ်။

ဒီမေးခွန်းကို ကျွန်တော် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှာ ပေးပို့ထားခြင်းဖြစ်ပါတယ်။ ဇူလိုင်လ ၂၃ ရက်နေ့ ပေးပို့ပြီးသည့် နောက်ပိုင်းမှာ ၁၈. ၈. ၂၀၁၅ မှာ ပြုလုပ်သည့် အရေးပေါ် အစည်းအဝေးမှာ ပြည်နယ် အစိုးရ၏ RE ခွင့်ပြုချက်မှာ ပေးထားသည့် မေးခွန်းနှင့်ပတ်သက်ပြီးမှ ကျွန်တော် တောင်းဆိုထားသည့် အာရမ်း (ပလောင်)ရွာ၊ ကွမ်ဟယ်ရွာ၊ မန်နောက်၊ ကျောက်ဖြူ တောင်သုံးဆယ်၊ ပန်စေမိန်း၊ ကယားလမ်း ရွာတွေကို ၂၀၁၅-၂၀၁၆ RE ဘတ်ဂျက်မှာ ဖြည့်စွက်ပြီး ဖြည့်စွက်ဘတ်ဂျက်မှာ ပြည်ထောင်စုအစိုးရကို တင်ပြထားတာ တွေ့ရပါတယ်။

ဒီမေးခွန်းကို အကျယ်တဝင့်မမေးတော့ဘဲ ဖြည့်စွက် တောင်းခံထားသည့် ရွာ (၇)ရွာဖြစ်သည့် အာရမ်း(ပလောင်)ရွာ၊ ကွမ်ဟယ်ရွာ၊ မန်နောက်ရွာ၊ ကျောက်ဖြူရွာ၊ တောင်သုံးဆယ်ရွာနှင့် ပန်စေမိန်း၊ ကယားလမ်းရွာတွေအတွက် ပြည်နယ်အစိုးရက ခွင့်ပြုပေးထားသည့် လျှပ်စစ်မီးသွယ်တန်းရေးကိစ္စ နှင့်ပတ်သက်ပြီးမှ ယနေ့အထိ ဆောင်ရွက်မှု မတွေ့ရှိရသေးပါ။ ဒါကြောင့် ပြည်နယ် အစိုးရအဖွဲ့ အနေနဲ့ ကျေးရွာ (၇)ရွာအတွက် ဘယ်လိုဆောင်ရွက် ထားသည်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်း သိရှိလို ပါသည်။ နောက်တစ်ခုအနေနဲ့ မည်သည့် အချိန်တွင် ဆောင်ရွက် ပေးမည် ဆိုသည်ကို သိရှိလိုသည့်အတွက် ဒီမေးခွန်းကို မေးမြန်း ရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။



D/real(wide) (5



ဌာနမှ တင်ဒါခေါ်ယူ တာဝန်ပေးဆောင်ရွက်သကဲ့သို့ ရှမ်းပြည်နယ် အစိုးရ ဘတ်ဂျက်ဖြင့် စီမံခန့်ခွဲဆောင်ရွက်ခွင့်ရှိသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ပထမဦးဆုံးအကြိမ် တင်ဒါစနစ်ဖြင့် ရွေးချယ် တာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။ ယင်းသို့ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရခြင်းမှာ ပွင့်လင်းမြင်သာမှုရှိစေရန် အထက်မှချမှတ် ထားသော လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်လာခြင်း၊ နတလနှုန်းထား သတ်မှတ်ချက်များမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သတ်မှတ်လာသဖြင့် ခွင့်ပြုရန်ပုံငွေနှင့် ညီမျှသည့် စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရန် လိုအပ်လာသည့် အပြင် လုပ်ငန်းအပ်နှံစာချုပ်စာတမ်း ကတိကဝတ်အတိုင်း ဆောင်ရွက် နိုင်ခြင်း မရှိသည့် ကုမ္ပဏီများရှိပါကလည်း ဥပဒေကြောင်းအရ တင်ဒါစည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်နိုင်ရန် နည်းလမ်းတကျ ဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်။ သို့ပါ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စု ဘတ်ဂျက်ဖြင့်လည်းကောင်း၊ ပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် လည်းကောင်း စီမံခန့်ခွဲဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန်၊ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းမူဝါဒနှင့်အညီ ဖြစ်စေရန် တင်ဒါစနစ်ဖြင့် ရွေးချယ် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းများနှင့် ပတ်သက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအောက်တွင် ပြည်နယ်/ တိုင်းဒေသကြီးများ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနများအား ဖွဲ့စည်း၍ ကျေးလက်နေပြည်သူများ၏ လိုအပ်ချက် များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးလက်ဒေသ

မေးခွန်းနံပါတ်(၃)ကတော့ လျှပ်စစ် ကဏ္ဍနဲ့ ပတ်သက်တာပဲ ဖြစ်ပါတယ်။ ကျွန်တော် မေးမည့်မေးခွန်းကတော့ ပိုလျှံနေသော မဟာဓာတ်အားလိုင်း ကနေပြီးတော့မှ ဓာတ်အားများကို အမှန်တကယ်လိုအပ်နေသေးသည့် ကျန်ရှိသည့် ကျေးလက်တောရွာများအား ထပ်မံတိုးချဲ့သွယ်တန်းပေးဖို့ အစီအစဉ်ရှိ/မရှိ နှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ ရွှေလီရေအားလျှပ်စစ်မဟာဓာတ်အားလိုင်းမှ ၆၆ ကေဗွီလိုင်းဖြင့် သွယ်တန်းကာ ၄ မဂ္ဂါဝပ်ဖြင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်လျက်ရှိပါတယ်။ လောလောဆယ် နမ့်ဆန်မြို့ပေါ်နှင့် ကျေးရွာစုစုပေါင်း ၂၀ကို လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးရာ ၀.၈ မဂ္ဂါဝပ်ဘဲ သုံးနေတဲ့အတွက် ၃.၂ မဂ္ဂါဝပ် ပိုလျှံလျက်ရှိနေပါတယ်။ ဒါကြောင့် ဖော်ပြပါ ရွာများမှာ လက်ရှိ ၁၁ ကေဗွီအေ ဓာတ်အားလိုင်းမှ ၂ မိုင်အတွင်း အကျုံးဝင်သောရွာများဖြစ်သည့်အတွက် National Grid ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ ကျခံပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းဖြစ်ပါတယ်။ (၁) မန်ကန်ကျေးရွာ၊ အိမ်ခြေ ၈၅ အိမ်ခြေ ၁၁ ကေဗွီအေမှ အနီးဆုံး အကွာအဝေး ၂ မိုင်၊ (၂) ဟိုက်တန်ကျေးရွာ၊ အိမ်ခြေ ၄၈ လက်ရှိ ၁၁ ကေဗွီအေမှ အနီးဆုံး အကွာအဝေး ၂ မိုင်၊ (၃) ပန်ကွမ်မိန်းကျေးရွာ၊ အိမ်ခြေ ၃၀၊ ၁၁ကေဗွီအေမှ အနီးဆုံးအကွာအဝေး ကျောက်ဖြူရွာမှ ၂ မိုင်၊ (၄) ပန်စေမိန်းကျေးရွာ၊ အိမ်ခြေ ၁၂၅ အိမ်ရှိပြီး ၁၁ ကေဗွီအေမှ အနီးဆုံး အကွာအဝေးက မြို့လျှပ်စစ်ဓာတ်အားခွဲရုံမှ ၂ မိုင်အတွင်း၊ (၅) ဟိုချောင်းကျေးရွာ၊ အိမ်ခြေ ၂၀၀ ၊ ၁၁ ကေဗွီအေမှ အနီးဆုံးအကွာအဝေး မြို့ဓာတ်အားခွဲရုံမှ ၂ မိုင်အတွင်း၊





ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။

ယခု နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ဦးအောင်ထွဏ်းမှ မေးမြန်းထားသည့် မေးခွန်းများကို ဖြေကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ် အာရမ်း(ပလောင်)ရွာ၊ ကျောက်ဖြူကျေးရွာနှင့် ကယားလမ်း ကျေးရွာများ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မူလရသုံးခန့်မှန်းခြေစာရင်းတွင် ထည့်သွင်းလျာထားပြီးတော့လည်း လျှပ်စစ်မီးသွယ်တန်းခြင်းနှင့်ပတ်သက်၍ စာရင်းမပါရှိခြင်းကိစ္စ နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင်၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေ၏ BE ဘတ်ဂျက်ဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းပေါင်း ၁၂၉ ခု တင်ပြလာပြီး ခန့်မှန်းကုန်ကျစရိတ် ၁၃ ဘီလီယံရှိကြောင်း တွက်ချက်တင်ပြလာပါတယ်။

သို့သော်လည်း ဘဏ္ဍာငွေလျာထားမှုအရ လုပ်ငန်းအားလုံး တည်ဆောက်ခွင့်မရနိုင်သည့်အတွက် အဆိုပါ ကျေးရွာ (၃)ရွာမှာ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် BEဘတ်ဂျက်တွင် ကျန်ရှိရခြင်း ဖြစ်ပါတယ်။ ၎င်းကျေးရွာ(၃)ရွာ ဓါတ်အားရရှိရေး အတွက် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေ RE ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ သို့သော်လည်း အခြေအနေအရ နိုင်ငံတော်မှ RE ဘတ်ဂျက် ခွင့်ပြုခဲ့ခြင်း မရှိခဲ့ပါ။ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ BEပိုလျှံငွေတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

မေးခွန်းနံပါတ်(၂) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမှ မေးမြန်းသည့် မန်ကန်၊ ဟိုက်တန်၊ ပန်ကွမ်မိန်း၊ ဟိုချောင်း၊ လပိုင်း၊ ကျောက်ခေါင်း၊ မြိုင်၊ အုမ်းမတက်၊ ကွမ်ဟယ်၊ ပန်စေမိန်း၊ လွယ်ဆမ်ဆစ်စသည့် ကျေးရွာများသည် ၁၁ ကေဗွီအေ ဓာတ်အားလိုင်းမှ ၂ မိုင်အတွင်း အကျုံးဝင်သောရွာများဖြစ်သဖြင့် (National Grid) အဖြစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ ကျခံပေး နိုင်ခြင်းရှိ/မရှိ ဆိုသည့်မေးခွန်းကိုဖြေကြား ပေးသွားမှာဖြစ်ပါတယ်။

မန်ကန်၊ ဟိုက်တန်၊ ပန်ကွမ်မိန်း၊ ဟိုချောင်း၊ လပိုင်း၊ ကျောက်ခေါင်း၊ မြိုင်၊ အုမ်းမတက် ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၂၀၁၅ -၂၀၁၆ ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားမှု မရှိပါသဖြင့် ဖော်ပြပါကျေးရွာများ၏ ကုန်ကျစရိတ် အသေးစိတ် တွက်ချက်ပြီးမှသာလျှင် နောင်လာမည့် ဘဏ္ဍာနှစ်တွင် ထည့်သွင်းတင်ပြပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်မှ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ပြုလုပ်ကျင်းပသော ပထမ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ တက်ရောက် လာကြသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံး တပ်မတော်သားကိုယ်စားလှယ်



D/real(wide) (5



(၆)လပိုင်းကျေးရွာ၊ အိမ်ခြေ ၃၇ အိမ်၊ ၁၁ ကေဗွီအေလိုင်းမှ ၂ မိုင်အတွင်း၊ (၇) ကျောက်ခေါင်းကျေးရွာ၊ အိမ်ခြေ ၈၂ အိမ်ခြေရှိပြီး ကွမ်ဟယ်ကျေးရွာမှ ၅ မိုင် အတွင်း ၊ (၈) လွယ်ဆမ်ဆစ်ကျေးရွာ၊ အိမ်ခြေ ၁၁၉ ၊ ၁၁ ကေဗွီအေမှ အနီးဆုံးအကွာအဝေး ကျောက်ဖြူရွာမှ ၂ မိုင်အတွင်း၊ မြိုင်ကျေးရွာ၊ အိမ်ခြေ ၈၄ ၊၁၁ ကေဗွီအေမှ အနီးဆုံးအကွာအဝေး ကျောက်ဖြူရွာမှ ၂ မိုင်အတွင်း ၊ (၁၀) ကွမ်ဟယ်ကျေးရွာ၊ အိမ်ခြေ ၇၃ ၊ ၁၁ ကေဗွီအေလိုင်းမှ ၅ မိုင်အတွင်း၊ (၁၁) အုမ်းမတက်ကျေးရွာ၊ အိမ်ခြေ ၁၀၁၊ ၁၁ ကေဗွီအေမှ အနီးဆုံး အကွာအဝေး ကွမ်ဟယ်ကျေးရွာမှ ၂ မိုင်အတွင်း၊ (၁၂) ကွမ်ဟယ်ကျေးရွာ၊ အိမ်ခြေ ၁၃၀၊ ၁၁ ကေဗွီအေလိုင်းမှ ၅ မိုင် အကွာအဝေး ရှိပါတယ်။ ဒါကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျှပ်စစ်သွယ်တန်းခွင့် ခွင့်ပြုပြီးသော ကျေးရွာများအပြင် ထပ်ဖော်ပြပါကျေးရွာများအား လျှပ်စစ်မီးရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆက်လက်ဆောင်ရွက် ထားရှိသည်ကို သိရှိလိုသည့် အတွက် မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ။ ကောင်းမွန်သောလိုအင်ဆန္ဒများ ပြည့်ဝကြ ပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါဝရ

များ အားလုံးနှင့် လေ့လာရေးရောက်ရှိ နေကြသော လူငယ်မောင်/မယ် များအားလုံး မင်္ဂလာနံနက်ခင်းပါလို့ လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။ ယခုကဲ့သို့ ပြည်နယ်သူ/သားများ၏ အကျိုးစီးပွားအတွက် မေးခွန်းများမေးမြန်း တင်ပြခွင့်ရရှိသည့်အတွက်များစွာဂုဏ်ယူဝမ်းသာမိပါတယ်။ ကျွန်တော်မေးမြန်းတင်ပြမည့်မေးခွန်းကတော့ သာသနာရေးနှင့် သက်ဆိုင်သည့်မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာ အုပ်စုဆိုရင် ရွာစဉ်တွေများပြီး လူဦးရေထူထပ်သည့် ကျေးရွာအုပ်စုတစ်အုပ်စု ဖြစ်ပါတယ်။ ယခင်ဆယ်စုနှစ် တစ်စုလောက်က ဟွေတောက်ကျေးရွာအုပ်စုသည် ချောင်ကျပြီးဖွံ့ဖြိုးမှုအင်မတန်မှ နောက်ကျသည့်ကျေးရွာအုပ်စု တစ်စုဖြစ်ပါတယ်။ အစိုးရသစ်တက်လာပြီးနောက်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ၏အကျိုးဆက်ကြောင့် ဟွေတောက်ကျေးရွာအုပ်စုတစ်စုကထိုက်သင့်သလောက် တိုးတက် ဖွံ့ဖြိုးမှုများ ရရှိနေပြီးဖြစ်ပါတယ်။ ထို့ကြောင့် ယခုကျေးရွာသူ/သားများ စုပေါင်းပြီးဘုန်းတော်ကြီးကျောင်း တစ်ဆောင် ဆောက်လုပ်လှူဒါန်းကြရန်စိုင်းပြင်းလျက်ရှိပါတယ်။ ဘုန်းကြီးကျောင်းဟာဆိုလျှင်အင်ဂျင်နီယာရဲ့ တွက်ချက်မှုအရ ကျပ်သိန်းပေါင်း လေးထောင်ကျော်ခန့် ကုန်ကျမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေး လုပ်ငန်းအရအုတ်မြစ်အထိ ပြီးစီးအောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျောင်းဆောင်ကြီးကို အစိုးရအဖွဲ့မှပါဝင် လှူဒါန်းပေးရန် ဒေသခံ





ဖြစ်ပါကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ သိန်း ၃၀ လှူဒါန်း ပေးသွားမည်ဆိုသည့်အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၂)ဦး အမည်စာရင်း ပေးသွင်းထားပါတယ်။ ပထမဦးစွာ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းသူရိန်ဦးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစား ရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသူရိန်ဦး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သည့် ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ် တောင်ပိုင်းအတွင်း လေ့လာစိစစ်တွေ့ရှိသည့် အချက်လေးတွေကို ရှင်းလင်းပေးသွားမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုသည့် အချက်မှာ တောင်ကြီးဒေသရဲ့ အဆိုပြုငွေက ကျပ်သန်းပေါင်း ၃၂၉၀၀ တိတိ ဖြစ်ပါတယ်။ တောင်ကြီးဒေသမှာ ခရိုင်(၃)ခု ပါဝင်ပြီး တောင်ကြီးခရိုင် အတွင်း လမ်းစီမံကိန်း ၃၂ ခု အတွက် အဆိုပြုငွေ ၁၉၉၇၁. ၄၇ သန်း ရှိပြီး လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်း လမ်းစီမံကိန်း ၂၂ ခု အတွက် အဆိုပြုငွေ ၁၂၉၂၈. ၅၃ သန်း သာရှိကြောင်း တွေ့ရှိရပါသည်။

ထို့အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တင်သွင်းသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ BE ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများမှာ ရှမ်းပြည်တောင်ပိုင်းအတွင်း တိုးချဲ့လုပ်ငန်း ၃၅ ၊ အစားထိုးလုပ်ငန်း ၂၂၊ ကျေးရွာမီးလင်းရေး ၆၄ ၊ အားလုံးစုစုပေါင်း ၁၂၁ လုပ်ငန်းရှိပြီး အဆိုပြုငွေ စုစုပေါင်း ၁၀၇၈၄. ၈၉၉ သန်း ဖြစ်ပါတယ်။ တောင်ကြီးခရိုင်အတွင်းမှာ တိုးချဲ့လုပ်ငန်း ၂၀ ရှိပြီး လျာထားငွေပေါင်း ၉၄၁. ၃၇ သန်း၊ လွိုင်လင်ခရိုင်အတွင်း တိုးချဲ့လုပ်ငန်း ၅ ခုရှိပြီး လျာထားငွေ ၁၂၂. ၁၂၇ သန်းဖြစ်ပါတယ်။ လင်းခေးခရိုင်အတွင်း တိုးချဲ့လုပ်ငန်း ၁၀ ခုရှိပြီး လျာထားငွေပေါင်း ၂၆၄. ၄၉၁ သန်းဖြစ်ပါတယ်။

တောင်ကြီးခရိုင်အတွင်းမှာ အစားထိုးရင်နှီးမြှုပ်နှံမှုလုပ်ငန်း ၁၈ ခုအတွက် လျာထားငွေ ၉၇၀. ၉၀၄ သန်း၊ လွိုင်လင်ခရိုင်အတွင်း အစားထိုးလုပ်ငန်း ၂ ခုအတွက် လျာထားငွေ ၉၉. ၈၂ သန်းနှင့်



D/real(wide) (2



ရွာသူ ရွာသားများကလည်း မျှော်လင့်တောင့်တလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ယခုဆောက်လုပ်လျက်ရှိသော ဟွေတောက်ကျေးရွာ အုပ်စု “ရန်အောင်” ဘုန်းတော်ကြီးကျောင်းတည်ဆောက်မှု လုပ်ငန်းတွင် အဆင်ပြေ ချောမွေ့စေရေးအတွက် အစိုးရဘက်မှ မည်သို့ပါဝင် ကူညီလှူဒါန်း နိုင်မည်ကို သိရှိလိုပါ၍ လွှတ်တော်မှ တစ်ဆင့် မေးမြန်းတင်ပြအပ် ပါတယ်။ ကျေးဇူးတင်ရှိပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။**

အားလုံးမင်္ဂလာပါ။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်၏ မေးမြန်းထားသည့် မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လွိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာအုပ်စု၊ နောင်ဆိုင်ကျေးရွာတွင် “ ရန်အောင် ” ဘုန်းတော်ကြီးကျောင်း တည်ဆောက်မှုလုပ်ငန်း အဆင်ပြေချောမွေ့စေရေးအတွက် အစိုးရဘက်မှ မည်သို့ ကူညီလှူဒါန်းပေး နိုင်မည့် အစီအစဉ် ရှိ/မရှိဆိုသည့် မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လွိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာအုပ်စု၊ နောင်ဆိုင်ကျေးရွာတွင် “ ရန်အောင် ” ဘုန်းတော်ကြီး ကျောင်း တည်ဆောက်မှု လုပ်ငန်း အဆင်ပြေချောမွေ့စေရေးအတွက် အစိုးရဘက်မှ ကူညီလှူဒါန်းပေးနိုင်မည့် အစီအစဉ် မရှိသေးပါကြောင်းနှင့် “ ရန်အောင် ” ဘုန်းတော်ကြီးကျောင်း တည်ဆောက်မှုလုပ်ငန်း အဆင်ပြေ ချောမွေ့စေရေးအတွက် ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ပါက သင့်တော်မည်

လင်းခေးခရိုင်အတွင်း အစားထိုးလုပ်ငန်း ၂ ခုအတွက် လျာထားငွေ ၈၂. ၆၀၄ သန်းဖြစ်ပါတယ်။ တောင်ကြီးခရိုင်ချုပ် ကျေးရွာမီးလင်းရေးလုပ်ငန်း စုစုပေါင်း ၆၀ ရှိပြီး လျာထားငွေ ၇၀၉၈၇. ၅၆၅ သန်း၊ လွိုင်လင်ခရိုင်အတွင်းမှာ ကျေးရွာမီးလင်းရေးလုပ်ငန်း ၂ ခုသာရှိပြီး လျာထားငွေ ၁၅၉. ၇၉၇ သန်းနှင့် လင်းခေးခရိုင်အတွင်း ကျေးရွာမီးလင်းရေးလုပ်ငန်း ၂ ခုအတွက် ၁၅၄. ၂၂၁ သန်းသာ လျာထားသည်ကို တွေ့ရှိရပါတယ်။ ရှမ်းပြည်တောင်ပိုင်းအတွင်း တောင်ကြီးခရိုင်ချုပ်အနေနဲ့ လျှပ်စစ်ကဏ္ဍမှာ ၉၉၀၁. ၈၃ သန်း လျာထားပြီး လွိုင်လင်၊ လင်းခေး (၂) ခရိုင် စုစုပေါင်းအတွက် ၈၈၃. ၀၆ သန်းသာ လျာထားသည်ကို တွေ့ရှိရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် အတွင်းမှာရှိသည့်ဖွံ့ဖြိုးတိုးတက်မှု ပိုနိမ့်ကျသည့် လွိုင်လင်၊ လင်းခေး (၂)ခရိုင်မှာ ယခုထက်ပိုမိုသည့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းနှင့် အဆိုပြုငွေ ၊ လျာထားငွေတွေရှိမှသာလျှင် ကျေးလက်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုနှုန်း ကွာဟမှုနည်းပါးစေမှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်သို့ တင်ပြလာတဲ့ ဒေသဖွံ့ဖြိုးရေး စီမံကိန်းကို ဆန်းစစ်ကြည့်သည့်အခါမှာ လမ်းစီမံကိန်းမှာ တောင်ကြီးခရိုင်က လွိုင်လင်၊ လင်းခေး (၂)ခရိုင်ပေါင်းထက် ၅၄%ကျော်လွန်ပြီး လျာထားသည် ကိုတွေ့ရှိရ ပါတယ်။ လျှပ်စစ်စီမံကိန်းမှာလည်း လွိုင်လင်၊ လင်းခေး (၂)ခရိုင်အတွင်းရှိ စီမံကိန်းများအတွက် လျာထားငွေဟာ တောင်ကြီးခရိုင်ချုပ် လျာထားငွေထက် ၁၀ ပုံ ၁ ပုံ တောင်မရှိတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးတိုးတက်မှု ပိုနည်းပါးသည့် လွိုင်လင်၊ လင်းခေး (၂)ခရိုင်အတွက် ဒေသဖွံ့ဖြိုးရေး စီမံကိန်းများအား ပိုမိုဆောင်ရွက်ပေးသင့်ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်စိစစ်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာတင်ပြအပ်ပါတယ်ကျေးဇူးတင်ပါတယ်။





အထက်မြန်မာပြည်မဟာဓာတ်အားလိုင်း ဖယ်ခုံ ၃၃ ကေဗွီဓာတ်အားလိုင်း၊ ယခုအသစ် တည်ဆောက်သော နေပြည်တော်ဓာတ်အားလိုင်းသည်လည်း ၎င်းကျေးရွာ၏ဧရိယာတွင် ဖြတ်သန်းလျက်ရှိ ပါသည်။ ယခုအချိန်ထိ လျှပ်စစ်မီးမရရှိသေးပါ။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော် တင်ပြသော မိုးဖြဲကျေးရွာအုပ်စု၊ ခေါင်းမိန်းကျေးရွာသည် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင်လည်း ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးမြန်းထားပြီး ဖြစ်ပါတယ်။

လျှပ်စစ်ဝန်ကြီးမှ ဖြေကြားရာတွင် နောင်လာမည့် ဘတ်ဂျက် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းစဉ်းစားပေးမည် ဟု ဖြေကြားခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်နယ်အစိုးရ BE ဘတ်ဂျက်ဖြင့် ကျေးလက်ဒေသမီးလင်းရေး ဆောင်ရွက်လိုသော ဦးစားပေးလုပ်ငန်း(ပထမဦးစားပေး) လျာထားငွေ ၅၅. ၆၀၁ သန်း စာမျက်နှာ ၃၁ အမှတ်စဉ် ၁၀၄ တွင်ပါဝင်သော ကျေးရွာဖြစ်ပါသည်။ သို့သော်၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် ပါမလာဘဲ ကျန်ရှိနေပါသည်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ထပ်မံ၍ မပါဝင်ပါသောကြောင့်၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရBE ဘတ်ဂျက်များ ပြန်လည်စိစစ်၍ ထည့်သွင်း ပေးနိုင်ပါရန် လေးစားစွာဖြင့် အကြံပြု ဆွေးနွေးတင်ပြတောင်းဆိုအပ်ပါတယ်။ အကယ်၍ ထည့်သွင်း စဉ်းစားနိုင်ခြင်းမရှိပါက မည်သည့်အကြောင်းကြောင့်၊ ထည့်သွင်းစဉ်းစားနိုင်ခြင်းမရှိကြောင်း အကြောင်းရင်းကို ဖြေရှင်းချက် ပေးစေလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦးရဲ့ ဆွေးနွေးချက်များနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များကပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး စိုင်းနော်ခမ်းဖြစ်ပါတယ်။နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ စိုင်းသူရိန်ဦး ဆွေးနွေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်း နဲ့ပတ်သက်ပြီးမှ အဆိုပြုဆွေးနွေးတာနဲ့စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြ ပေးသွားမှာဖြစ် ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက်ကျပ်သန်းပေါင်း ၉၀၀၇၁. ၃၄၅သန်းလျာထား တင်ပြတောင်းဆိုထားပါတယ်။ တောင်ကြီးဒေသအတွက်လမ်းစုစုပေါင်း ၅၄ လမ်းရှိပါတယ်။ ကျပ်သန်းပေါင်း ၃၂၉၀၀ ဖြစ်ပါတယ်။ လားရှိုးဒေသအတွက် ကျပ်သန်းပေါင်း ၃၁၃၁၄. ၀၄၀ သန်းဖြစ်ပြီးတော့မှ ကျိုင်းတုံဒေသ အတွက်ကျပ်သန်းပေါင်း ၂၅၈၅၇. ၃၀၅ သန်းဖြစ်ပါတယ်။ စုစုပေါင်း ၉၀၀၇၁. ၃၄၅ သန်းဖြစ်ကြောင်း တင်ပြအပ် ပါတယ်။

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက်အစည်းအဝေး ပထမနေ့မှာ ဘဏ္ဍာရေးဝန်ကြီးမှ လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်ဖြန့်ဝေပေးထားတဲ့ စာရင်းဖြစ်ပါတယ်။ စုစုပေါင်း တောင်ကြီးခရိုင်မှာ ၃၂ လမ်းရှိပါတယ်။ လွိုင်လင်ခရိုင် အတွင်းမှာ လမ်းပေါင်း ၁၇လမ်းရှိပါတယ်။ လင်ခေးခရိုင် အတွင်းမှာ လမ်းပေါင်း ၅ လမ်းဖြစ်ပါတယ်။ တောင်ကြီးခရိုင်တွင်းမှာရှိတဲ့ ၃၂ လမ်းအတွက် ကျပ်သန်းပေါင်း



D/real(wide) (2



**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအာဖြာဟန်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအာဖြာဟန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာနံနက်ခင်းပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာဖြာဟန် ဖြစ်ပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးလိုတာကတော့ ရှမ်းပြည်နယ်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်အစိုးရ ( BE ) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တိုးချဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ အစားထိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများသည် လုပ်ငန်းပါဝင်မှုများသော မြို့နယ်ရှိသလို လုပ်ငန်းပါဝင်မှုလုံးဝမရှိသော မြို့နယ်လည်း ရှိပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းလျာထားငွေ ၁၀၇၈၄. ၈၉၉ သန်းရှိပါသော်လည်း ကျွန်တော်တို့ဖယ်ခုံမြို့နယ်သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းလျာထားချက် တစ်ခုမှပါဝင်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဖယ်ခုံမြို့နယ်မိုးဗြဲရေလှောင်ကန်ဆည်ကြီးသည် လွိုင်ကော်၊ လောပိတရေအားလျှပ်စစ် စက်ရုံလည်ပတ်နိုင်ရေးအတွက် အဓိကအားထားရသောဆည်ကြီးတစ်ခုဖြစ်ပါသည်။ ဆည်ကြီးတည်ဆောက်ရာတွင် ခေါင်းမိန်းကျေးရွာသည် အနစ်နာခံဖယ်ရှားပေးသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ လွိုင်ကော်၊ သာစည်

၁၉၉၇၁. ၄၇ သန်းလျာထားပါတယ်။ လွိုင်လင်ခရိုင်အတွင်းမှာ ၁၇ လမ်း၊ လင်းခေးခရိုင် ထဲမှာ ၅ လမ်း ဘဏ္ဍာငွေကို၂၀၁၆-၂၀၁၇ တစ်နှစ်ထဲကြည့်လို့မရပါဘူး။ ၂၀၁၃-၂၀၁၄၊ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၁-၂၀၁၂ ရှမ်းပြည်နယ်အစိုးရအဖွဲ့စပြီး တာဝန်ယူလာတဲ့သက်တမ်းမှာ နှစ်တိုစီမံကိန်း ၅ နှစ်၊ နှစ်လတ်စီမံကိန်း၊ နှစ်ရှည်စီမံကိန်းစသည်ဖြင့် စီမံကိန်းတွေချပြီး ရှမ်းပြည်နယ်ထဲမှာရှိတဲ့ လမ်းတံတားများ လုပ်ငန်းများကို အားလုံး (cabinet) ဆုံးဖြတ်ချက်နဲ့ စီမံကိန်းဌာနကိုပေးပို့ပြီး ဆောင်ရွက် ခဲ့ခြင်း ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဌာနက တာဝန်ယူတဲ့ လမ်းမိုင်ပေါင်း မြန်မာတစ်နိုင်ငံလုံးမှာ ၂၄၀၀၀ ကျော် ရှိပါတယ်။ရှမ်းပြည်နယ် အတွင်းမှာ ၆၀၀၀ ကျော်ရှိပြီးတော့မှ မြန်မာတစ်နိုင်ငံ လုံးရဲ့ လေးပုံတစ်ပုံကျော် ရှိပါတယ်။ သင်္ချာနည်းအရ လေးပုံတစ်ပုံဖြင့် ရှမ်းပြည်နယ်မှာ ဘတ်ဂျက်ပိုရရမယ်ဆိုပြီး တောင်းခံနိုင်ခြင်းလည်း မရှိပါ။ စီမံကိန်းအရ လုပ်နိုင်တဲ့အခြေအနေ ဘဏ္ဍာနှစ်အတွင်းမှာ ပြီးစီးနိုင်မည့် အခြေအနေ၊ နယ်မြေ အခြေအနေပေါ် မူတည်ပြီး ရန်ပုံငွေတွက်ချက်တင်ပြ တောင်းခံ သွားခြင်း ဖြစ်ပါတယ်။

နမ့်စန် လွှတ်တော်ကိုယ်စားလှယ်တင်ပြသွားတဲ့အထဲမှာ လွိုင်လင် ၁၇ လမ်း၊ အသေးစိတ် တစ်လမ်းချင်းဖတ်ပြပေးပါမယ်။ ချိုခမ်း-ဟော့တောက်လမ်းဟာ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးခဲ့ပြီး တစ်လမ်းလုံး ကတ္တရာခင်းပေးပြီးသား ဖြစ်ပါတယ်။ ၁၂ ပေ အကျယ်ကတ္တရာလမ်း ဖြစ်ပြီး လွိုင်လင်က လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်က ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကတ္တရာလမ်းခင်းပေးသည့်အတွက် အစိုးရသစ်ကို ကျေးဇူးတင်တဲ့အကြောင်း လွှတ်တော်ထဲမှာ ပြောကြားထားပြီး သားလည်း ဖြစ်ပါတယ်။ဒါကြောင့်ထိန်းသိမ်းရေး ရန်ပုံငွေဘဲ ထည့်ထားခြင်း ဖြစ်ပါတယ်။





၉၃မိုင် ၁ဖာလုံ ရှိပါတယ်။ ဒီလမ်းဟာ ၁၂ပေကျယ် ကတ္တရာလမ်း ဖြစ်ပြီး အစိုးရသက်တမ်း ၅နှစ်အတွင်းမှာ အပြီးဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ကျန်နေတာကတော့ ကျေးသီးနှင့် မိုင်းနောင်ကြား အနည်းငယ်သာ ဖြစ်ပါတယ်။ ကာလိ-ကျိုင်းလွန်းလမ်း ဆိုရင်လည်း ကတ္တရာလမ်းခင်းပြီးသားဖြစ်တဲ့အတွက် ထိန်းသိမ်းရန်ပုံငွေ ၆သန်းပဲ ထည့်ထားခြင်း ဖြစ်ပါတယ်။ ဝမ်ဆော-ဟိုက်ဖာလမ်းသည်လည်း ရွာကိုသွားတဲ့ မိုင်းရှူးကနေ ၆မိုင် ၁ဖာလုံ ဖြစ်ပြီး လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကံက ယခင်၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် တင်ပြထားခြင်းကြောင့် ၁၂ပေကျယ်ကတ္တရာလမ်းထည့်သွင်း ဆောင်ရွက်ပြီးသားဖြစ်ပါတယ်။

မိုင်းကိုင်- ကဗွီးလမ်းသည် မိုင်းကိုင်ကနေရွာကိုသွားတဲ့ ရွာလမ်း ၄မိုင်ပဲ ရှိပါတယ်။ ဒါကလည်း ကတ္တရာလမ်းဖြစ်ပြီးသားမို့ ထိန်းသိမ်းရန်ပုံငွေလည်း ၂. ၉သန်း ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။ နောင်လိုင်- ဝမ်းယိမ်းလမ်းကလည်း ၇မိုင် ၁ဖာလုံ အရှည်ရှိပြီး ဆောက်လုပ်ရေးက ၁၃. ၄၉ သန်းဖြင့် ကတ္တရာလမ်း ခင်းပြီးဖြစ်၍ ထိန်းသိမ်းရန်ပုံငွေထည့်ပေးခြင်းဖြစ်ပါတယ်။ ပင်လုံကိုယ်ရေပြားဆေးရုံလမ်း ၃ မိုင် ၁ ဖာလုံကိုလည်း ကတ္တရာလမ်း ခင်းပြီးဖြစ်၍ထိန်းသိမ်းရန်ပုံငွေ ၂. ၂ သန်း ထည့်သွင်းပေးထားပါတယ်။ မိုးနဲ-ကျိုင်းတောင်း-ဆိုင်းခေါင်-ကွန်ဟိန်းလမ်း ၆၀၅. ၁၂ သန်း နယ်မြေအခြေအနေအရ ဆောင်ရွက်ပေးနိုင်သည်အထိ ဆောင်ရွက်ပေးခြင်းဖြစ် ပါတယ်။ ၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကွန်ဟိန်းမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနု ကိုယ်တိုင်ကြီးကြပ်ပြီး နယ်မြေဒေသခံ များကို စည်းရုံးပြီးတော့ တံတား နှစ်စင်းကို ဆောင်ရွက်စေခဲ့ခြင်း ဖြစ်ပါတယ်။ ဆိုင်းခေါင်- ကျိုင်းခမ်းလမ်းလည်း အလားတူပါပဲ နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်သော လမ်းပိုင်း

အတိုင်းအတာအရ ၅၀၉. ၆၅သန်း ထည့်သွင်းပေးထားခြင်း ဖြစ်ပါတယ်။

မိုင်းနောင်- မိုင်းစံလမ်း ၂၂၉. ၇၂၅သန်း ထည့်သွင်း လျာထားပါတယ်။ နယ်မြေအခြေအနေအပေါ် မူတည်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းများမှာ လတ်တလောဖြစ်ပျက်နေသော နယ်မြေအခြေအနေအရ လုပ်ငန်း ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ မိုင်းနောင်-မိုင်းစံလမ်း လုပ်ငန်းခဏနားထားရပါတယ်။ လာမည့်နှစ်အတွက် နယ်မြေအခြေအနေကောင်းမည်ဆိုလျှင် ဆောင်ရွက်ပေးဖို့ လျာထားရေးဆွဲထားခြင်း ဖြစ်ပါတယ်။ နောက် ခိုလမ်-ဝမ်ဆင်းလမ်းလည်း နယ်မြေအခြေအနေ အရတော့ လုပ်နိုင်သလောက်ကိုသာ ၄၅၃. ၁၁၀ သန်းသာ ထည့်သွင်း ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ကာလိ-မိုင်းစံ-မိုင်းရှူးလမ်းဆိုရင် ၁၄၄၅. ၁၅ သန်း ထည့်သွင်းဆောင်ရွက် ပေးထားတာဖြစ်ပါတယ်။ လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းကောင်လမ်း ၁၈၁၇. ၄၅ သန်း ထည့်သွင်း ဆောင်ရွက် ပေးထားပါတယ်။ လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းကောင်လမ်း ၁၀၃မိုင် ၂ဖာလုံ ရှိပါတယ်။ဒီလမ်းဟာ ၁၂ပေကျယ် ကတ္တရာလမ်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ပြီးလျှင် အားလုံး ပြီးပြီးသားဖြစ်ပါတယ်။ ထပ်မံထည့်သွင်းလျာထား သည့် ၁၈၁၇. ၄၅ သန်းဟာ မြို့တွင်း၊ ရွာတွင်း လူသွားများသည့်နေရာမှာ ၁၈ ပေအကျယ် ကတ္တရာချဲ့ပေးဖို့ အတွက် လျာထားပြီး ဆောင်ရွက် ထားသည့် ရန်ပုံငွေဖြစ်ပါတယ်။ ကွန်ဟိန်း-မိုင်းနောင်-ကျေးသီး-ပန်ကေတု လမ်းဟာ မိုင်းငေါ် ဆိုသည့်ရွာမှ ရှမ်းမြောက်နယ်စပ် ရောက်သည်အထိ ကတ္တရာလမ်း ဖြစ်သွားမည် ဆိုလျှင် ရှမ်းမြောက်နှင့် အလွယ်တကူ သွားလာနိုင်သည့်လမ်း ဖြစ်ပါတယ်။

လင်းခေးခရိုင်အတွင်းမှာ ပြည်နယ်ကနေဆောင်ရွက်သည့် ၅ လမ်းပဲ ရှိပါတယ်။ မောက်မယ်-ဝမ်ဟတ်-လင်းခေးလမ်းလည်း



D/real(wide) (6



နမ့်စန်-မိုင်းစိတ်လမ်းဟာ ၁၉ မိုင် ၁ ဖာလုံ၊ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်မှာ ၁၉ မိုင် ၁ ဖာလုံ ၁၂ ပေ ကျယ်ကတ္တရာလမ်း ဆောင်ရွက်ပေးပြီးသားဖြစ်၍ ထိန်းသိမ်းရေး ရန်ပုံငွေဘဲ ထည့်ထားခြင်းဖြစ်ပါတယ်။ နမ့်စန်-ဝမ်နောင်လမ်း ၄၀၁. ၇၀၂ သန်းထည့်ထားပါတယ်။ ဒါလည်း နမ့်စန်-ဝမ်နောင်လမ်းမှာ နယ်မြေအခြေအနေအရလုပ်နိုင်တဲ့အပိုင်းသွားနိုင်တဲ့ အတိုင်းအတာ လေးတွေလောက်ပဲလုပ်ထားခြင်းဖြစ်ပါတယ်။ လမ်းခင်းတယ်ဆိုတာ လမ်းကြိတ်စက်ရှိရုံ၊ အင်ဂျင်နီယာရှိရုံ နဲ့မရပါ။ လမ်းလုပ်သား အများကြီးလိုပါတယ်။ လမ်းလုပ်သားကလဲ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးမှ ဘာသာစကား အခက်အခဲ နားမလည်၊ မတတ်တဲ့သူများမှာ လုပ်ငန်းခွင်ကြီးရှိရာ လမ်းဘေးမှာဘဲ တဲထိုးပြီး လမ်းဘေးအိပ်၊ လမ်းဘေးစားပြီး လမ်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရတာဖြစ်ပါတယ်။ လင်းခေး ခရိုင်ထဲမှာ သစ်တောဝန်ထမ်းများ အသက်ဆုံးရှုံးသွားတဲ့ အတွက်ကြောင့် လမ်းလုပ်သားများဟာ မိမိတို့အသက် အိုးအိမ် အတွက်ကို လုပ်ငန်းတွေကိုစွန့်ခွာပြီး ပြန်ပြေးသွားတဲ့အခါမှာ မနည်းပြန်စည်းရုံးပြီး ပြန်ခေါ်လာတာ ဖြစ်ပါတယ်။ လမ်းလုပ်သား တွေရဲ့ အနေအထားကိုကြည့်ပြီး နယ်မြေအခြေအနေအပေါ်မှာ ဘတ်ဂျက် ထည့်သွင်းလျာထားခြင်း ဖြစ်ပါတယ်။

ခိုလမ်-ကျိုင်းတောင်းလမ်း ဆိုရင်လည်း အလားတူပါဘဲ နယ်မြေ အခြေအနေအရ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် ၃၆. ၉၈ သန်းသာ ထည့်သွင်း ဆောင်ရွက်ပေးထား တာဖြစ်ပါတယ်။ ဟိုကြယ်လမ်းလွဲလမ်း ၄မိုင်၁ဖာလုံ ရှိပါတယ်။ ၄၃၈. ၉၄ သန်း အထိ ဆောင်ရွက်ပေးသွားမည့် လမ်းဖြစ်ပါတယ်။ ကွန်ဟိန်း-မိုင်းနောင်-ကျေးသီး-ပန်ကေတုလမ်းဆိုရင် ကျပ်သန်းပေါင်း ၁၈၁၃. ၆၂ သန်း ထည့်ထားပါတယ်။ ကွန်ဟိန်း-မိုင်းနောင်-ကျေးသီး-ပန်ကေတုလမ်း

၂၉မိုင် ၁ဖာလုံ ရှိပါတယ်။ ၁၂ပေအကျယ် ကတ္တရာလမ်း အားလုံးဆောင်ရွက်ပေးပြီးသားဖြစ်ပါတယ်။ ၈၂၅.၇ သန်း ကတော့ ကျောက်တောင်ကြီးတွေ ဖြစ်နေသည့်အတွက် လမ်းချဲ့ဖို့အတွက် ထည့်သွင်းလျာထားခြင်း ဖြစ်ပါတယ်။ ကျောက်တောင်က ရန်ပုံငွေများများထည့်ရင်လည်း ဘတ်ဂျက်နှစ် အရ တစ်နှစ်ထဲမှာ အများကြီးမပြီးနိုင်သည့် အတွက် ပြီးနိုင်သည့် အတိုင်းအတာ ကိုသာ ထည့်သွင်း ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ မိုးနဲ- မောက်မယ်လမ်း ၂၇မိုင် ၁ဖာလုံ ၁၂ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီးသား ဖြစ်ပါတယ်။ ၉၃၂သန်းကို လမ်းတံတား ၃၃ ပေအကျယ်ရအောင် မြို့တွင်း ရွာတွင်းတွေမှာ ၁၈ ပေ အကျယ်ရအောင် ထည့်သွင်း ဆောင်ရွက်ပေးထားခြင်း ဖြစ်ပါတယ်။ ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ် လမ်း ကျပ်သန်းပေါင်း ၂၀၀၈.၈၅သန်း ထည့်သွင်းဆောင်ရွက် ပေးထားသည့် လမ်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ဒီလမ်းကိုနယ်မြေအခြေအနေအရ လင်းခေး-မိုင်းပန်လမ်းအပေါ်မှာ လုပ်ငန်းပြောင်းရွှေ့ပြီးဆောင်ရွက် ပေးထားတာပဲဖြစ်ပါတယ်။

လာမည့် ၂၀၁၆-၂၀၁၇ မှာ နယ်မြေအခြေအနေ အေးချမ်းမည်ဆိုလျှင် ဆိုက်ခေါင်-ပွန်ချောင်း- မောက်မယ်လမ်း ဟာ ပြီးစီးသွားမည့် လမ်းတစ်လမ်းဖြစ်ပါတယ်။ ကျိုင်းတောင်း- မိုင်းပန် လမ်းဟာ ၁၂ပေကျယ် ကတ္တရာလမ်း ခင်းပြီးသား ဖြစ်ပါတယ်။ ၅၁၅.၄၇သန်းကတော့ လမ်းတာနိမ့် နေတဲ့အတွက် လယ်ကွင်းတွေကြားမှာ လမ်းတာတွေကို ထည့်သွင်းဆောင်ရွက် ထားခြင်း ဖြစ်ပါတယ်။ ဝမ်ဟတ်-ဝမ်စလောင်း-တာဆွတ်တိန်း- ဟိုမိန်းလမ်းဆိုရင်လည်း ၃၁မိုင်တိတိ သံလွင်မြစ်ရောက်သည်အထိ ၁၂ပေကျယ် ကတ္တရာလမ်း ဖြစ်ပြီးသားဖြစ်ပါတယ်။ တာဆွတ်တိန်း





မိုင်းခတ်- မိုင်းယန်းလမ်း ၉၃မိုင်ကို ကတ္တရာလမ်းဖြစ်သွားစေရန် အတွက် ရည်ရွယ်ပြီး ကျန်တဲ့လမ်းတွေကို ရန်ပုံငွေထည့်သွင်း ဆောင်ရွက်ပေးသွားခြင်း ဖြစ်ပါတယ်။ ဥပမာအားဖြင့် မိုင်းဖြတ်- မိုင်းယောင်း- မိုင်းယုလမ်းဟာ ပြည်ထောင်စုကနေ စီမံခန့်ခွဲပိုင်ခွင့် ရှိတဲ့လမ်း ဖြစ်ပြီး ၇၃မိုင်ရှိပါတယ်။ ဒါလည်း ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို လွှဲပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့က စီမံခန့်ခွဲခွင့်ရှိတဲ့လမ်းတွေ ၁၂ ပေကျယ် ကတ္တရာလမ်း ဖြစ်အောင်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ကျန်နေသည့်လမ်းပိုင်းကို ၂၀၁၆ -၂၀၁၇ ဆက်လက် လျာထားပြီးတော့ ဆောင်ရွက်ပေးသွားခြင်း ဖြစ်ပါတယ်။ မိုင်းပြင်း- မက်မန်းလမ်းသည် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့သွားတဲ့ တစ်ခုတည်းသော ဝင်ပေါက်ရှိသည့်လမ်းဖြစ်ပြီး ၇၃ မိုင်တိတိ ရှည်လျားပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အမာခံလမ်း ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် မိုင်းပြင်း- မက်မန်းလမ်းဟာဆိုရင် အင်မတန် မှ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တာ ဖြစ်သည့်အတွက် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက်ကို ကျပ်သန်းပေါင်း ၃၃၁.၁၇၆သန်း ထည့်သွင်းလျာထား ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာရှိသည့် လမ်းတံတား လုပ်ငန်းများကို ဟန်ချက်ညီညီ ကြိုးညီညီ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးသွားအောင် စီမံကိန်းချပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆက်လက်ရှင်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။**

အားလုံးမင်္ဂလာပါခင်ဗျား။ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ မေးမြန်းထားသည့် နမ့်စန်ကိုယ်စားလှယ် ဦးစိုင်းသူရိန်ဦးရဲ့ မေးခွန်းလေး တွေကို ကျွန်တော် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လျှပ်စစ်ကဏ္ဍဟာဆိုရင်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်အပေါ်မှာ ကျွန်တော်က ထည့်သွင်းပြီးမှ လျာထားတာဖြစ်တယ်။ မြို့နယ်ကော်မတီ ၃ရပ်မှဖြစ်တဲ့ စီ/ခန့်ကော်မတီ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ ကလည်း မြို့ရဲ့ လိုအပ်ချက်တွေ လျှပ်စစ်မီး ဘယ်နေရာ လိုအပ်ချက်တွေ ရှိသည်ကို တင်ပြတောင်းခံလာတာကိုလည်း ထည့်သွင်း ထားပါတယ်။ လက်ရှိ မြို့၊ ရွာရဲ့ တင်ပြချက်အပေါ် မူတည်ပါတယ်။ ပြည်သူလူထုရဲ့ တင်ပြချက်ဟာလည်း မြို့၊ရွာမှာ တင်ပြပြီးကျွန်တော်တို့ဆီကို တင်ပြလာခြင်းဖြစ်တယ်။ ဒါကြောင့် အစားထိုးခြင်းဆိုသည်မှာ မြို့တစ်မြို့ရဲ့ ကွန်ကရစ်တိုင်တွေ၊ သစ်သားတိုင်ဖြစ်နေလျှင် ကွန်ကရစ်တိုင် အစားထိုး လဲလှယ်ခြင်း၊ ကြိုးတွေပျက်စီးယိုယွင်း နေလျှင် ကြိုးလဲလှယ်ခြင်း၊ အစားထိုးခြင်းလို့ ခေါ်ပါတယ်။ တိုးချဲ့ဆိုသည်မှာ မြို့၏ပတ်ဝန်းကျင်မှာ လျှပ်စစ် ဓာတ်အား မြို့စွန်မြို့ဖျား ဘယ်နေရာထိကို ၁၁ KV လိုင်းဆွဲရမည် ၀.၄ KV လိုင်းဆွဲရမည်ဆိုတာကို တင်ပြချက်ရှိမှသာလျှင် တိုးချဲ့ ဆိုတာကို ထည့်လို့ရပါတယ်။ သို့မဟုတ် မြို့မှာဆိုရင် လျှပ်စစ်မီး တိုးချဲ့ဖို့ မရှိဘူးဆိုလျှင် တိုးချဲ့စာရင်းထဲမှာ ထည့်ပေးဖို့မရှိပါ။ အစားထိုးခြင်းဆိုတာလည်း ကွန်ကရစ်တိုင်လဲလှယ်ခြင်း၊ လျှပ်စစ်ကြိုး များ လဲလှယ်ခြင်းမရှိဘူးဆိုလျှင် မြို့၊ရွာကလည်း တင်လာမှာ မဟုတ်ပါ။ ဒါကြောင့်လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက် မြို့နယ်ကော်မတီ ၃ ရပ်ဖြစ်တဲ့ စီ/ခန့်ကော်မတီ၊



D/real(wide) (6



ကနေ ဟိုမိန်းရောက်သည်အထိ ပြည်ထောင်စုကနေ စီမံခန့်ခွဲခြင်း ဖြစ်သည့် အတွက် ပြည်နယ်က ထည့်သွင်းဆောင်ရွက်ထားခြင်း မရှိပါ။ ၆၇၀. ၆၃ သန်း ထည့်ထားခြင်း ကလည်း မြို့တွင်းရွာတွင်း တွေမှာ ၁၈ပေအကျယ် ထပ်မံချဲ့ပေးသွားမည်ဆိုသည့်အတွက် ဖြစ်ကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြီးတော့မည့် တစ်ချို့လမ်းတွေဟာ ၁၈ ပေကျယ် ကတ္တရာလမ်းတွေ ဖြစ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် တင်ပြဆွေးနွေးသလိုပဲ တောရောမြို့ပါဆိုသည့်နေရာမှာ ယေဘုယျကို ပြောခြင်းမဟုတ်ဘဲ မည်သည့် လမ်း၊ မည်သည့်နေရာ၊ လမ်းမိုင် မည်မျှကို မည်ကဲ့သို့ ဆောင်ရွက်ပေးစေလိုသည့် စာရင်းအတိအကျ ရလျှင် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဖြည့်စွက်ရန်ပုံငွေမှာ နောင်ဖြစ်ပေါ်လာမည့် အစိုးရသစ်လက်ထက်မှာ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဆက်လက်ပြီးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် နှိုင်းယှဉ်ပြရမည်ဆိုလျှင် သင်္ချာအချိုးနည်းနဲ့ ချလို့မရပါ။ တောင်ကြီးဒေသမှာ တောင်ကြီးခရိုင်အတွင်းမှာ ရှမ်းတောင်ဒေသတစ်ခုလုံး တောင်ကြီး- လွိုင်လင်- လင်းခေး လမ်းမိုင်ပေါင်း ၂၃၀၀ ရှိပါတယ်။ ရှမ်းအရှေ့မှာ လမ်းမိုင်ပေါင်း ၁၁၀၀ ပဲရှိပါတယ်။ ရှမ်းတောင်ဒေသတစ်ခုလုံးကို ကျပ်သန်းပေါင်း ၃၂၉၀၀ ခွင့်ပြုပေးထားလျှင်တောင်မှ ရှမ်းအရှေ့လမ်းမိုင်ပေါင်း ၁၀၀၀ ကို ကျပ်သန်းပေါင်း ၂၅၈၅၇. ၃၀၅သန်း ခွင့်ပြုပေးထားပါတယ်။ သင်္ချာနည်းအရ နှစ်ကိုနှစ်နဲ့စားလို့ သုညရမယ် လေးကိုနှစ်နဲ့စားလို့ နှစ်ပိုင်းတစ်ပိုင်းပဲပေးမည်ဆိုတာမျိုး လုပ်လို့မရဘူး။ ရှမ်းအရှေ့မှာ ရှိနေသည့် ကျိုင်းတုံ- မိုင်းခတ်- မိုင်းယန်းလမ်း ၉၃မိုင်ရှိပါတယ်။ ယခင် ပြည်ထောင်စုက စီမံခန့်ခွဲပြီး ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ရှမ်းပြည်နယ် အစိုးရကနေ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်းဖြစ်ပြီး ကတ္တရာလမ်းတိုးချဲ့ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျိုင်းတုံ-

မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေး ကော်မတီ လက်ရှိမြို့ရွာရဲ့တင်ပြချက် ပြည်သူလူထု၏ တင်ပြချက်ကို မူတည်ပြီး ဘတ်ဂျက်ကို လျာထားခြင်း ဖြစ်ပါတယ်။ ဘတ်ဂျက်လျာထားပြီးနောက် အစိုးရ Cabinet မှာတင်ပြပြီးမှ တောင်းခံရပါတယ်။ ထို့နောက် လွှတ်တော်ကို ပြန်တင်ရပါတယ်။ ဒါကြောင့် မြို့နဲ့ ၂ မိုင်အတွင်း မှာရှိသည့် မဟာခေတ်အားလိုင်း ၂မိုင်အတွင်းဝေးကွာတဲ့ ကျေးလက်ဒေသတွေကို မြို့၊ ရွာ၊ ကော်မတီ ၃ ရပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တင်ပြမှ သာလျှင် ထည့်သွင်းလျာထားရခြင်းဖြစ်ပါတယ်။ လို့ုင်လင်ခရိုင်၊ လင်းခေး ခရိုင်နှင့် လိုအပ်သည့် အစားထိုးတိုးချဲ့ ကျေးလက်မီးလင်းရေး ကိစ္စများ အားလုံး လာမည့်၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် REတွင် လျာထားပေးနိုင်ရန် အတွက် လွှတ်တော်ကိုယ်စားလှယ် များမှ တင်ပြပေးသွားမည် ဆိုပါကပိုမို၍အဆင်ပြေသွားနိုင်မည် ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များမှ ဆက်လက်ပြီး ရှင်းလင်းဖို့ရှိလျှင် ရှင်းလင်းပေးရန် ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** ကျွန်တော်တို့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာဗြာဟန်ရဲ့ မေးထားသည့် မေးခွန်းဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စု ခေါင်းမိန်းကျေးရွာ မီးလင်းရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် NEP National Electricfication Plan လျှပ်စစ်စီမံကိန်း အစီအစဉ်တွင် ခန့်မှန်း ကုန်ကျငွေ ကျပ်သန်းပေါင်း ၅၅၆သိန်း





ထောက်ပံ့ပေးမည့်ပမာဏကို ဒီအချက်တွေ ပါဝင်မှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ စုစုပေါင်းလူဦးရေ ဆင်းရဲမှုညွှန်းကိန်း၊ မြေဧရိယာအကျယ်အဝန်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေအချိုးတစ်ဦးကျအခွန်ကောက်ခံမှု၊ လူဦးရေများသော်လည်းပဲ မြို့ပြရဲ့လူဦးရေအပေါ်မှာသာလျှင် အခွန်ကောက်ခံရရှိရတဲ့အတွက် ဒီအချက်လေးတွေကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ လူတစ်ဦးချင်းစီ၏ ပျမ်းမျှအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးစသည့် ဒီအညွှန်းကိန်း ၆ခုနှင့် ချိန်ထိုးပြီး တွက်ချက်ပြီးဆောင်ရွက်ရတာ ဖြစ်ပါတယ်။ နိုင်ငံတော် အနေနဲ့လည်း ဒီအချက်ပေါ်မှာပဲ မူတည်ပြီး လိုအပ်သည့်ငွေကို ဖြည့်သွင်းပေးခြင်းဖြစ်ပါတယ်။

နောက်တစ်ခု ကတော့ လိုငွေနဲ့ GDP အချိုးကိုလည်း ၅%ထက် မကျော်လွန်စေရန် သတ်မှတ်ရေးဆွဲရသည့်အပြင် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို ဥပဒေနှင့်အညီ လျာထားသည့်အတိုင်းပဲ ထည့်သွင်း လျာထားတာကို ပြန်လည်ဆွေးနွေးလိုပါတယ်။ ထို့အပြင် ဆွေးနွေးချက်မှာ စာအုပ်ပေါင်း၉အုပ် ဖြန့်ဝေပေးထားပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အညီ နှစ်စဉ်ပြည်ထောင်စု၏ ရသုံး ခန့်မှန်းခြေ ငွေစာရင်း ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရေးဆွဲ၍ ဘဏ္ဍာရေးကော်မရှင်တို့ စိစစ်တင်ပြပြီး ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေး အတည်ပြုနိုင်ပါရန် ပေးပို့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ရသုံးခန့်မှန်းခြေငွေစာရင်း ဘတ်ဂျက်၏ သဘောသဘာဝအရ

ပါဝင်သည့်ဌာန၊ အဖွဲ့အစည်းများပြားခြင်း၊ ရငွေသုံးငွေတို့၏အကြောင်းအရာ အမျိုးအစား အလိုက် ခေါင်းစဉ်ကြီး၊ ခေါင်းစဉ်ငယ် စသည်ဖြင့် အဆင့်ဆင့် ခွဲခြမ်းစိတ်ဖြာ၍ဖော်ပြရခြင်း၊ ယခင်ကာလများ၏ အခြေအနေကို ယှဉ်တွဲဖော်ပြရခြင်း စသည်တို့ကြောင့် ပြည်သူများအတွက် နားလည်ရန် အခက်အခဲ ရှိမည်ဖြစ်ပါသည်။

သို့ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု ရှိရေးအတွက် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ရရှိမည့်ငွေပမာဏနှင့် ယင်းငွေများကို မည်သို့မည်ပုံသုံးစွဲမည်ဆိုသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုကို ပြည်သူများ အလွယ်တကူ သိရှိနားလည်စေရန် ပြည်ထောင်စုလွှတ်တော်က ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဧပြီလ ၉ရက်နေ့တွင် ပြဋ္ဌာန်းထားသည့် ၂၀၁၅ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေပါ ဘဏ္ဍာငွေ ရရှိမှုနှင့် သုံးစွဲမှု ခန့်မှန်းလျာထားချက် များကို အခြေခံ၍ အရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ရခြင်း ဖြစ်ပါသည် ဆိုပြီးတော့လည်း ဖော်ပြထားပါတယ်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ခုချင်းအလိုက် ဘဏ္ဍာငွေထောက်ပံ့ပေးတဲ့ အစီအစဉ်ရှိပါတယ်။

၂၀၁၅ -၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များတို့ လိုငွေဖြည့်ဆည်းပေးမည့် ရာခိုင်နှုန်းဆိုပြီး ဖော်ပြခဲ့တာရှိပါတယ်။ ကချင် ၈. ၆၂%၊ စစ်ကိုင်းတိုင်း ၁၀. ၀၁%၊ ချင်းပြည်နယ် ၇. ၁၈%၊ မန္တလေးတိုင်း ၆. ၃၇%၊ မကွေးတိုင်း ၈. ၀၁%၊ ရခိုင်ပြည်နယ် ၇. ၈၇%၊ ကယားပြည်နယ် ၂. ၇၆%၊ ပဲခူးတိုင်း ၇. ၁၁%၊ ဧရာဝတီတိုင်း ၆. ၄၈%၊ ရန်ကုန်တိုင်း ၇. ၀၉%၊ ကရင်ပြည်နယ် ၄. ၀၂%၊ မွန်ပြည်နယ် ၃. ၉၄%နဲ့ တနင်္သာရီတိုင်း ၈. ၃၂%ထောက်ပံ့ပြီး





၅၅. ၆၁ သန်း ထည့်သွင်းလျာထားခဲ့ပါတယ်။ ပထမအကြိမ် ချေးငွေရရှိသည့် အမေရိကန်ဒေါ်လာ သန်း ၃၁၀ဖြင့် ဆောင်ရွက်မည့် ဦးစားပေးကျေးရွာစာရင်းတွင် မပါရှိပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ၏ ရန်ပုံငွေ BE ပိုလျှံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်လို့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးမှ ထပ်ဆင့်ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ အစည်းအဝေးသို့တက်ရောက်လာကြသော တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါဝရ ပြုအပ်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေ ဘတ်ဂျက်ကို ရေးဆွဲတဲ့နေရာမှာ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမရက်မှာ တင်သွင်းခဲ့ပါတယ်။ နှစ်လတ်ဘဏ္ဍာရေး မူဘောင်ဖြင့် ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရသုံးခန့်မှန်းခြေငွေစာရင်းများအား ၂၀၁၅ -၂၀၁၆ခု ဘဏ္ဍာရေးနှစ် မှစတင်၍ ရေးဆွဲအကောင်အထည် ဖော်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းပေးရန်

ရှမ်းပြည်နယ်က နယ်မြေအကျယ်အဝန်း၊ လူဦးရေအချိုးပေါ်မှာ ကြည့်ပြီးတော့ အများဆုံးဖြစ်တဲ့ ၁၂. ၂၂%ကို လိုငွေဖြည့်ဆည်းပေးတဲ့ အကြောင်းကိုလည်း ဖော်ပြထားရှိခြင်းဖြစ်ပါတယ်။ အဓိကက ပြည်နယ်တစ်ခုရဲ့ စုစုပေါင်းလူဦးရေဆင်းရဲမှုညွှန်းကိန်း၊ မြေဧရိယာ အကျယ်အဝန်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေမှာ မြို့ပြလူဦးရေအချိုးတစ်ဦးကျကောက်ခံမှု လူတစ်ဦးရဲ့ ပျမ်းမျှအသားတင်ထုတ်လုပ်မှုရဲ့ဝန်ဆောင်မှုတန်ဖိုးစသည့် ညွှန်းကိန်းတွေကို ချိန်ထိုးပြီးရေးဆွဲရမှာဖြစ်သလို နယ်မြေဒေသငြိမ်းချမ်းမှု အခြေအနေနဲ့လည်း သက်ဆိုင်ပြီးတော့ရေးဆွဲရသည့်အကြောင်း ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ပြန်လည် ရှင်းလင်းဆွေးနွေးရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ် ၂ ဦးက ဆွေးနွေးသွားသည့် အချက်နှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ ပြင်ဆင်နိုင်မှု အနေအထားလည်း ဆက်လက်ပြီးတော့မှ ရှင်းလင်းစေလိုပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လွှတ်တော်ကိုယ်စားလှယ် ၂ဦး ဖြစ်သည့် ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးအာဗြာဟန်ဆွေးနွေးသွားသည့်ကိစ္စရပ်၊ ဦးစိုင်းသူရိန်ဦး နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဆွေးနွေးသွားသည့်ကိစ္စရပ်တို့နှင့် ပတ်သက်ပြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီးကလာမည့် ၂၀၁၆-၂၀၁၇ BE ပိုလျှံငွေကနေ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားသွားသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေ ဆောင်ရွက်ပေးသွားဖို့ စီစဉ်သွားပါမည်ဆိုသည့် အကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (6



ဖြစ်ကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းသည့် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သည့် ဌာနအဖွဲ့အစည်းများရဲ့ ၂၀၁၆ -၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုပေးနိုင်ဖို့ ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ -၂၀၁၇ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအား အတည်ပြု ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က အတည်ပြုပါသည်။)**

သဘောမတူသူရှိပါသလား ခင်ဗျား။ သဘောမတူတဲ့သူ မရှိသည့်အတွက် ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ -၂၀၁၇ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအား အတည်ပြုကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးက စိစစ်ပြီးသော စာချုပ်များအား ပြည်နယ်လွှတ်တော်သို့တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် အရ ရှမ်းပြည်နယ် ဥပဒေချုပ်ရုံးက စိစစ်ပြီးသော စာချုပ်များအား ပြည်နယ်လွှတ်တော်သို့ ရှင်းလင်း တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်၊ ပြည်နယ်ဥပဒေချုပ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒီနေ့(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ဆက်ဂါဝရပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် ဥပဒေချုပ်ရုံးက ၂၀၁၅ ခု နိုဝင်ဘာလ ၃၀ရက်နေ့ထိ စိစစ်ပြီးတဲ့ စာချုပ်စာတမ်းများကို တင်ပြအပ် ပါတယ်။ ကျွန်တော်တို့ စုစုပေါင်း စိစစ်ပြီးတဲ့ စာချုပ်ဟာ ၈၃ ခု ဖြစ်ပါတယ်။ ၈၃ ခုမှာ အချိန်ကိုလေးစားသော အားဖြင့် စာချုပ်ရဲ့ သဘောသဘာဝပေါ်မူတည်ပြီးတော့ ပုံစံ ၃ ခု၊ ၅ ခု ရွေးချယ်ထားပါတယ်။ ၅ ခု ကို ကျွန်တော် တင်ပြ သွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ကျွန်တော်တင်ပြလိုတာကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့၊ ပြည်သူ့အစိုးရတို့ကြားမှာ ချုပ်ဆိုသည့် စာချုပ်ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ် လားရှိုးမြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့တို့ကြား ချစ်ကြည်ရေးညီအစ်ကိုမြို့တော် တည်ဆောက်လိုခြင်းနှင့် နယ်ခြားခရီးသွားလုပ်ငန်း၊ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း သဘောတူစာချုပ် ဖြစ်ပါတယ်။ ဒီလုပ်ငန်းသဘောတူစာချုပ်ဟာ ချစ်ကြည်ရေးပေါ်မူတည်ပြီးတော့ M.O.U နားလည်မှုစာချွန်လွှာ မှာ လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ပြောမည်ဆိုလျှင် ပူးပေါင်းဆောင်ရွက်ရေးအတွက် မြှင့်တင်ရန် စာချုပ်M.O.U ထိုးခြင်းဖြစ်ပါတယ်။ အလားတူဘဲ ကျိုင်းတုံခရိုင်နှင့် ထိုင်းနိုင်ငံ ချင်းမိုင်ပြည်နယ်တို့ကြားမှာ ညီအစ်မမြို့တော်အဖြစ် တည်ဆောက်သည့် စာချွန်လွှာစာချုပ်လည်း ဝန်ကြီးချုပ်ကိုယ်တိုင် လက်မှတ် ရေးထိုး



D/real(wide) (6



## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်က ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်ကို ဆက်လက် ဆောင်ရွက်မှာဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို အတည်ပြုပေးနိုင်ဖို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးမှ အဆိုပြုပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်သည့် ဌာနအဖွဲ့အစည်းများရဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သည့် ၃-၁၂-၂၀၁၅ ရက်နေ့မှာ ကျွန်တော်အနေနဲ့ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ယနေ့ ဒုတိယနေ့မှာ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ပြန်လည်ဆွေးနွေးချက်များကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးများမှ ပြန်လည်ဆွေးနွေးပြီး ဖြစ်ပါတယ်။ ထိုဆွေးနွေးချက်များအတိုင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်သွားမည်

စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ဒါဟာ တစ်ဖက်နိုင်ငံဆက်စပ်လျက်ရှိသည့် နိုင်ငံများနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ တို့ကြားမှာ နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးသည့်ကိစ္စဖြစ်ပါတယ်။ နောက်တစ်ခုက ရှမ်းပြည်နယ် သယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် အလင်းရောင်ကြယ်သစ်ဆောက်လုပ်ရေး ကုမ္ပဏီ ကြားမှာ ချုပ်ဆိုသည့် စာချုပ်ဖြစ်ပါတယ်။ စာချုပ်ချုပ်ဆိုသည့် အကြောင်းရင်းကတော့ မူဆယ်မြို့၊ ခေတ်မီမြို့ပတ်ကမ်းနားနှင့် ဗဟို စီးပွားရေး အချက်အချာနေရာစီမံကိန်းဆိုင်ရာ အကျိုးတူပူးပေါင်း ဆောင်ရွက်ရန် လုပ်ငန်း သဘောတူစာချုပ် C.B.D (Muse) မူဆယ်မြို့ရှိ မြေဧရိယာ ၂၈၈. ၀၆၃၈ ဧက ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၆သန်း အပါအ၀င် ကျပ်သန်းပေါင်း ၅၁၅၀၀ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီ မြို့ပြ စနစ်မှာ စီမံကိန်းတွေ ဆောင်ရွက်မည်ဆိုလျှင် ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့ စာချုပ်ချုပ်ပါတယ်။ ကော်မတီမှာ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး (ဥက္ကဋ္ဌ)နှင့် ရှမ်းပြည်နယ် စီမံကိန်းနှင့် စီပွားရေးဝန်ကြီး(အဖွဲ့ဝင်)၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး(အဖွဲ့ဝင်)၊ ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် ရှမ်းပြည်နယ် အတွင်းရေးမှူးစသည့် ပုဂ္ဂိုလ် ၅ ဦးဖြင့် ဖွဲ့စည်းထားပါတယ်။ ဗဟိုစီးပွားရေး အချက်အချာနေရာဆိုသည်မှာ C.B.D(Muse) မူဆယ်ဖြစ်ပြီး၊ C.B.D စာချုပ်ချုပ်ဆိုစဉ်က မြန်မာပြည်မှာ အစောဆုံးစာချုပ်ချုပ်ဆိုသည့်အထဲမှာ တစ်ခုပါဝင်ပါတယ်။ C.B.Dဆိုတဲ့ အသုံးအနှုန်းဟာ နောက်ပိုင်းမှ သုံးနှုန်းလာတာ ဖြစ်ပါတယ်။ C.B.Dကိစ္စရပ်က Center Business District ဆိုတဲ့ ဗဟိုစီးပွားရေးအချက်အချာနေရာဖြစ်ပါတယ်။ အာဆီယံနိုင်ငံ တွင်သာ အသုံးများပြီး နောက်ပိုင်းကျမှ မြန်မာပြည်မှာ သုံးလာတာ





၅/၉၉ မြေဧရိယာ ၁. ၃၃ ဧက ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သိန်း ၂၀၀၅၆ ဖြစ်ပါတယ်။ BOT စနစ်နဲ့ ချုပ်ဆိုတဲ့စာချုပ် ဖြစ်ပါတယ်။ ဒီစာချုပ်ဟာ ဆိုရင် Rate to convent in tranfer ဖြစ်ပါတယ်။ BOT စနစ်နဲ့ ချုပ်တဲ့ Hotel Convention စာချုပ်မှာ စာချုပ်ရဲ့ကာလကို နှစ် ၃၀ သတ်မှတ်ထားပါတယ်။ ၁၅ နှစ် တစ်ခါသက်တမ်းတိုးဖို့ ဖြစ်ပါတယ်။ နှစ် ၃၀ တစ်ခါမှာ ဒီမြေကို ၁. ၃၃ ဧကကို တစ်စတုရန်းပေလျှင် ကျပ် ၁၅၀ နှုန်းနဲ့ မြေငှားခ တစ်နှစ်လျှင် ၇၈သိန်း ရရှိသည့်အပြင် Land Use Premium ကြေး ကျပ်သိန်း ၁၂၀၀ ဖြစ်ပါတယ်။ လုပ်ငန်းလုပ်ပြီး နှစ် ၃၀ပြည့်တာနဲ့ တစ်ပြိုင်နက် သက်ဆိုင်ရာစည်ပင်သာယာရေး ကော်မတီကို C.E.Oကုမ္ပဏီ က ဟိုတယ်နှင့် ဟိုတယ်မှာရှိတဲ့ အဆောက်အဦ အားလုံးကို ပြန်လည်လွှဲအပ်ပေးရမှာ ဖြစ်ကြောင်းတင်ပြ အပ်ပါတယ်။

နောက်တစ်ခုကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနနှင့် မင်းခေတ်သစ် ကုမ္ပဏီနှင့် BOO (Build Own Operate)စနစ်ဖြင့် ချုပ်ဆိုတဲ့ စာချုပ်ဖြစ်ပြီး သူ့ကိစ္စသူ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ယင်းအပေါ် မူတည်ပြီး အခွန်အခ ကောက်ခံပါတယ်။ ကျောက်မီးသွေးလျှပ်စစ် ၂၀ မဂ္ဂါဝပ်တည်ဆောက်ရေး သဘောတူစာချုပ် M.O.A သည် တာချီလိတ်မြို့၊ မိုင်းဟဲကျေးရွာ၊ ကျောက်လှိုင်ဂူအနီးတွင် တည်ရှိပြီး၊ မြေဧရိယာ ၂၅ ဧက၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၉ သန်း ဖြစ်ပါတယ်။ E.M.P ဆိုတဲ့ Environmental Mangement Plan ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှာ မှတ်ပုံတင်ထားပါတယ်။ ပြည်ထောင်စုပတ်ဝန်းကျင် ထိန်းသိမ်းရေး သစ်တောရေးရာဝန်ကြီးဌာနက အတည်ပြုချက်ရမှ သာလျှင် အတည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မြေငှားရမ်းခ တစ်ဧကလျှင် ၅၀၀၀၀ နှုန်းနှင့် တစ်နှစ်ကို ၁၂၅၀၀၀၀၊ အာမခံကြေး

၅၀၀နှင့် Land Use Premium ကြေး ၂၅ ဧကအတွက် သိန်း ၃၀ နှုန်းနဲ့ သိန်းကျပ် ၇၅၀ ရရှိမှာဖြစ်ပါတယ်။

တောင်ကြီး စည်ပင်သာယာရေးနှင့် မြေယာတိုးတက်ရေး ကော်မတီမှ P.P.P (Public Private Partnership) ဆောင်ရွက်မှုကို တင်ပြလိုပါတယ်။ တောင်ကြီး Shopping Centre တည်ဆောက်ရေးလုပ်ငန်း P.P.P စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် M.O.A ဖြစ်ပြီး တောင်ကြီးမြို့ ကန်ရှေ့ရပ်ကွက် တက်ခေတ်လမ်းနှင့် မဟာသုခလမ်းကြားရှိ ကုန်ခြောက်သားငါးဈေး မြေဧရိယာ ၁. ၄၁၁ ဧက ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ၁၁၈၃၄. ၀၁ သန်း ဖြစ်ပါတယ်။ ဤစာချုပ်မှာ အပိုင်းနှစ်ပိုင်းပါဝင်ပြီး မြေညီထပ်မှ ငါးထပ်ထိ အပိုင်း(၁)သတ်မှတ်ပြီး အပေါ်ထပ်တွေကို အပိုင်း(၂) သတ်မှတ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုအချိုးမှာ အပိုင်း(၁)အတွက် လုပ်ငန်းအပ်နှံသူက ၄၀%၊ လုပ်ငန်း လက်ခံသူက ၆၀% အပိုင်း(၂) အတွက် လုပ်ငန်းအပ်နှံသူက ၂၀%နှင့် လုပ်ငန်းလက်ခံသူက ၈၀% ဆိုပြီး ရာခိုင်နှုန်းခွဲခြားဆောင်ရွက်ထားပါတယ်။ စာချုပ်သက်တမ်းကိုလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပထမအကြိမ် နှစ် ၅၀ နှင့် ဒုတိယအကြိမ် နှစ် ၂၀၊ စုစုပေါင်း နှစ်ပေါင်း ၇၀ လုပ်ရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ချုပ်ဆိုသော စာချုပ်များမှာ တစ်ဖက်နိုင်ငံ များနှင့် နားလည်မှုစာချွန်လွှာ သဘောတူညီမှု စာချုပ်ချုပ်ဆိုတာ ၃ ခုဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ ချုပ်ဆိုသော စာချုပ်ပေါင်း ၁၂ ခုရှိပါတယ်။ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနနှင့် ချုပ်ဆိုသည့်စာချုပ် ၁၄ ခုရှိပါတယ်။





ဖြစ်ပါတယ်။ စာချုပ်ရဲ့သဘောသဘာဝကိုကြည့်မည်ဆိုလျှင် မြေဧရိယာ ၂၂၈. ၀၆၃၈ ဧကကို တစ်ဧကလျှင် မြေအသုံးချမှု Land Use Premium သိန်း ၃၀ ရရှိပါတယ်။ နောက်တစ်ချက်က ဒီစာချုပ်ရဲ့ သဘောက အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စာချုပ် ဖြစ်ပြီး Infrastructure ခေတ်မီမြို့ပတ်ကမ်းနားလမ်းကိုလုပ်ခဲ့တယ်။ Infrastructure တွေလုပ်ပြီးတော့ ကျန်တဲ့မြေဧရိယာပေါ်မှာ မြေကွက်ဖော်ထုတ် ရရှိမှုပေါ်မှာ မူတည်ပြီးတော့ သတ်မှတ်တာဖြစ်ပါတယ်။ ဒေသန္တရကော်မတီ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၃%နှင့် Infrastructure က ၇၇% အချိုးကျသတ်မှတ်ထားပါတယ်။ အချိုးကျသတ်မှတ်ထားသည့်နှုန်းထား အတိုင်း Infrastructure ကိုနှုတ်ပြီးတဲ့အခါမှာ မြေဧရိယာဧကပေါင်း ၁၂၆. ၇ဧက ကျန်ပါတယ်။ ကျန်တဲ့ အပေါ်မှာမူတည်ပြီးတော့ တစ်ဧကလျှင် ကျပ်သိန်းထောင်ပေါင်း ၆၅၃၄ ယူပါတယ်။ ဒါ့ကြောင့် မူဆယ် C.B.Dက အစိုးရဘတ်ဂျက်ကို ၁၉ မီလီယံ ရရှိပါတယ်။ ၁၉ မီလီယံဟာ ၂၀၁၆ မတ်လဆိုရင် Payment of come ပေးရမည့် အချိန်ကာလသည် လာမည့် မတ်လ ၃၁ရက်နေ့မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ အဲ့ဒီအတွင်းမှာ ၁၉ မီလီယံကို အကြိမ်ကြိမ်အလီလီ သွင်းရပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စား ဒေသန္တရဖွံ့ဖြိုးကော်မတီနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိစ္စရပ် စာချုပ်ဖြစ်ပါတယ်။ နောက်တစ်ခုက တင်ပြ လိုတာက BOT စနစ်ဖြစ်ပါတယ်။ BOT စနစ်မှာက တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီနဲ့ C.E.O ကုမ္ပဏီတို့ကြားမှာ ချုပ်ဆိုတဲ့ စာချုပ်ဖြစ်ပါတယ်။ Hotel Convention ဟိုတယ်တည်ဆောက်ခြင်းလုပ်ငန်း သဘောတူစာချုပ် တောင်ကြီးမြို့ သစ်တောရပ်ကွက် တောင်ကြီး-ဟိုပုံးကားလမ်းမကြီးရှိ ကြေးတိုင်ပြင် ဦးပိုင်အမှတ် N3 ဂရန်အမှုတွဲအမှတ်

ပြည်နယ်စည်ပင်သာယာရေး ကော်မတီနှင့် ချုပ်ဆိုသည့် စာချုပ် ၂၇ ခုရှိပါတယ်။ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ချုပ်ဆိုသည့် စာချုပ် ၂ ခုရှိပါတယ်။ ပြည်နယ်ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ချုပ်ဆိုသည့် စာချုပ် ၂ ခုဖြစ်ပါတယ်။ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနနှင့် ချုပ်ဆိုသည့် စာချုပ် ၁ ခုရှိပါတယ်။ ပြည်နယ်အားကစားနှင့် ကာယသိပ္ပံဦးစီးဌာနနှင့် ချုပ်ဆိုသည့် စာချုပ် ၁ ခုဖြစ်ပါတယ်။ အင်းလေးဟိုတယ်ဇုန် ဖော်ထုတ်ရေး ဦးစီးကော်မတီနှင့် ချုပ်ဆိုသည့် စာချုပ် ၅ ခုဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ချုပ်ဆိုသည့် စာချုပ်များ ၆၇ ခုရှိပါတယ်။ အခြားဌာနအဖွဲ့အစည်းများမှ ချုပ်ဆိုသည့်စာချုပ်များမှာ ၉ ခုရှိပါတယ်။ စာချုပ် ၇၆ ခု ချုပ်ဆိုခဲ့ပါတယ်။ ၇၆ ခု အားလုံးစာချုပ် ချုပ်ဆိုခဲ့ပါ ကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ဧည့်သည်တော်များခင်ဗျား။ ယခုနေ့လည်စာ သုံးဆောင်ရန် အတွက် အစည်းအဝေးကို (၁း၃၀)နာရီ ရပ်နားပါမည်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လည်ပိုင်း အစည်းအဝေးကို ၁း၃၀ နာရီအချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားများအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်ခင်ဗျား။





## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု ပထမ ၅ နှစ် စီမံကိန်း ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ထိ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ မှ ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု ပထမ(၅)နှစ် စီမံကိန်း ၂၀၁၁-၂၀၁၂မှ ၂၀၁၅-၂၀၁၆ထိ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှ ရှင်းလင်းတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုပထမ (၅)နှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ထိအား ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင် နိုင်ရေး အတွက် ရှမ်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ကျွန်တော် ဦးအောင်ကျော်ညွန့်မှ ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ CD ခွေများလည်း ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့(၅)နှစ်တာဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂလိက အခန်းကဏ္ဍ အနေနဲ့ စီမံကိန်းလုပ်ငန်းများကို မတင်ပြတော့ဘဲ ဒီနေ့ အပိုင်း ၂ ပိုင်းရှင်းလင်းသွားမှာဖြစ်ပါတယ်။ ပထမပိုင်းမှာ ပြည်ထောင်စု

အစိုးရအဖွဲ့က နှစ် ၂၀ စီမံကိန်းကို စီမံကိန်းအနေနဲ့ မည်သို့ရေးဆွဲခဲ့သည်ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပြီး ဒုတိယပိုင်းအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၅ နှစ်တာကာလမှာဆောင်ရွက်ခဲ့တဲ့ အချက် ၃ ချက်နဲ့ ပတ်သက်တဲ့မူဘောင်တွေကို ရှင်းပြသွားမှာ ဖြစ်ပါတယ်။

ပထမပိုင်းအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အနှစ် ၂၀ နှစ်ရှည် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း National Comprehensive Development Plan လို့ခေါ်တဲ့ NCDP ကို ၂၀၁၁ ခုနှစ်မှ ၂၀၃၀-၂၀၃၁ အထိကို ရေးဆွဲပြုစုခဲ့ပြီး ဖြစ်ပါတယ်။ ယခင် ပဉ္စမကာလတို ၅ နှစ်စီမံကိန်းကို ယခု အနှစ် ၂၀ နှစ်ရှည်စီမံကိန်းကို စတင်အကောင်အထည်ဖော်တဲ့ ဒေသန္တရဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမှာ ပထမ ၅ နှစ်စီမံကိန်းကို ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ပြောင်းလဲပြင်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရ၏ ၂၀၁၁ မှ ၂၀၁၅ အထိ ပထမ ၅ နှစ်ကာလတို စီမံကိန်းဖြစ်ပြီး နောင်လာမည့် ၂၀၁၆၊၂၀၁၇ သည် ဒုတိယကာလတို ၅ နှစ်စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းတဲ့ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ ၅ နှစ်တာ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေ ၅ ခုကိုလည်း တင်သွင်းနိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းအနေနဲ့ ရှမ်းပြည်နယ်ရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသန္တရဖွံ့ဖြိုးတိုးတက်မှု ပထမ ၅ နှစ်စီမံကိန်းကို အချက် ၃ ချက်နှင့်အညီ ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ပထမအချက်မှာ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ ၄ ရပ် ဖြစ်ပြီးတော့၊ ဒုတိယအချက်မှာ စီးပွားရေးနှင့်လူမှုရေးပြောင်းလဲမှုအတွက် အခြေခံမူဘောင် ၁၀ ချက်နဲ့ဆွဲထားပါတယ်။ Frame Work for Economic and Social Reform (FESR)လို့ခေါ်ပါတယ်။



D/real(wide) (7



ရှမ်းပြည်နယ်

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(ဒုတိယနေ့)မှတ်တမ်း

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

[သောကြာနေ့ (နေ့လည်ပိုင်း)]

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့၊ နေ့လည်ပိုင်း အစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်တော့မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်)

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား ။

တတိယအချက်ကတော့ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ၇ ရပ်နှင့်အချက် ၃ ချက်နဲ့ရေးဆွဲတာဖြစ်ပါတယ်။ ဒီနေရာမှာလည်း စီးပွားရေးမူဝါဒ ၄ ချက်နှင့် ပတ်သက်ပြီး အဓိက ၄ ချက်က နိုင်ငံဒေသနဲ့ကိုက်ညီတဲ့ မူဘောင်တွေကို ရေးဆွဲထားပါတယ်။ ပထမတစ်ချက်က စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ဖြစ်ပါတယ်။ နံပါတ် ၂ အချက်ကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား၊ အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး ဖြစ်ပါတယ်။ နံပါတ် ၃ အနေနဲ့ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မယ့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး တိုးတက်လာရန်ဖြစ်ပါတယ်။ နံပါတ် ၄ အချက်က စာရင်းအင်း ကိန်းဂဏန်းများ မှန်ကန်ရေးနှင့်စာရင်းအင်းဆိုင်ရာနည်းစနစ်များပြင်ဆင်ရေးဖြစ်ပါတယ်။

ဒုတိယအနေနဲ့အခြေခံမူဘောင်(၁၀)ချက် FESR မှာပါဝင်တဲ့ အချက်(၁၀)ချက်ရှိပါတယ်။ (၁)ဘဏ္ဍာရေးနှင့် အခွန်စနစ် ပြုပြင်ပြောင်းလဲမှုများ၊ (၂)ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၊ (၃)ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဖြေလျှော့မှုများဆောင်ရွက်ခြင်း၊ (၄)ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ (၅)ကျန်းမာရေးနှင့်ပညာရေး၊ (၆)စားနပ်ရိက္ခာ ဖူလုံမှုနှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ (၇)အစိုးရ စနစ်ပွင့်လင်းမြင်သာမှု၊ (၈)မိုဘိုင်းဖုန်းနှင့်အင်တာနက်၊ (၉)အခြေခံ အဆောက်အအုံ၊ (၁၀)ထိရောက်ထက်မြက်တဲ့ အစိုးရဖြစ်ရေး ဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဦးစားပေးရမည့် လုပ်ငန်းစဉ် (၇)ရပ်ဖြစ်ပါတယ်။ လုပ်ငန်းစဉ်(၁)ကတော့ အားလုံးသိရှိပြီးတဲ့အတိုင်း (၁)လျှပ်စစ်မီး





ကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးပါရန်ဖြစ်ပါတယ်။

**ဦးစိုင်းနု၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။**

အားလုံးမင်္ဂလာပါခင်ဗျား။ အစည်းအဝေးသို့ တက်ရောက်လာကြသည့် လွှတ်တော်ဥက္ကဋ္ဌကြီးအမှူးပြုသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော် ကတော့ ကွန်ဟိန်း မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ် ဦးစိုင်းနုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ပြုလုပ် ကျင်းပတဲ့ အစည်းအဝေးမှာ ပြီးခဲ့တဲ့အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကတင်သွင်း ခဲ့သော ရှမ်းပြည်နယ် အပင်နှင့် သီးနှံဖျက် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်းပြီးတော့ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။

**ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၅)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေး နှင့် နှိမ်နင်းရေး ဥပဒေ(မူကြမ်း) အပေါ် ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်သုံးသပ် တင်ပြသည့် အစီရင်ခံစာ**

**နိဒါန်း**

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ အပိုဒ် ၃ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပိုဒ်ခွဲ(ခ)၌ ဖော်ပြပါရှိသည့်လုပ်ပိုင်ခွင့်အရတင်သွင်းလာသည့် ဥပဒေ(မူကြမ်း) အပေါ် ရှမ်းပြည်နယ် လွှတ်တော်နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေး ၃-၁၂-၂၀၁၅ ရက်နေ့တွင် စိစစ်သုံးသပ် ဆွေးနွေးညှိနှိုင်းကြပြီး နည်းဥပဒေ ၆၆ နှင့်အညီပြုစုတင်ပြအစီရင်ခံခြင်းဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

ဥပဒေမှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဇယား ၂ ၏ ညွှန်ပြချက်နှင့်အညီ တည်ဆဲဥပဒေနှစ်ရပ်ဖြစ်သည့် ၁၉၉၀ ခုနှစ်၊ မေလ ၁၁ ရက်စွဲဖြင့် ထုတ်ပြန်သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၁၀/၉၀ ပိုးသတ်ဆေး ဥပဒေနှင့် ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်စွဲဖြင့် ထုတ်ပြန်သည့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၊ ၈/၉၃ အပင်ပိုးမွှားကာကွယ်သည့် ဥပဒေတို့ဖြင့် စိုက်ပျိုးသူ တောင်သူလယ်သမားများ လိုက်နာရန်ရေးဆွဲသည့် ဥပဒေ ဖြစ်ပါသည်။

အပင်နှင့် သီးနှံဖျက်ပိုးမွှား ရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးကို တိကျစွာလိုက်နာနိုင်ရန် ပိုးသတ်ဆေးတို့ကို စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ပြဋ္ဌာန်းနိုင်ရေးတင်ပြခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။



D/real(wide) (7



ရရှိရေး (၂)သောက်သုံးရေ ရရှိရေး(၃) စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး (၄)လမ်းပန်းဆက်သွယ်ရေး (၅)ပညာရေး (၆)ကျန်းမာရေး (၇)အလုပ် အကိုင်ရရှိရေးတို့အပေါ် အခြေခံပြီးအချက် ၃ ချက်နှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုရေးဆွဲခဲ့တာဖြစ်ပါတယ်။

ပထမ(၅)နှစ်စီမံကိန်းရည်မှန်းချက်အဖြစ် ၂၀၁၁-၂၀၁၂ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် တိုးတက်မှုနှုန်း ၄. ၇%ဖြစ်အောင် ရေးဆွဲခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ ၆. ၁%၊ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ၆. ၁%၊ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ၅. ၀%၊ ၂၀၁၅-၂၀၁၆ ခုနှစ်ဘဏ္ဍာရေး နှစ်တွင် တိုးတက်မှုနှုန်း ၄. ၅% စသဖြင့် ၅နှစ်အတွင်း ၁နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း ၅. ၇ ရရှိရန် ရေးဆွဲခဲ့ပါသည်။ ရှမ်းပြည်နယ်ဒေသန္တရ ဖွံ့ဖြိုးတိုးတက်မှု ပထမ ၅ နှစ် စီမံကိန်း ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ခုနှစ်အား ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်နိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ်အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့်နှိမ်နင်းရေးဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ

ဥပဒေ(မူကြမ်း)တွင်အခန်းပေါင်း ၁၄ ခန်း ၊ ပုဒ်မပေါင်း ၄၈ ခုပါဝင်ပြီး ဤကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အရ ပြည့်စုံသည့်ဥပဒေဖြစ်သည့်အတွက် ပြင်ဆင်အကြံပြုရန် မလိုအပ်ပါကြောင်း ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီးအစီရင်ခံစာကိုတင်ပြအပ်ပါသည်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေး ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်အကြံပြုရန်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) ဒုတိယနေ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကအတည်ပြုပေးပါရန် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှအဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။



D/real(wide) (7



## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ယစ်မျိုးခွန် ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၂)ဖြစ်ပါတယ်။အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနု၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ ဒီကနေ့ပြုလုပ်ကျင်းပတဲ့အစည်းအဝေးမှာပြီးခဲ့သောအရေးပေါ်အစည်းအဝေး (၁/၂၀၁၅)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)နှင့်ပတ်သက်ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။

**<u>ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၅)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာ</u>**

**နိဒါန်း**

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား ၅၊ အပိုဒ်(၂)၌ ဖော်ပြပါရှိသည့် လုပ်ပိုင်ခွင့်အရ တင်သွင်းလာသည့် ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ် လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ် ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို ၃-၁၂-၂၀၁၅ တွင် စိစစ်သုံးသပ် ဆွေးနွေး ညှိနှိုင်းကြပြီးပြင်ဆင်ရန် အကြံပြုချက် အစီရင်ခံစာကိုနည်းဥပဒေ ၆၆ နှင့်အညီပြုစုတင်ပြခြင်းဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

ဥပဒေမှာဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား ၂ ၏ ညွှန်ပြချက်နှင့်အညီ တည်ဆဲ ဥပဒေများဖြစ်သည့် ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေနှင့် ၁၉၂၈ ခုနှစ် မြန်မာနိုင်ငံယစ်မျိုး နည်းဥပဒေ၊ ၁၉၅၉ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊ ကျင့်သုံးမှုအက်ဥပဒေ၊ ၁၉၆၀ ပြည့်နှစ်ယစ်မျိုးဥပဒေ၊ ပြင်ဆင်ချက် ဥပဒေ၊ ၁၉၆၁ ခုနှစ် မြန်မာနိုင်ငံယစ်မျိုး ပြင်ဆင်ချက်အက်ဥပဒေ၊ ၁၉၅၂ ခုနှစ် ရှမ်းပြည်နယ်ယစ်မျိုးအမိန့် တို့ကို ကိုးကား၍ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူလူထုများသိရှိလိုက်နာနိုင်ရန် ရေးဆွဲသည့်ဥပဒေဖြစ်ပါသည်။

အရက်သေစာသောက်စားခြင်း အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊ တရားမဝင်ထုတ်လုပ်မှုနှင့် ရောင်းချမှုများ မရှိစေရန်၊ အခွန်စည်းကြပ်ကောက်ခံခြင်းဖြင့် အရက်သေစာ သောက်စားမှုလျော့ပါးရန်၊ ပြည်နယ်၏ ရသင့်ရထိုက်သော အခွန်ငွေကိုရရှိစေရန်နှင့် သောက်သုံးသူများ၏ ကျန်းမာရေးကို မထိခိုက်စေရန် ရည်ရွယ်၍ပြဋ္ဌာန်းနိုင်ရေး တင်ပြခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။





**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။**

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နှင်းရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၅) ဒုတိယနေ့ ၁၉-၈-၂၀၁၅ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နှင်းရေးဥပဒေ (မူကြမ်း)အား လွှတ်တော် ကိုယ်စားလှယ်များမှ အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က သဘောတူ ပါသည် )**

လွှတ်တော် ကိုယ်စားလှယ်များကသဘောတူတဲ့အတွက် ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နှင်းရေးဥပဒေ(မူကြမ်း) အားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း ၆ ခန်း၊ ပုဒ်မပေါင်း ၁၅ ခုပါဝင်ပြီး ဤကော်မတီ၏ စိစစ်လေ့လာ တွေ့ရှိချက်အရ ပြည့်စုံသည့်ဥပဒေဖြစ်ပါသည်။ အခန်း ၁ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဃ)အားပြင်ဆင်သင့်ပါကြောင်း၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းရခြင်းဖြစ်ပါသည်။

**တင်ပြချက်**

ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ရန် အကြံပြုချက်မှာ အခန်း(၁)၊ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က)တွင် "ဝန်ကြီးဌာနဆိုသည်မှာ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကိုဆိုသည်" စကားရပ်အစား "ပြည်နယ်ဦးစီးဌာနဆိုသည်မှာ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကိုဆိုသည်" စသည်ဖြင့် အစားထိုးပြင်ဆင်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှဆွေးနွေးရန်ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာဖတ်ကြား ရှင်းလင်းပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ယစ်မျိုးခွန် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်မရှိပါသဖြင့် လွှတ်တော်မှအတည်ပြုပေးနိုင်ရန် တင်ပြအပ် ပါတယ်။



D/real(wide) (7



**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန် ဥပဒေ(မူကြမ်း)အား လွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်)**

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူသည့်အတွက် ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)အား လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။**

**ဥက္ကဋ္ဌ**။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအားလွှတ်တော်သို့ ဖတ်ကြားရှင်းလင်း ပေးရန်ဖြစ်ပါတယ်။

**ဦးစိုင်းနု၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ**။ ကျွန်တော့အနေနဲ့ ဒီကနေ့ပြုလုပ်တဲ့ အစည်းအဝေးမှာပြီးခဲ့တဲ့ အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) မှာ ရှမ်းပြည်နယ်အစိုးရ

အဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်တိရစ္ဆာန် မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

**<u>ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်သုံးသပ် တင်ပြသည့် အစီရင်ခံစာ</u>**

**နိဒါန်း**

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား(၂)၊ အပိုဒ်(၃) စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ အပိုဒ်ခွဲ(ဆ)၌ ဖော်ပြပါရှိသည့် လုပ်ပိုင်ခွင့်အရ တင်သွင်းလာသည့် ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်ကနည်းဥပဒေ ၁၃၆ (ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ သို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီ အစည်းအဝေး ၃-၁၂-၂၀၁၅ တွင် စိစစ်သုံးသပ် ညှိနှိုင်းကြပြီး နည်းဥပဒေ ၆၆ နှင့်အညီပြုစုတင်ပြအစီရင်ခံခြင်းဖြစ်ပါသည်။



D/real(wide) (7



**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့်အချက်ကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်)**

လွှတ်တော်က သဘောတူသည့်အတွက် ၎င်းပြင်ဆင်ချက် သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်သည့် အတွက် ပြင်ဆင်ချက်သည် ဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ် ယစ်မျိုးခွန် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့ ၁၉-၈-၂၀၁၅ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး**။ ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေနှင့် စပ်လျဉ်း၍ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန်တင်ပြအပ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

ဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)၏ ညွှန်ပြချက်နှင့်အညီ တည်ဆဲဥပဒေများဖြစ်သည့် ၁၉၉၃ ခုနှစ် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကိုကိုးကား၍ တစ်ပိုင်တစ်နိုင်စီးပွားဖြစ် မျိုးပွား ဖြန့်ဖြူးရန်၊ ခိုင်းစေရန် မွေးမြူသူများ လိုက်နာနိုင်ရန်အတွက် ရေးဆွဲသည့်ဥပဒေဖြစ်ပါသည်။

တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်၊ တိရစ္ဆာန်များစနစ်တကျထိန်းကျောင်းနိုင်ရန်၊ စိုက်ပျိုးသီးနှံများဖျက်ဆီးခြင်းမှ ကာကွယ်ရန်၊ တိရစ္ဆာန်မွေးမြူရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန်၊ ကူးစက်ရောဂါမဖြစ်ပွားစေရန်၊ မွေးမြူထုတ်လုပ်မှုအမျိုးအစားနှင့် ပမာဏအလိုက် ရောဂါပိုးမွှားကူးစက်မှု မရှိစေရေးအတွက် ဇီဝလုံခြုံမှု စံနှုန်းများ သတ်မှတ်၍ကျင့်သုံးလိုက်နာမွေးမြူစေရန်၊ စားကျက်မြေများကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းနိုင်ရေးတင်ပြခြင်း ဖြစ်သည်ကိုလေ့လာတွေ့ရှိရပါသည်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း ၉ ခန်း၊ ပုဒ်မပေါင်း ၂၃ခုပါဝင်ပြီး ဤကော်မတီ၏ စိစစ်လေ့လာ တွေ့ရှိချက်အရ ပြည့်စုံသည့်ဥပဒေ ဖြစ်ပါသည်။ သို့ရာတွင် ပြင်ဆင်ရန် အကြံပြုလိုသည်မှာ အခန်း(၅)၊ ပုဒ်မ(၅)နှစ်ခုထပ်နေသည့်အတွက် ပုဒ်မ(၆)ဟု ပြင်ဆင်ရမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။





ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းသိမ်းရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးမှ အဆိုပြုဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ်တိရစ္ဆာန် မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေးဥပဒေ(မူကြမ်း) နှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) ဒုတိယနေ့ ၁၉-၈-၂၀၁၅ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဥပဒေ(မူကြမ်း)အား လွှတ်တော် ကိုယ်စားလှယ်များမှ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည် )**

လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဥပဒေ(မူကြမ်း)အား လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။



D/real(wide) (7

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်း ဆိုင်ရာများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ မကြာမီကျင်းပပြီးစီးတော့မှာဖြစ် ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် ၅ ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်း ၁၄ ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း အပါအဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းတဲ့ ဥပဒေ(မူကြမ်း) ၃ ခုကို လွှတ်တော်ကအတည်ပြု ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီး(၃)ဦးကလည်းပဲ မိမိတို့တာဝန်ယူထားတဲ့ ဌာနများရဲ့လုပ်ငန်း ဆောင်ရွက်ချက်များကို လွှတ်တော်အားရှင်းလင်းတင်ပြနိုင်ခဲ့သလို ရှမ်းပြည်နယ် ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ် တို့ကလည်းလွှတ်တော်သို့ မိမိကဏ္ဍများကိုရှင်းလင်းတင်ပြနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ မိမိတို့ နယ်မြေ အခြေအနေကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိအောင် အစီရင်ခံစာ တင်သွင်းနိုင်ခဲ့တာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပြင် ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်





**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပုဒ်မနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်ကိုရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေနှင့် ဆွေးနွေးလိုပါက ဆွေးနွေးနိုင်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ပြင်ဆင်တာကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့်အချက်နှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က သဘောတူပါသည် )**

လွှတ်တော်က သဘောတူတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်သည့်အတွက် ပြင်ဆင်ချက်သည် ဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့ ၁၉-၈-၂၀၁၅ ရက်နေ့မှာ

သက်တမ်းရဲ့(၅)နှစ်နီးပါးကာလအတွင်း လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ကျွန်တော့်အနေနဲ့ချုံ့ငုံပြီးရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

၂၀၁၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲမှာ ရှမ်းပြည်နယ်ရှိမြို့နယ် ၅၅ မြို့နယ်ရှိသည့်အနက် မြို့နယ် ၅၀ မှာသာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ပွဲမကျင်းပနိုင်သည့် မြို့နယ်များကတော့မိုင်းမော၊ ပန်ဝိုင်၊ပန်ဆန်း၊နားဖန်းနှင့်မိုင်းလားတို့ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ရဲ့ မူလဖွဲ့စည်းမှုအနေနဲ့နိုင်ငံရေးပါတီ ၉ ခုမှ ကိုယ်စားလှယ်များ၊ တသီးပုဂ္ဂလကိုယ်စားလှယ် ၂ ဦးနဲ့ တပ်မတော်သားကိုယ်စားလှယ် ၃၆ ဦးအပါအဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၄၃ ဦးဖြင့်ဖွဲ့စည်းထားပါတယ်။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းအတွက် ရှမ်းပြည်နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၅၀ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦးရှိပါတယ်။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတို့ ပုံမှန်အစည်းအဝေးပထမနေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၃ အရ ဆန္ဒမဲဖြင့်ရွေးချယ်တာဝန်ပေးခဲ့ပါတယ်။ ဆက်လက်ပြီး ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားသူကြီး ၂ ဦးတို့အား ပထမပုံမှန်အစည်းအဝေရဲ့ပဉ္စမနေ့မှာ လည်းကောင်း၊ ပြည်နယ်ဥပဒေချုပ်နှင့်ပြည်နယ်စာရင်းစစ်ချုပ်ကို အစည်းအဝေးရဲ့ စတုတ္ထနေ့မှာလည်းကောင်း၊ အသီးသီး အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၂၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲငယ် ၂ အရ နိုင်ငံတော် သမ္မတက တိုင်းရင်းသားလူမျိုးများအရေးကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၇ ဦးတို့၏အမည်စာရင်းကို





အောက်ပါအတိုင်းခွဲခြားတင်ပြအပ်ပါတယ်-

၁။ မေးခွန်းတစ်ခုစီမေးမြန်းတဲ့ ကိုယ်စားလှယ် ၁၆ ဦး၊
၂။ မေးခွန်း ၂ ခု မှ ၄ ခုထိမေးတဲ့ကိုယ်စားလှယ် ၂၀ ဦး၊
၃။ မေးခွန်း ၅ ခု မှ ၉ ခုထိမေးတဲ့ကိုယ်စားလှယ် ၁၃ ဦး၊
၄။ မေးခွန်း ၁၀ ခုမှ ၁၉ ခုထိ မေးတဲ့ကိုယ်စားလှယ် ၈ ဦး၊
၅။ မေးခွန်း ၂၀ မှ ၂၉ ခုထိမေးတဲ့ကိုယ်စားလှယ် ၂ ဦး၊
၆။ မေးခွန်းပေါင်း ၃၁ ခုမေးတဲ့ကိုယ်စားလှယ် ၁ ဦး၊
၇။ မေးခွန်းပေါင်း ၄၁ ခု မေးတဲ့ကိုယ်စားလှယ် ၁ ဦး
၈။ မေးခွန်းပေါင်း ၄၂ ခု အများဆုံးမေးမြန်းတဲ့ ကိုယ်စားလှယ်ဟာ ၁ ဦး

တို့ဖြစ်ကြောင်းမှတ်တမ်းတင်ဖော်ပြလိုပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၆ အရ ယနေ့အထိလွှတ်တော်ကိုယ်စားလှယ်ပေါင်း ၂၀ ဦးတို့က အဆိုပေါင်း ၃၆ ခုကို လွှတ်တော်ကိုတင်သွင်းရာမှာအဆို ၁၆ ခုအား အတည်ပြုခြင်း၊ အဆို ၂ ခုအား မေးခွန်း အဖြစ် ပြောင်းခြင်း၊ အဆို ၁၂ ခုအားမှတ်တမ်းတင်ခြင်းနှင့် အဆို ၆ ခုအား ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက် ခဲ့ပါကြောင်း တင်ပြလိုပါတယ်။

အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ထိ ရှမ်းပြည်နယ်လွှတ်တော်မှအတည်ပြုနိုင်ခဲ့သော ဥပဒေ များကတော့ ဒေသန္တရစီမံကိန်းဥပဒေ ၅ ခု၊ ဘဏ္ဍာငွေနဲ့ပတ်သက်တဲ့ဥပဒေ ၈ ခု၊ အများပြည်သူ နှင့်သက်ဆိုင်သည့် ဥပဒေ ၉ ခု နဲ့ ဥပဒေမဟုတ်တဲ့ သီးခြားငွေစာရင်း ၆ ခု ဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ဒသမပုံမှန်အစည်းအဝေး၊ အရေးပေါ်အစည်းအဝေး ၁/၂၀၁၄ နဲ့ (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးများမှာ အောက်ဖော်ပြပါနည်း

ဥပဒေမူကြမ်း များကိုဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း နည်းဥပဒေများကိုလည်း အတည်ပြုပေးနိုင်ခဲ့ပါတယ်။ နည်းဥပဒေများမှာ-

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီးဌာန၏ ၁-၁၂-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၄ ဖြင့် ထုတ်ပြန်သည့် ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်း နည်းဥပဒေ။

၂။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ၉-၁၂-၂၀၁၄ ရက်နေ့စွဲပါအမိန့်ကြော်ငြာစာ အမှတ်၊ ၁/၂၀၁၄ ဖြင့်ထုတ်ပြန်သည့်ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေဆွဲရေးနည်းဥပဒေ။

၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၏ ၅-၁၂-၂၀၁၄ ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၄ ဖြင့် ထုတ်ပြန်သည့် ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်း နည်းဥပဒေ။

၄။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လူမှုရေး ဝန်ကြီးဌာန၏ ၁၈-၁၂-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၄ ဖြင့် ထုတ်ပြန်သည့် ရှမ်းပြည်နယ်ကုန်တင်ကုန်ချ နည်းဥပဒေ ။

၅။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၏ ၂၃-၃-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၅ ဖြင့်





ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ(က)အရ လိုအပ်သည့် ကော်မတီများကို ဖွဲ့စည်း ဆောင်ရွက်နိုင်သည်ဟုဖော်ပြထားသည့်အတွက် ပထမပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့မှာ ဥပဒေပြုရေးဆိုင်ရာ ကော်မတီနဲ့ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကိုစတင်ဖွဲ့စည်းခဲ့ပါတယ်။ ၎င်းနောက်ထပ်မံ ဖွဲ့စည်းရာမှာတင်ပြထားတဲ့အတိုင်းကော်မတီ ၆ ခုနဲ့ ကော်မရှင်(၁)ခုတို့ကိုဖော်ပြပါလွှတ်တော်ကိုယ်စားလှယ် များနှင့် သင့်လျော်သောနိုင်ငံသားများဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ကော်မတီရဲ့ တာဝန်လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့်များကိုပါ သတ်မှတ်ပေး နိုင်ခဲ့ပါတယ်။ ဖွဲ့စည်းထားတဲ့ ဥပဒေနဲ့ပတ်သက်တဲ့ လေ့လာ သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်များအနက်အဖွဲ့ဝင် ၂ ဦးမှာ ဌာနတာဝန်ဖြင့်ပြောင်းရွှေ့သွားပြီးဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးများ ကျင်းပမှုအခြေအနေကိုနှစ်အလိုက်တင်ပြ ရမယ်ဆိုရင် လွှတ်တော် စတင်သည့် ၂၀၁၁ ခုနှစ်မှာ ၃ကြိမ်၊ ၂၀၁၂ ခုနှစ်မှာ ၄ ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ ၄ ကြိမ်၊ ၂၀၁၄ ခုနှစ်မှာ ၄ ကြိမ်၊ ၂၀၁၅ ခုနှစ်မှာနောက်ဆုံး ကျင်းပပြီးစီးတဲ့ အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) အထိ ၂ ကြိမ်၊ စုစုပေါင်း ၁၇ ကြိမ် ဖြစ်ပါတယ်။ ဒါကြောင့် ပုံမှန်အစည်းအဝေး စုစုပေါင်း ၁၂ ကြိမ်၊ အထူးအစည်းအဝေး ၃ ကြိမ်၊ အရေးပေါ် အစည်းအဝေး ၂ ကြိမ်ဖြစ်ပြီး အစည်းအဝေးကျင်းပသည့် နေ့ရက်နှင့် အစည်းအဝေးကြာမြင့်သည့်ရက်များကို ဇယားဖြင့် ဖော်ပြထား ပါတယ်။ နောက်ဆုံးကျင်းပတဲ့ အရေးပေါ်အစည်းအဝေး ( ၁/၂၀၁၅) အထိ လွှတ်တော်ကိုယ်စားလှယ် ၆၂ ဦးတို့က ကြယ်ပွင့်ပြမေးခွန်း များကို မေးမြန်းရာမှာ မေးမြန်းတဲ့ ကိုယ်စားလှယ်ဦးရေကို

ထုတ်ပြန်သည့် ရှမ်းပြည်နယ် သဘာဝ မြေသြဇာများ စနစ်တကျထုတ်လုပ် သုံးစွဲရေး နည်းဥပဒေ။

၆။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၃-၁၁-၂၀၁၅ ရက်စွဲဖြင့်ထုတ်ပြန်သည့် ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ နည်းဥပဒေ တို့ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်က လွှတ်တော်လုပ်ငန်း များ ဆောင်ရွက်ရာမှာ ပိုမိုထိရောက်အောင်မြင်စေရန် လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းအခါအားလျော်စွာ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ဆိုင်ရာအတွေ့အကြုံပိုမိုရရှိစေရန် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်ပြီးဖွဲ့စည်းထားသည့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့(MPU)တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးနှင့် (MPU)အစည်းအဝေးများသို့ ၂၀၁၁ ခုနှစ်မှ စတင်ပြီး တက်ရောက်လေ့လာခဲ့ပါတယ်။

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းအတွင်း ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များသို့အတူတကွသွားရောက်၍လည်းကောင်း၊ သီးခြားစီ သွားရောက်၍လည်းကောင်း၊ ကွင်းဆင်းပြီး ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် လူမှုရေးအဖွဲ့အစည်းများနှင့်





## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဒုတိယနေ့အစီအစဉ်ပြီးစီးကြောင်းနှင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့ သောကြာနေ့ မွန်းလွဲ(၁၅း၀၀)နာရီ အချိန်မှာ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ် ၇၄-၁/၂၀၁၅ ။ **“ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်ရသုံးခန့်မှန်းခြေငွေစာရင်း” အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၈) ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **“ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော ဌာန အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်ရသုံး ခန့်မှန်းခြေငွေစာရင်း”**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။





တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံပွဲများမှာ ရှမ်းပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနဲ့ ယနေ့နိုင်ငံတော်မှာ ဖြစ်ပေါ် ပြောင်းလဲ တိုးတက်တဲ့ အခြေအနေများကိုရှင်းလင်းတင်ပြနိုင်ခဲ့သလို ပြည်သူ့ အသံများကိုလည်း ကိုယ်တိုင် ကိုယ်ကျကြားသိခွင့်ရရှိခဲ့ပါတယ်။ အစီရင်ခံတဲ့ကာလအတွင်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်း နိုင်ခဲ့တဲ့အခြေအနေဖြစ်ပါတယ်။ မြို့နယ် ၅၀ အနက် ကွင်းဆင်းနိုင်ခဲ့တဲ့ မြို့နယ်ဟာ ၃၈ မြို့နယ်ဖြစ်ကြောင်း ဇယားနှင့် တကွဖော်ပြထားပါတယ်။

နိဂုံးချုပ်အားဖြင့် ကျန်ရှိတဲ့လွှတ်တော်သက်တမ်းအတွင်းမှာ ကျွန်တော်တို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဟာ ပြည်သူများရဲ့ဆန္ဒ ၊ ပြည်သူတို့ရဲ့လိုအပ်ချက်များနှင့် ထင်မြင် သုံးသပ်ချက်များကို ထင်ဟပ်တဲ့ ပြည်သူ့အသံများကို နက်ရှိုင်းစွာ သိရှိအောင်ကြိုးစားကြပြီး ပြည်သူ့ ကိုယ်စားလှယ်များပီပီ ဇွဲရှိရှိ ဆက်လက်ကြိုးပမ်းရဦးမှာဘဲဖြစ်ပါတယ်။ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် သက်တမ်း ၅ နှစ်တာကာလ အတွင်း ရှမ်းပြည်နယ် လွှတ်တော်ရဲ့ဆောင်ရွက်ချက်များဟာ ပြည့်ပြည့်စုံစုံ မဟုတ်တာ တောင်မှ ထိုက်သင့်တဲ့ အခြေအနေ၊ ထိုက်သင့်တဲ့ အဆင့်အတန်း ရောက်ရှိလာပြီလို့ပြောနိုင်မှာဖြစ် ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တစ်တွေဟာ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ တွေ့ဆုံကြပြီး ကျွန်တော်တို့ရဲ့ အသွင်သဏ္ဍာန်ရော အနှစ်သာရပါပြည့်စုံတဲ့ လုပ်ဆောင်ချက်များကို မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ပြောကြား ရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**ဆုံးဖြတ်ခြင်းအမှတ် ၇၅-၁/၂၀၁၅။ “ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက် ပိုးမွှားရောဂါ ကာကွယ်ရေးနှင့်နှိမ်နင်းရေးဥပဒေ (မူကြမ်း)”အား လွှတ်တော်မှ အတည်ပြုကြောင်းဆုံးဖြတ်ခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၈)ရက်(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ လ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် **“ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ် အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး ဥပဒေ (မူကြမ်း)”**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၇၆-၁/၂၀၁၅ ။ “ရှမ်းပြည်နယ်ယစ်မျိုးခွန် ဥပဒေ(မူကြမ်း)” အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၈)ရက်(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **“ရှမ်းပြည်နယ် ယစ်မျိုးခွန် ဥပဒေ(မူကြမ်း)”**ကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။



D/real(wide) (8



**မှတ်တမ်းတင်ခြင်းအမှတ် ၉၄-၁/၂၀၁၅ ။ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၉၅-၁/၂၀၁၅။ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော် အခကြေးငွေ (Royalty Fees) ကောက်ခံရေးဆိုင်ရာအမိန့်ကြော်ငြာစာအမှတ်၊ (၂၂/၂၀၁၅)အား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့၌ **“ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော်**

**အခကြေးငွေ (Royalty Fees)ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၅)"** အား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၉၆-၁/၂၀၁၅။ ၂၀၁၁-၂၀၁၂ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ထိ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဌာနလမ်း၊တံတား ရေပေးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေအား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့၌ **"၂၀၁၁-၂၀၁၂ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်ထိ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဌာနလမ်း ၊တံတား၊ ရေပေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ"**အား မှတ်တမ်းတင်သည်။





**ဆုံးဖြတ်ခြင်းအမှတ် ၇၇-၁/၂၀၁၅။ "ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေးဥပဒေ (မူကြမ်း)"အားလွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၈)ရက်(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒုတိယနေ့၌ **"ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေး ဥပဒေ(မူကြမ်း)"**အား လွှတ်တော်မှ အတည်ပြုကြောင်းဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၉၃-၁/၂၀၁၅။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၉ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၉၇-၁/၂၀၁၅။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အစီရင်ခံစာအားမှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့၌ **“ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အစီရင်ခံစာ”** အား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၉၈-၁/၂၀၁၅။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၉ ဦး ရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦးရှိ၍ ခွင့်မဲ့ ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။



D/real(wide) (8



**လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

**အမှတ် ၅၁-၁/၂၀၁၅။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော်အခကြေးငွေ ( Royalty Fees ) ကောက်ခံရေး ဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၁၅ အား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့၌ **“ရှမ်းပြည်နယ်အစိုးရအဖွဲ့မှဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော် အခကြေးငွေ(Royalty Fees ) ကောက်ခံရေးဆိုင်ရာအမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၁၅”** အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၅၂-၁/၂၀၁၅။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အစီရင်ခံစာအားလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၇ ခုနှစ်၊တန်ဆောင်မုန်းလဆုတ် ၇ ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့၌ **“ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာ”**အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၅၃-၁/၂၀၁၅။ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၏ စိစစ်ပြီးသောစာချုပ်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက် (၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင်ကျင်းပသည့် ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **“ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးက စိစစ်ပြီးသော စာချုပ်များ”**အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၅၄-၁/၂၀၁၅။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ထိ ဆောင်ရွက်ပြီးစီးမှုအခြေအနေအားလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ **“ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ်စီမံကိန်း၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ထိ ဆောင်ရွက် ပြီးစီးမှု အခြေအနေ”**အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။





**မှတ်တမ်းတင်ခြင်းအမှတ် ၉၉-၁/၂၀၁၅။ ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ် စီမံကိန်း ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ထိ ဆောင်ရွက်ပြီးစီးမှု အခြေအနေအား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒုတိယနေ့၌ **“ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ် စီမံကိန်း ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ထိဆောင်ရွက်ပြီးစီးမှု အခြေအနေ”** အား မှတ်တမ်းတင်သည်။

## ဥပဒေထုတ်ပြန်ခြင်း

### ဥပဒေအမှတ် ၄-၁/၂၀၁၅။ ရှမ်းပြည်နယ်အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေးဥပဒေ(မူကြမ်း)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ် အပင်နှင့်သီးနှံဖျက် ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေ(မူကြမ်း)အား အတည်ပြု ချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် (၄/၂၀၁၅)အဖြစ် (၁၈-၁၂-၂၀၁၅ )ရက်နေ့တွင်ထုတ်ပြန်သည်။

### ဥပဒေအမှတ် ၅-၁/၂၀၁၅။ ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)အား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် ( ၅/၂၀၁၅ )အဖြစ် ထုတ်ပြန်သည်။







D/real(wide) (8

**ဥပဒေအမှတ် ၆-၁/၂၀၁၅။ ရှမ်းပြည်နယ် တိရစ္ဆာန် မွေးမြူရေး နှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ (မူကြမ်း)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ် တိရစ္ဆာန် မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး ဥပဒေ (မူကြမ်း)အား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် ( ၆/၂၀၁၅ )အဖြစ်(၁၇-၁၂-၂၀၁၅) ရက်နေ့တွင်ထုတ်ပြန်သည်။





D/real(wide) (8

D/real(wide) (8

D/real(wide) (9